Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

(ကောင်းကင်ပြင်ပ)

Book.59(1018-1032)
အစုလိုက်အပြုံလိုက်သတ်ဖြတ်ပြီ

၁၀၁၈

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၁၈ - တာအိုအမိန့်ချပြီ

ဤ၁တစ်ကြိမ်မှာတော့ ယန်ယဲ့သည်
အတော်လေး အကျိုးအမြတ်ရခဲ့၏။
အနီရောင်ဝတ်လူ၏ သိုလှောင်လက်စွပ်ထဲမှာ
အဆင့်လွန်စွမ်းအင်ကျောက်တုံး ၁၀,၀၀၀
ကျော်ပင် ရှိခဲ့သည်။ လျှူရှား ထံမှ ရလိုက်သော
အဆင့်လွန်စွမ်းအင်ကျောက်တုံးများနှင့်
ဆိုပါက လက်ရှိ သူ့တွင်
အဆင့်လွန်စွမ်းအင်ကျောက်တုံး ၂၀,၀၀၀
နီးပါးရှိနေပြီဖြစ်သည်။

ထို့နောက်တွင် ယန်ယဲ့သည်
အရှုးတစ်ယောက်လိုမျိုး

စွမ်းအင်ကျောက်တုံးများကို မပြတ်
စုပ်ယူလိုက်ပါသည်။ ယခုအချိန်တွင်
သူ့အခြေအနေက အတော်လေး
ဆိုးရွားနေပြီဖြစ်သည်။ သူက
အသက်ရှင်ဖို့အတွက် သိုင်းဧကရာဇ်အဆင့်
တက်လှမ်းနိုင်မှသာ အခွင့်အရေးရှိနိုင်ပေမည်။

ဖန်လီက ယန်ယဲ့တစ်ယောက်
အဆင့်လွန်စွမ်းအင်ကျောက်တုံးများ
မပြတ်ဝါးစားနေကြောင်း မြင်လိုက်ရာ
သူလေ့ကျင့်နေမှန်း သိလိုက်သည်။ ထို့နောက်
သူမ ဘေးနားတွင်

ငြိမ်ငြိမ်လေးအိပ်ပျော်နေသော ဖန်မုန့်၏ ဘေး၌ ထိုင်ချလိုက်သည်။ ဖန်လီက မျက်နှာတွင် ဝမ်းနည်းသည့် အရိပ်အယောင်အနည်းငယ် ပေါ်လာသော်လည်း အမြန်ဖျောက်ပြီး ဖန်မုန့်၏ဆံပင်များကို ညင်သာစွာ ပွတ်သပ်ပေးလိုက်သည်။ ယန်ယဲ့သည် တာအိုအမိန့်တော်၏ အနီရောင်ဝတ်လူကို သတ်လိုက်သည့်နောက်တွင် သတ်ဖြတ်ခြင်းက အစပင်ရှိသေးကြောင်း သူမ သိလိုက်သည်။

…

တာအိုအမိန့်တော်....."

တာအိုအမိန့်တော် က တပည့်၂ယောက်ကို ဆက်တိုက် ဆုံးရှုံးခဲ့ပြီး ငရဲခေါင်းတလား ပင်လျှင်ဖျက်ဆီးခံခဲ့ရသည်။ ပင်လယ်လှိုင်းစီးရင်စုဥ္ဇ ဤသို့သော အဖြစ်အပျက်မျိုး တစ်ခါမျှ မဖြစ်ပွားခဲ့ပေ။ အထူးသဖြင့် ယခုအချိန်တွင် တာအိုအမိန့်တော်၏ တပည့်၂ယောက်ကို သတ်လိုက်သူက ရှေးဟောင်းဓားကျောင်းတော်၏

ချီးမြှောက်ခြင်းနယ်ပယ်အဆင့်

ဓားပညာရှင်တစ်ဦးသာ ဖြစ်ခဲ့သည်။

ထို့အပြင် ထိုဓားပညာရှင်က

တာအိုအမိန့်တော်၏ ငရဲခေါင်းတလား ကိုပင်

ဖျက်ဆီးပစ်ခဲ့သည်။ ထိုအရာက

တာအိုအမိန့်တော်ကို သည်းခံနိုင်စွမ်း

လုံးဝကင်းမဲ့သွားစေသည်။

ထိုအဖြစ်အပျက်ဟာ ရှေးဓားကျောင်းတော်က

တာအိုအမိန့်တော်အား

ပေါ်တင်ပဲမျက်နှာဖြတ်ရိုက်သကဲ့သို့ပင်မဟုတ်

ပါလား။ ထိုသတင်းကြောင့်

တာအိုအမိန့်တော်၏

အထက်အာဏာပိုင်အချို့ပင်လျှင် ထိတ်လန့်သွားကြသည်။

သို့သော်လည်း တာအိုအမိန့်တော်က ၎င်းတို့၏ အဆင့်မြင့်ပညာရှင်များကို ချက်ချင်းမစေလွှတ်ခဲ့ပေ။ အကြောင်းအရင်းမှာ ယန်ယဲ့ကို သတ်ဖို့ သူတော်စင်တစ်ပိုင်းအဆင့်ကို စေလွှတ်ပါက တာအိုအမိန့်တော်ဟာ ယန်ယဲ့ကို သတ်နိုင်လျှင်ပင် ၎င်း၏ဂုဏ်သတင်း ဆုံးရှုံးသွားမည်ဖြစ်သည်။ ထိုအချက်ကြောင့်ပင်

တာအိုအမိန့်တော်က ခြွင်းချက်တစ်ခုနှင့်အတူ
အမိန့်စာလွှာ ထုတ်ပြန်ခဲ့သည်။

အမိန့်စာလွှာ ထုတ်ပြန်ပြီးသည်နှင့်
တာအိုအမိန့်တော်၏
ချီးမြှောက်ခြင်းနယ်ပယ်အဆင့် တပည့်တိုင်းက
ယန်ယွဲ့ကို သတ်ဖို့ ဂိုဏ်းကနေ
ထွက်ခွာလာကြတော့သည်။

တစ်ချိန်တည်းတွင်
ရှေးဟောင်းဓားကျောင်းတော်ကလည်း
ငြိမ်ခံမနေဘဲ စတင်၍ လှုပ်ရှားခဲ့သည်။ ၎င်း၏

တပည့်တစ်ဦးက တာအိုအမိန့်တော်မှ
အဖွဲ့ဝင်များကို သတ်ခဲ့ကြောင်း သိရှိပြီးနောက်
ကျောင်းတော်၏ အထက်အာဏာပိုင်များ
အားလုံး တုန်လှုပ်ခြောက်ခြားသွားခဲ့ကြသည်။
နောက်ဆုံးတွင် ဒီအရာက ဒါက
အသေးအဖွဲ့ကိစ္စမဟုတ်ပါ။ အကယ်၍
ပလက်တီနမ်အဆင့် မဟာဂိုဏ်း ၂ ခုသာ
"မရဏစစ်ပွဲ" ( သေခြင်း၊ ရှင်ခြင်း) ဆင်နွှဲပါက
တတိယလူသာလျှင် အကျိုးရှိသွားနိုင်သည်။

ထို့ကြောင့် ရှေးဟောင်းဓားကျောင်းတော်၏
အထက်အာဏာပိုင်များက ယန်ယဲ့ ဟုခေါ်သော

ထိုတပည့်အား

ရှေးဟောင်းဓားကျောင်းတော်သို့

ပြန်ခေါ်လာရန်

ချက်ချင်း အမိန့်ပေးလိုက်ကြသည်။ ထို့အပြင်

နောက်တစ်ချက်မှာ သူတို့၏

ရှေးဟောင်းဓားကျောင်းတော်၌ ဤတပည့်မျိုး

မရှိကြောင်း သတိထားမိခဲ့လေသည်။

သို့သော်လည်း တာအိုသခင်ဂူ၏

တပည့်အသစ်ဟု ကောလဟာလများ ထွက်ပေါ်

နေသဖြင့် အဆင့်မြင့်အာဏာပိုင်းများလည်း

ရွေးချယ်စရာမရှိတော့ချေ။

.....

"အဲဒီတောင်တန်းကိုဖြတ်ပြီးတာနဲ့ ငါတို့
ကောင်းကင်ကြယ်မြို့ကို ရောက်ပြီ။" ဖန်လီက
မီတာ ရာအနည်းငယ်အဝေးမှ
မိုးထိမတတ်မြင့်မားသော တောင်တန်းဆီသို့
ညွှန်ပြလိုက်ရင်း သူမ၏ မျက်နှာပေါ်တွင်
အပြုံးအရိပ်အယောင်များ ပေါ်လာသည်။

ဖန်လီ၏ ဘေးမှာထိုင်နေသည့် ယန်ယဲ့က
မျက်မှောင်ကြုတ်ပြီး အသံတိုးတိုးနှင့်ပြောရင်း
တောင်တန်းကို စိုက်ကြည့်လိုက်သည်။ “ဒါက

ဘယ်လိုတောင်တန်းလဲ။ အဲဒီမှာ နတ်ဆိုး ဗိုလ်ချုပ်တွေ ရှိလား။"

"နတ်ဆိုးဗိုလ်ချုပ်လား?" ဖန်လီက ခေါင်းခါလိုက်သည်။ သူမက “အဲဒါကို အစိမ်းရောင်မြစ်တောင်တန်း  လို့ခေါ်တယ်။ အဲဒီမှာ နတ်ဆိုးသားရဲတွေ ရှိတယ်၊ ဒါပေမဲ့ အဲဒီမှာ နေနေတဲ့ နတ်ဆိုးဗိုလ်ချုပ် ဆိုတာ တစ်ခါမှ မကြားဖူးဘူး။ ဘာလို့လဲ? တစ်ခုခုများ ထူးဆန်းနေလို့လား။"

ယန်ယဲ့က "ဒီတောင်တန်းကို
လှည့်ပတ်သွားမယ်ဆိုရင်ကော....၊
ကောင်းကင်ကြယ်မြို့ကိုရောက်ဖို့
ဘယ်လောက်ကြာမလဲ"

ဖန်လီ၏မျက်နှာသည် ရုတ်တရက်
ပြောင်းလဲသွားပြီး ခဏကြာလေးလေးနက်နက်
စဉ်းစားရင်း "အနည်းဆုံးတော့ အချိန်က
အခုထက် နှစ်ဆလောက်တော့ ကြာလိမ့်မယ်။
အန္တရာယ်ရှိတယ်လို့ နင်ထင်ရင် ငါတို့
လှည့်ပတ်ပြီးသွားလို့ရတယ်။"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး "ဒါက
အချိန်အများကြီးကုန်လိမ့်မယ်။ ငါတို့
ဒီတောင်တန်းကိုပဲ ဖြတ်သွားမယ်။"

ဖန်လီက "တကယ် အဆင်ပြေရဲ့လား" ဟု
တိုးတိုးလေး မေးခဲ့သည်။

ယန်ယဲ့က ပြုံးပြီး ပြန်ပြောလိုက်၏ "ဒီမှာ
အန္တရာယ်ရှိတဲ့ ခံစားချက်ကို ငါခံစားမိလို့။
ဒါပေမဲ့ ငါမေးတဲ့ အကြောင်းရင်းက
ကြောက်လို့ မဟုတ်ဘူး၊ ဒီထက်ပိုမြန်မဲ့
လမ်းကြောင်း ရှိမရှိ သိချင်လို့ပဲ"

ဆန်းကြယ်တိုက်ကြီးကို ဖျက်ဆီးခဲ့သည့်
ကောင်းကင်တာအိုမျက်လုံးကိုပင်
ဆန့်ကျင်တိုက်ခိုက်လာသည်ဖြစ်ရာ
သူ့အနေဖြင့် သိုင်းသူတော်စင်များ ဖြစ်
နေလျှင်ပင် သိပ်ပြီးကြောက်နေမှာမဟုတ်ပေ။

သူက သိုင်းသူတော်စင်များကို
အထင်အမြင်သေးတာမျိုးမဟုတ်ပါ။
ကမ္ဘာဖျက်ကပ်ဘေးကို ရင်ဆိုင်ပြီးနောက်တွင်
သူ့စိတ်ထဲ ကြောက်ရွံ့မှုကို
နှိုးဆွပေးနိုင်သည့်အရာများက
အနည်းငယ်မျှသာ ရှိတော့၏။

သူသည် သိုင်းသူတော်စင်များကို
အနိုင်မယူနိုင်သော် လည်း ၎င်းတို့ကို
လုံးဝကြောက်ရွံ့မနေပေ။

ဖန်လီသည် ထိုစကားကိုကြားသောအခါ
ယန်ယဲ့ကို စိုက်ကြည့်ကာ ခေါင်းညိတ်လိုက်၏။

"ယန်ယဲ့!"ထိုအချိန်တွင် ဖန်မုန့်က
ရထားလုံးအတွင်းမှ ရုတ်တရက် ထွက်လာပြီး
ယန်ယဲ့၏ဘယ်ဖက်တွင် ဝင်ထိုင်လိုက်သည်။
တစ်ချိန်တည်းမှာပင် သူမက
ယန်ယဲ့၏လက်မောင်းကို

အသာဆွဲတင်လိုက်ပြီး "ငါတို့သေမယ်လို့
နင်ထင်နေတာလား" ဟု
တိုးတိုးလေးပြောလိုက်ပါသည်။

ယန်ယဲ့ က ပြုံးပြီး "မင်းသေမှာကို
ကြောက်နေတာလား။"

"အရင်က အရမ်းကြောက်ခဲ့တယ်!" ဖန်မုန့်က
ခေါင်းငုံ့ကာ တိုးတိုးလေးပြောလိုက်သည်။
“အခုတော့ ငါမကြောက်တော့ဘူး။
ဘာလို့လဲဆိုတော့ နင်က ငါနဲ့
အတူရှိနေတာလေ။"

ယန်ယဲ့က အတော်လေး သိချင်သွားမိသည်။
"ဘာလို့လဲ"

ဖန်မုန့်က သူ့ကို မော့ကြည့်ရင်း ခေါင်းကို မော့လိုက်ပြီး သူမက “မသိဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် နှင့်အနားမှာရှိတဲ့အခါ အထူးသဖြင့် လုံခြုံတယ်လို့ ခံစားရတယ်။”

ယန်ယဲ့က သူမခေါင်းကို ပွတ်လိုက်ပြီး “စိတ်မပူပါနဲ့။ ငါတို့သေမှာမဟုတ်ဘူး။"

ဖန်မုန့်က ခေါင်းညိတ်ပြီး "ယန်ယဲ့နင့်ရဲ့အတိတ်အကြောင်း ငါ့ကို ပြောပြပေးနိုင်မလား?"

ဖန်လီ လည်း ယန်ယဲ့၏ အတိတ်ဇာတ်လမ်းကို သိချင်နေသောကြောင့် ယန်ယဲ့ကို စူးစိုက်ကြည့်လိုက်လေသည်။

"လူကောင်းတစ်ယောက်ဟာ သူ့ရဲ့အတိတ်ဇာတ်လမ်းကို ဘယ်တော့မှ မပြောဘူး။ ပြောစရာမရှိဘူး!" ယန်ယဲ့က ပြုံးလိုက်သည်။

"ငါ့ကိုပြောပြလေ..." ဖန်မုန့်က သူ့လက်ကို ခါယမ်းပြီး ကလေးတစ်ယောက်လို ပြုမူလိုက်ကာ "ငါတို့ ဒီအခြေအနေမှာ အချိန်မရွေးသေသွားနိုင်တယ်။ နင်ဘယ်သူလဲဆိုတာမသိဘဲ ငါမသေချင်ဘူး။ "

ယန်ယဲ့သည် သူမ၏ခေါင်းကို ကြင်နာစွာဖြင့် ပွတ်သပ်လိုက်ပြီး "အဲဒါကြောင့်မို့လို့ ငါကြွားလုံးထုတ်တော့မယ်။"

ထိုစကားပြောလိုက်ရင်း ယန်ယွဲ့ဟာ အဝေးဆီသို့ အကြည့်ရောက်သွားသည်။ သူက ဟိုဟိုဒီဒီ ငေးကြည့်ရင်း မျက်လုံးထဲတွင် အုံ့မှိုင်းနေသောအမူအရာများ ပေါ်လာပြီး "အရင်တုန်းက လူတော်တော်များများက ငါ့ကို ကြောက်ကြတယ်။ ဒါ့အပြင် အားလုံးက ငါ့ကို ဓားနတ်ဆိုး လို့အမည်ပေးထားကြတယ်။ ဘာလို့လဲဆိုတော့ အဲဒီအချိန်တုန်းက ငါရှူးသွားတဲ့အခါတိုင်း ကမ္ဘာတစ်ခုလုံး တုန်လှုပ်သွားအောင် သတ်ပစ်လို့ပဲ။"

"ကမ္ဘာကြီးတစ်ခုလုံးတောင်
တုန်လှုပ်သွားလိမ့်မယ်" ဖန်မုန့်က
မျက်တောင်ခတ်လိုက်ပြီး “တကယ်လား”

ဖန်လီက ခေါင်းကို အနည်းငယ်ခါယမ်းကာ
ဖန်မုန့်ကို စိုက်ကြည့်ရင်း မျက်လုံးထဲတွင်
အကူအညီမဲ့အရိပ်အယောင်များ ရှိနေသည်။
သူမ၏ ညီမလေးက
ထိုလူ၏အခိုပ်ပွာယ်မဲ့စကားကို ယုံနေသည်လား။

"ဒါအမှန်လား ငါတကယ်သိချင်မိတယ်!"
ရထားလုံးနှင့် မနီးမဝေးတွင် ရုတ်တရက်

ပုံရိပ်တစ်ခုပေါ်လာသည်။ ထိုပုံရိပ်ပေါ်လာသည်နှင့် နတ်ဆိုးမြင်း ၄ ကောင်လုံးကြောက်လန့်တကြား ဟီလိုက်ရာပတ်ဝန်းကျင်လေထုသည်ပင် အဆက်မပြတ်တုန်ခါသွားပါတော့သည်။

အနက်ရောင်အရိပ်တစ်ခုပါ။ အနက်ရောင်အရိပ်က အေးခဲနေသောရေခဲနက်တောင်ထိပ်ကြီးတစ်ခုအလားခိုင်မာစွာ ရပ်နေခဲ့သည်။

“နောက်ဆုံးတော့ မင်း ကိုယ့်ကိုကိုယ် ဆက်ပြီး ဖုံးကွယ်မထားနိုင်တော့ဘူးလား။ အခုတော့ ကိုယ်ထင်ပြလာပြီပေါ့လေ။ ငါတကယ်ကို သိချင်နေတယ်။ မင်းက ဘယ်လိုကြောင့် ကိုယ်တိုင်မတိုက်ခိုက်ရတာလဲ။ ငါမင်းကိုဒီလိုလုပ်ဖို့စောင့်နေခဲ့တာ!"

ယန်ယွဲ့သည် အနက်ရောင်အရိပ်ကို သဘာဝအတိုင်း မှတ်မိသည်။ ထိုအနက်ရောင်ဝတ်အမျိုးသမီးက တာအိုအမိန့်တော်၏ ယင်ရှာ ဟုခေါ်သော ကမ္ဘာ့တာအိုအဖွဲ့ဝင် ဖြစ်သည်။

သူမက “အံ့ဩစရာကောင်းတဲ့ တိုက်ခိုက်မှုတစ်ခုလား? ဒါ နင်လိုချင်တာမျိုး အတိအကျတော့ မဟုတ်ဘူးမလား။"

ယန်ယဲ့က ဖြည်းညှင်းစွာထရပ်လိုက်ပြီး ရထားလုံးပေါ်မှ ခုန်ဆင်းကာ သူမဆီသို့ လျှောက်သွားလိုက်သည်။ "ငါ အခုလက်ရှိအခြေအနေအရ မင်းထွက်ပြေးရင် မင်းကို ငါသတ်နိုင်မှာမဟုတ်ဘူး။ ဒါပေမဲ့ မင်းငါ့ကိုတိုက်ရင် မင်းသေမှာသေချာတယ်။ ငါပြောတာယုံလား"

အနက်ရောင်ဝတ်အမျိုးသမီးက

အသံတိုးတိုးဖြင့်ပြောလိုက်သည်

“ဓားစိတ်ဆန္ဒကို နားမလည်ပေမဲ့

ဓားစိတ်ဆန္ဒပိုင်ဆိုင်တဲ့

ဓားသမားတွေထက်တောင် ပိုသန်မာတယ်။

ဒါ့အပြင် နင်က ရှေးဟောင်းဓားကျောင်းတော်ရဲ့

ချီးမြှောက်ခြင်းနယ်ပယ်အဆင့် မဟာပါရမီရှင်

၃ ယောက်ထဲက တစ်ယောက်မဟုတ်ဘူး။ ဒါဆို

နင်က ဘယ်သူလဲ !”

ယန်ယဲ့က သူမ ရှေ့တွင် ရပ်လိုက်ပြီး "ငါ ဘယ်သူလဲလို့ မင်းကိုပြောလိုက်ရင် တာအိုအမိန့်တော်က ရပ်သွားမလား။"

"မဖြစ်နိုင်ဘူး!" အနက်ဝတ်အမျိုးသမီးက ဆက်ပြောသည်။ "နင်က ငါတို့ရဲ့ ငရဲခေါင်းတလားကို ဖျက်ဆီးပစ်ခဲ့တာ။ ဒါ့ကြောင့် ရှေးဟောင်းဓားကျောင်းတော်ရဲ့ ဓားသခင်ကိုယ်တိုင် ရှေ့ထွက်လာတာတောင် မဖြေရှင်းနိုင်ခဲ့ဘူး။ အဲဒါကြောင့် ငါ အရမ်းသိချင်မိတယ်။ နင့်မှာ ဒီလိုလုပ်ဖို့ သတ္တိတွေ ဘယ်ကလာတာလဲဆိုတာ

ငါသိချင်တယ်။ နှင် ငါပြောတာကို ယုံပါ့မလား၊ ရှေးဟောင်းဓားကျောင်းတော်ရဲ့မဟာပါရမီရှင် ၃ ယောက်တောင်မှ ဒီလိုလုပ်ဝံ့မှာ မဟုတ်ဘူး။”

ယန်ယဲ့က " တကယ်လို့ ငါသာ မဖျက်ဆီးရင် အခုအချိန်လောက်ဆို ငရဲခေါင်းတလားထဲမှာ ဝင်အိပ်နေရလောက်ပြီလေ။
ဟုတ်တယ်မလား...."

"နှင့်မှာ တကယ်ပဲဘောတွေရှိတယ်!"
အနက်ရောင်ဝတ်အမျိုးသမီးက
လေးနက်နေသံဖြင့် ပြောလိုက်၏။

"နင်က ငါမြင်ဖူးတဲ့ ယောကျ်ားတွေထက် အများကြီးသာတယ်။ ငါ နင့်ကို အနိုင်မယူနိုင်လို့ နင်နဲ့ အချိန်မဖြုန်းဘူး။ ဒါပေမဲ့ ငါ့ရဲ့တာအိုအမိန့်တော်က ပညာရှင်တွေကို ဒီကိုရောက်လာပြီ။ သူတို့ကပဲ နင်နဲ့ ရင်ဆိုင်လိမ့်မယ်။ စိတ်မပူပါနဲ့ …၊ လျူရှား နဲ့ တခြားလူနှစ်ယောက်လုံး နင့်ရဲ့တိုက်ခိုက်မှုတစ်ခုတည်းနဲ့ သေသွားရတယ်ဆိုတော့ တာအိုအမိန့်တော်က နင့်ကို အရေအတွက်တွေ သုံးမှာမဟုတ်ဘူး။ စောင့်ကြည့်ပါ၊ ငါ့ရဲ့တာအိုအမိန့်တော်က ရှေးဟောင်းဓားကျောင်းတော်

ထက်မနိမ့်ကျဘူးဆိုတာ မကြာခင်မှာ ထင်းရှူးစီရင်စုတစ်ခုလုံး သိသွားလိမ့်မယ်။"

၁၀၁၉

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၁၉ - အစိမ်းရောင်မြစ်တောင်တန်းမှ အန္တရာယ်

ထိုစကားကိုကြားသည့်အခါတွင် ယန်ယဲ့က ခေါင်းညိတ်ကာ ပြန်ပြောလိုက်၏

"ဖြစ်နိုင်ပါတယ်။ တာအိုအမိန့်တော် က မျှော်လင့်ထားသလိုပဲ၊ ဒီလိုနည်းလမ်းတွေကို ငါတကယ်လေးစားတယ်"

အမှန်တော့ တာအိုအမိန့်တော်၏ တပည့်များသာ သူ့ကို ဝိုင်းရံထားပါက ဘာဆက်ဖြစ်မည်ကို ခန့်မှန်းနေစရာမလိုပေ။ ထိုအချိန်တွင် သူက ရောင်စုံစပါးအုံး ၂ ကောင်အား အကူအညီတောင်းဖို့ကလွဲပြီး ၎င်းတို့အား ကိုင်တွယ်ဖြေရှင်းရန် အခြားနည်းလမ်းမရှိပေ။သို့သော်လည်း တာအိုအမိန့်တော်က

သူတို့၏ဂုဏ်အသရေအတွက်
ထည့်သွင်းစဉ်းစားခဲ့သည်။ သူတို့က
အရေအတွက်အားသာချက်ကို
အသုံးမပြုဘဲနေမည်ဟု သူ့စိတ်ထဲ၌ပင်
တစ်ခါမျှ မထင်ထားခဲ့ပေ။

သေချာသည့်အရာတစ်ခုက သူ့အတွက်
အလွန်ကောင်းသည့်
နည်းလမ်းတစ်ခုပင်ဖြစ်သည်။

"တစ်ယောက်ချင်း တိုက်ပွဲ၊ " အထူးသဖြင့်
အဆင့်တူပညာရှင်နှင့်

တစ်ယောက်ချင်းတိုက်ပွဲမှာ ယန်ယွဲ့ဟာ မည်သူ့ကိုမျှ မကြောက်ခဲ့ပေ။

“ရှေးဟောင်းဓားကျောင်းတော်က မလှုပ်ရှားရင် နင် သေချာပေါက် သေရလိမ့်မယ်။ ဒါပေမဲ့ အဲ့နည်းလမ်းသာသုံးရင် ရှေးဟောင်းဓား ကျောင်းတော်က ငါ့တာအိုအမိန့်တော်ကို စစ်ကြေညာမှာပဲလေ။ အဲဒီအချိန်ကျရင် နင်တစ်ယောက်ထဲတင် ခံရမှာ မဟုတ်ဘူး။"
စကားပြောပြီးသည်နှင့်
အနက်ရောင်ဝတ်အမျိုးသမီးက

တစ်ချက်တုန်ခါသွားပြီး နေရာမှာပင် ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့သည် အချိန်ဖြုန်းမနေဘဲ နောက်လှည့်ကာ ရထားလုံး ဆီသို့ ချက်ချင်းပြန်သွားတော့သည်။ သူက " ရထားလုံးကို အရှိန်မြှင့်မယ်....."

တာအိုအမိန့်တော်မှ ရောက်လာမည့် တပည့်များက အစွမ်းထက်ပညာရှင်များ ဖြစ်ကြောင်း သူ သေချာပေါက် သိနေပါသည်။ သူတစ်ယောက်တည်း ရှိနေလျှင် ၎င်းတို့ကို

မကြောက်သော်လည်း ယခုသူက ဖန်လီ၊ ဖန်မုန့် တို့ကို ကာကွယ်ပေးနေရ၏။ ထို့ကြောင့် သူက မိန်းကလေးနှစ်ယောက်အား တတ်နိုင်သမျှလုံခြုံသည့်နေရာကို ခေါ်သွားရပေမည်။

ဖန်လီက အခြေအနေ မည်မျှပြင်းထန်သည်ကို သဘောပေါက်ခဲ့သည်။ သူမသည် အဆင့်လွန်စွမ်းအင်ကျောက်တုံး ရာနီးပါးကို ထုတ်ကာ နတ်ဆိုးမြင်း ၄ ကောင်ဆီ ချက်ချင်းပစ်ချလိုက်သည်။နတ်ဆိုးမြင်း ၄ ကောင်က

အဆင့်လွန်စွမ်းအင်ကျောက်တုံးများကို
စားပြီးသည်နှင့် ရုတ်တရက် အရှိန်မြင့်လာက
ရထားလုံးက နောက်တစ်ကြိမ်
ပြေးထွက်သွားခဲ့သည်။

ဤတစ်ကြိမ်တွင်မူ ယန်ယဲ့သည်
ရထားလုံးထဲသို့ ဝင်ထိုင်မနေခဲ့ပေ။
ရှေးဟောင်းနတ်ဓားကို ဆုပ်ကိုင်ရင်း
ရထားလုံးခေါင်မိုးပေါ်သို့ ခုန်တက်သွားသည်။

အချိန်အတော်ကြာပြီးနောက် သူတို့က အစိမ်းရောင်မြစ်တောင်တန်း သို့ ရောက်လာခဲ့ကြသည်။

ဝူး....ဝူး!

ရှတ်တရက်ဆိုသလိုပင် နတ်ဆိုးမြင်း ၄ ကောင်က ခေါင်းကိုမော့ကာ ဟီလိုက်ကြ၏။ ထို့နောက်တွင်တော့ အလွန်ကြောက်စရာကောင်းသော တစ်စုံတစ်ခုကို ရင်ဆိုင်ရသည့်အလား နေရာမှာပင် ရှုးသွပ်စွာ ဟီလိုက်ပါတော့သည်။

ဖန်လီ နှင့် ဖန်မုန့်တို့လည်း
မျက်နှာအမူအရာများ ပျက်ယွင်းသွားကာ
ယန်ယဲ့ဆီသို့ တပြိုင်နက်
အကြည့်ရောက်သွားကြသည်။ ထိုအချိန်တွင်
ယန်ယဲ့၏ပုံရိပ်က တဖျပ်ဖျပ်တောက်ပလာပြီး
နတ်ဆိုးမြင်း၏ ကျောပေါ် ခုန်တက်သွားကာ
သူ့ညာလက်ကို ၎င်းအပေါ်တင်လိုက်သည်။
သူ၏ ဆန်းကြယ်ချီစွမ်းအင်များက
နတ်ဆိုးမြင်း၏ခန္ဓာကိုယ်ထဲသို့ စီးဝင်သွားကာ
ခဏအကြာတွင် နတ်ဆိုးမြင်းက
ငြိမ်သက်သွားပါတော့သည်။

ဒုန်း....ဒုန်း.....ခွပ်.....ခလွပ်!

ရုတ်တရက် မြေပြင်တစ်ခုလုံး ပြင်းထန်စွာ
လှုပ်ခတ်သွားပါတော့သည်။

ဖန်လီ နှင့် ဖန်မုန့် တို့နှစ်ယောက်လုံး
ခန္ဓာကိုယ်များ တုန်ယင်နေကြသည်။
သူတို့ရှေ့ကို မျှော်ကြည့်လိုက်ရင်း
မြင်လိုက်ရသော မြင်ကွင်းကြောင့် မျက်နှာများ
သွေးဆုတ်ဖြူရော်သွားတော့သည်။

အဝေးကနေ နတ်ဆိုးမြင်း အကောင်ပေါင်း ၁၀,၀၀၀ ကျော် ရှူးသွပ်စွာ ပြေးလွှားလာနေကြခြင်းပင်။ ထိုမြင်ကွင်းမျိုးက မည်မျှထိ ကြောက်စရာကောင်းသည်ကို ခန့်မှန်းနေစရာပင်မလိုပါ။ နတ်ဆိုးမြင်း ၁၀,၀၀၀ ကျော်ထံမှ ထွက်ပေါ်လာသည့် အရှိန်အဝါသည်ပင် ချီးမြှောက်ခြင်းနယ်ပယ်အထွတ်အထိပ်ပညာရှင်ကို ထိတ်လန့်ဖို့ လုံလောက်ပါသည်။

ယန်ယွဲ့၏ မျက်လုံးထဲ၌ ရက်စက်သောအမူအရာများ ပေါ်လာပြီး

ရှေးဟောင်းနတ်ဓားကို ဆုပ်ကိုင်လျက်
နတ်ဆိုးမြင်း ၁၀,၀၀၀ ကျော် ဆီသို့
တစ်လှမ်းချင်းလျှောက်သွားခဲ့သည်။

ဖန်လီ နှင့် ဖန်မုန့် တို့လည်း ဤမြင်ကွင်းကြောင့်
အံ့အားသင့်သွားကြသည်။ ဖန်မုန့်က ယန်ယဲ့
လုပ်ဆောင်နေသည်ကို မြင်လိုက်သည့်အခါ
တိုက်ခိုက်ရန်ပြင်လိုက်၏။ သို့သော်လည်း
ဖန်လီက သူမကို အတင်းဆွဲကာ
တားထားလိုက်သည်။ ဖန်လီက
ညီမဖြစ်သူကိုတင်းတင်းကြပ်ကြပ်ဖက်ပြီး

"မုန့်အာ! မလုပ်နဲ့... ဟိုကိုမသွားနဲ့။ ငါတို့က သူ့အတွက် ဝန်ထုပ်ဝန်ပိုးပဲဖြစ်လိမ့်မယ်!”

ယန်ယွဲ့ နှင့် နတ်ဆိုးမြင်းအုပ်ကြားမှ အကွာအဝေးက တဖြည်းဖြည်း ကျဉ်းမြောင်းလာပြီး လက်ရှိ မီတာ ၁၀၀ ဝန်းကျင်လောက်သာ ရှိတော့သည်။

ရုတ်တရက် ယန်ယွဲ့၏ပုံရိပ်က တောက်ပလာပြီး နေရာမှာပင် ပျောက်ကွယ် သွားသည်။

ခွပ်....ခလွပ်!

သူပျောက်ကွယ်သွားသည်နှင့် တပြိုင်နက်ပင် နတ်ဆိုးမြင်း ဒါဇင်ချီက ချက်ချင်းပင် ၂ ပိုင်းပြတ်ထွက်သွားကြသည်။ ဖန်လီ နှင့် ဖန်မုန့် တို့လည်း အံ့အားသင့်သွားပြီး ရှေ့ကို အာရုံစိုက်ကြည့်လိုက်ရာ ယန်ယွဲ့က နတ်ဆိုးမြင်း ၁၀,၀၀၀ ကျော်အုပ်ထဲသို့ တရကြမ်းပြေးဝင်နေသည်ကို သတိပြုမိခဲ့သည်။

ဝုစ်။ ဝုစ်။ ဝုစ်။

အလင်းတန်း ၃ ခုက လေထုကို ထိုးဖောက်၍
ဖြတ်သွားပြီးနောက် နတ်ဆိုးမြင်း ၁,၀၀၀ ကျော်
မြေပြင်ပေါ်သို့ လဲကျသွားသည်။ ယန်ယဲ့က
မရပ်တန့်ပေ။သူ့လက်ထဲမှဓားက လက်ကနေ
လွတ်ထွက်သွားပြီး ပတ်ဝန်းကျင် ဆီသို့
ပျံသန်းသွားသည်။ ဓားက အဆက်မပြတ်
တုန်ခါနေပြီး လမ်းကြောင်းတစ်လျှောက်
နတ်ဆိုးမြင်း ဒါဇင်နီးပါး ခေါင်းများ
ပြတ်တောက်သွားရသည်။

ထိုအချိန်တွင် ယန်ယဲ့သည် သူ၏လက်သီး ဆက်တိုက် လွှဲယမ်းကာ နတ်ဆိုးမြင်းများအား တရကြမ်းထိုးနှက်နေသည်။ လက်သီးတစ်ချက် ယမ်းလိုက်တိုင်း နတ်ဆိုးမြင်း ဒါဇင်ကျော်ခန့် သွေးမြူများအဖြစ် ပြောင်းလဲသွားရသည်။

သတ်ဖြတ်ခြင်း......

အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းပင်တည်း။

ဖန်လီ နှင့် ဖန်မုန့်တို့လည်း
အလွန်အံ့သြသွားကြသည်။
နတ်ဆိုးမြင်းအများစုက

ချိုးမြောက်ခြင်းနယ်ပယ်အထွတ်အထိပ်တွင် ရှိနေကြသည်။ သို့သော် ၎င်းတို့သည် ယန့်ယဲ့ကို ပြန်တိုက်ခိုက်ရန် အင်အားမရှိခဲ့ပေ။ နတ်ဆိုးမြင်းများက အများအားဖြင့် ပျော့ပျောင်းပြီးနူးညံ့သိမ်မွေ့ကာ ကြောက်မက်ဖွယ်ကောင်းသော တိုက်ခိုက်ရေးစွမ်းရည်များ မပိုင်ဆိုင်ထားကြပေ။ သို့သော်လည်း နတ်ဆိုးမြင်း အရေအတွက်က ၁၀,၀၀၀ ကျော်ရှိခဲ့သည်။

"လူသား! ရပ်စမ်း!" ရုတ်တရက် အလန့်တကြားအော်သံတစ်ခု ထွက်ပေါ်လာပြီးနောက် လူလတ်ပိုင်းတစ်ဦး ပေါ်လာသည်။ လူလတ်ပိုင်းအမျိုးသား ရောက်လာသည်နှင့် နတ်ဆိုးမြင်းများ အားလုံးက ယန်ယွဲ့ကို ဝိုင်းမထားတော့ဘဲ လူလတ်ပိုင်း၏နောက်ကို ပြေးဝင်သွားကြသည်။

ယန်ယွဲ့က တိုက်ခိုက်တာကို ရပ်လိုက်ပြီး လူလတ်ပိုင်းကို လှည့်ကြည့်လိုက်ရင်း "မင်းက ဒီတောင်တန်းရဲ့နတ်ဆိုးဗိုလ်ချုပ်ပဲ

မဟုတ်လား? ငါတို့ကြားမှာ ရန်ငြိုးဖွဲ့စရာမရှိဘူးလို့ ငါထင်တယ်၊ ငါက ဒီအတိုင်းဖြတ်လျှောက်နေတာပဲ၊ မင်း ငါ့ကို ဘာလို့ဒီလို တိုက်ခိုက်နေတာလဲ။ ကျိုးကြောင်းဆီလျော်စွာ မရှင်းပြရင် မင်းခေါင်းကို ထက်ခြမ်းခွဲပစ်လိုက်မယ်!”

အစောပိုင်းက နတ်ဆိုးမြင်းအုပ်ကြီးက သူတို့ကို သတ်ဖို့ ရည်ရွယ်ခဲ့ကြောင်း သိသာပါသည်။

အကယ်၍ သူသည် ထိုနတ်ဆိုးမြင်းအုပ်စုမှ ထွက်ပေါ်လာသော အရှိန်အဝါကို မတားဆီးနိုင်ပါက သူတို့ ၃ ယောက်လုံး

မြင်းနင်းခံရပြီး သေသွားပေလိမ့်မည်။
ထို့ကြောင့် ယန်ယဲ့က လူလတ်ပိုင်းအရွယ်ကို မြင်လိုက်သည့်နောက် အတော်လေးဒေါသထွက်သွားသည်။

"ဘယ်လောက်တောင် မောက်မာလိုက်သလဲ" လူလတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို လက်ညှိုးထိုးပြီး ဒေါသတကြီး အော်ငေါက်လိုက်သည်။
“ချီးမြောက်ခြင်းနယ်ပယ်အဆင့် ပုရွက်ဆိတ်လေးက တကယ်ပဲ ငါ့ရှေ့မှာ ဒီလိုမျိုး ပြောဝံ့တယ်….”

"မင်း စကားကောင်းကောင်းပြောလို့မရမှတော့ သေလိုက် !" ယန်ယဲ့က လူလတ်ပိုင်းကို စကားဖြတ်ပြောလိုက်သည်။ သူစကားပြောပြီးသည်နှင့် လူလတ်ပိုင်းအဘိုးအိုရှေ့သို့ ရောက်ရှိလာသည်။ သူ့အရှိန်က လျင်မြန်လွန်းသဖြင့် လူလတ်ပိုင်းအမျိုးသားဟာ ယန်ယဲ့၏ လက်သီးချက် ပြေးဝင်လာသည်ကို တုံ့ပြန်နိုင်စွမ်းမရှိခဲ့ပေ။

"ရပ်! လူသား! မင်းသူ့ကိုသတ်ဝံ့ရင် မင်းတို့အားလုံးကို ဒီတောင်တန်းမှာ အပြီးအိပ်စက်ခိုင်းမယ်။" ရုတ်တရက် ဒေါသတကြီး အော်သံတစ်ခု ထွက်ပေါ်လာသည်။

"ငါ့ကို စောင့်ကြည့်စမ်း!" သူ့ရှေ့မှ လူလတ်ပိုင်းကို ဖျတ်ခနဲ စိုက်ကြည့်ရင်း ယန်ယဲ့၏ မျက်လုံးထဲတွင် ရက်စက်မှု ပေါ်လာသည်။

ခွပ်!

လူလတ်ပိုင်း၏ လည်ပင်းက ချက်ချင်း လိမ်ကျိုးသွားသည်။

မြင်းထိန်းကြီး....!

ပတ်ဝန်းကျင်ရှိ နတ်ဆိုးမြင်းမများက အော်ဟစ်လိုက်သည်။

"လူသား! မင်းက ကိုယ့်သေတွင်းကိုယ်တူးတာပဲ။" ဒေါသတကြီး အသံနှင့်အတူ ယန်ယွဲ့ရှေ့တွင်

အဘိုးအိုတစ်ယောက် ပေါ်လာသည်။
တစ်ချိန်တည်းမှာပင် အဘိုးအို၏လက်သီးက
ယန်ယဲ့၏ ခေါင်းဆီသို့ ကြမ်းတမ်းစွာ
ထိုးချလာသည်။

ယန်ယဲ့က ရှောင်တိမ်းခြင်းမပြုဘဲ အလားတူ
သူ၏လက်သီးကို ရှေ့သို့ ထိုးချလိုက်သည်။

ဖုန်း

လက်သီးနှစ်လုံး ရင်ဆိုင်တွေ့သွားချိန်တွင်
ပေါက်ကွဲသံများ ထွက်ပေါ်လာပြီးနောက်

မရေမတွက်နိုင်သော အကက်ကြောင်းများ
ကွဲထွက်သွားပြီး နှစ်ယောက်စလုံး ခြေလှမ်း
ဒါဇင်အနည်းငယ်
နောက်ပြန်ဆုတ်သွားကြသည်။

ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
လူသားတစ်ဦး၏ ရုပ်ခန္ဓာခွန်အားဖြင့်
တန်ပြန်ဖိနှိပ်ခံရမည်ဟု
မမျှော်လင့်ထားသောကြောင့်
အဘိုးအို၏မျက်လုံးများတွင်
အံ့သြတုန်လှုပ်မှုများ ပေါ်လာခဲ့သည်။
နောက်ဆုံးတွင် သူက

သိုင်းကောရာဇ်အထွတ်အထိပ်အဆင့်၌
ရှိနေသည်မဟုတ်ပါလား။

"ဟမ်…." အဘိုးအိုက
တစ်ခုခုပြောရန်ပြင်လိုက်သော်လည်း
ယန်ယဲ့က သူ့ရှေ့သို့ ချက်ချင်းရောက်လာပြီး
သူ၏လက်သီးများက အဘိုးအိုဆီသို့
လျင်မြန်စွာ ထိုးကြိတ်သွားခဲ့သည်။
အဘိုးအိုသည် ထိတ်လန့်သွားသော်လည်း
ပို၍ပင် ဒေါသထွက်လာသလို
ခံစားလိုက်ရသည်။ ထို့ကြောင့် သူက

မရှောင်တိမ်းဘဲ သူ့လက်သီးကို
ရှေ့ဆန့်ထုတ်ကာ ထိပ်တိုက်ရင်ဆိုင်လိုက်၏။

အုန်း!

ပတ်ဝန်းကျင်၌ မိုးချိန်းသံများ
မြည်ဟီးလာသကဲ့သို့ပင်၊ လက်သီးများ
ရင်ဆိုင်တွေ့သည်နှင့်
အာကာသဟင်းလင်းပြင်သည် ချက်ချင်း
ကွဲထွက်သွားသည်။ သို့သော်လည်း
နောက်အခိုက်အတန့်တွင် ယန်ယွဲ့သည် ရှေ့သို့
တစ်ကြိမ် ထပ်မံ တိုးလာပြီးနောက် သူ၏

လက်သီးက အဘိုးအိုကို
ထပ်ထိုးလိုက်လေသည်။

အုန်း! အုန်း!

၁၀၂၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၂၀ - ရှေးဟောင်းဓားကျောင်းတော်မှ

အကာအကွယ်ပေးမှု

ဘုန်း! ဘုန်း!

ပေါက်ကွဲသံများ အဆက်မပြတ်
ထွက်ပေါ်လာသည်။

နှစ်ယောက်လုံး ၁၀ ကြိမ်လောက်သာ
တိုက်ခိုက်ခဲ့သော်လည်း လက်သီးချက် ၁၀၀
ထိမှန်သွားခဲ့သည်။အစပိုင်းတွင်
နှစ်ယောက်သား လက်ရည်တူသော်လည်း
တဖြည်းဖြည်း အချိန်ကြာလာသည်နှင့်အမျှ
အဘိုးအိုက နောက်ချည်းသာ
ဆက်တိုက်ပြန်ဆုတ်နေရ၏။

သို့သော်လည်း ယန်ယဲ့သည် ဆက်ပြီး မတိုက်ခိုက်ခဲ့ပေ။ ယန်ယဲ့သည် တိုက်ခိုက်ပုံပြောင်းလိုက်သည်နှင့် အဘိုးအိုက အလွန်ထိတ်လန့်သွားခဲ့သည်။ အကြောင်းအရင်းမှာ ယန်ယဲ့က သူ၏လှုပ်ရှားမှုတိုင်းကို အလိုလိုခန့်မှန်းနိုင်ဟန်တူကြောင်း သတိပြုမိခဲ့သည်။

တစ်ချိန်တည်းမှာပင် အဘိုးအိုက ပြန်တိုက်ရန်အခွင့်အရေးပင်မရဘဲ အကြိမ်ကြိမ်အခါခါအရိုက်ခံခဲ့ရသည်။ ကံကောင်းစွာဖြင့် သူသည်

အစွမ်းထက်ရုပ်ခန္ဓာခွန်အား ပိုင်ဆိုင်ထားသဖြင့် ယန်ယဲ့၏ တိုက်ခိုက်မှုတိုင်းကို အနည်းငယ်ခုခံထားနိုင်ခဲ့သည်။

သို့ရာတွင် သူက ယန်ယဲ့အား ပြန်ပြီးတိုက်ခိုက်ရန်အခွင့်မသာခဲ့ပေ။

"သူ့ကိုသတ်!" ရုတ်တရက် အဘိုးအိုက ဒေါသတကြီးအော်ဟစ်ကာ နတ်ဆိုးမြင်းများကို အမိန့်ပေးလိုက်သည်။

"မင်းရဲ့ခွန်အားက ဒါလောက်ပဲလား?" ယန်ယဲ့က အေးစက်စွာ ရယ်မောလိုက်ပြီး

အဘိုးကြီးဆီသို့ ခုန်ဝင်လာရင်း

သူ၏လက်သီးဖြင့် ဖြတ်ထိုးချလိုက်သည်။

အဘိုးအိုက အနည်းငယ် ထိတ်လန့်သွားပြီး

သူ၏လက်သီးကို ရှေ့သို့အမြန်ထိုးကာ

ခုခံလိုက်၏။

ဒီအချိန်မှာ ယန်ယဲ့က ပါးစပ်ထောင့်တွင်

အေးစက်အပြုံးတစ်ခုပေါ်လာသည်။

သူ၏လက်သီးက

အလင်းရောင်ဖျတ်ခနဲတောက်ပသွားသည်။

ဆူး!

အဘိုးအို၏ လက်သီးက ချက်ချင်းပင်
လေထဲသို့ ပျံတက်သွားသည်။

“အား!!” အဘိုးအိုထံမှ နာကျင်ဖွယ်ရာ
အော်ဟစ်သံ ထွက်ပေါ်လာသည်။ ထိုအချိန်တွင်
ယန်ယွဲ့သည် အဘိုးအို ရှေ့သို့ရောက်လာပြီး
သူ၏လက်ချောင်းများကို ဓားပုံသံပြောင်း၍
အဘိုးအို၏လည်ပင်းကို ထိုးစိုက်လိုက်သည်။

နတ်ဆိုးမြင်းများသည် ချက်ချင်းပင်
တိုက်ခိုက်ခြင်းကို ရပ်လိုက်ပြီး ရှေ့သို့

နောက်ထပ် ခြေတစ်လှမ်းပင်
မလှမ်းဝံ့တော့ပေ။

"လူသား! မင်း ငါ့ကိုလှည့်စားတယ်!"
အဘိုးအိုက ဒေါသတကြီး အော်လိုက်သည်။
သို့ရာတွင် ရုတ်တက် သူ့လည်ပင်းဆီမှ
အေးစက်မှုကိုခံစားမိပြီး
နောက်ထပ်မလှုပ်ရဲတော့ပေ။

"လှည့်စားတာလား?" ယန်ယွဲ့က အေးစက်စွာ
ရယ်မောလိုက်ပြီး "မင်းငါ့ကို တိုက်ခိုက်ဖို့

ဒီနတ်ဆိုးမြင်းတွေကို အမိန့်ပေးခဲ့တာတောင်
ငါလှည့်စားတယ်လို့ မင်းပြောရဲသေးလား"

“မင်း….” အဘိုးအိုက တစ်ခုခုပြောရန်
ရည်ရွယ်လိုက်သော်လည်း ယန်ယဲ့က
သူ့လက်ကို ဝှေ့ယမ်းလိုက်ရာ
ဓားအလင်းရောင်တစ်ချက် လက်သွားပြီး
အဘိုးအို၏လက်တစ်ဖက်က လေထဲကို
ပျံတက်သွားခဲ့သည်။

"လူသား! ငါမင်းကိုသတ်မယ်!" အဘိုးအိုက
ဒေါသတကြီး အော်ဟစ်လိုက်သည်။

ယန်ယဲ့သည် သူ၏ညာလက်ကို
ထပ်မံဝှေ့ယမ်းလိုက်ရာ အေးစက်သော
အလင်းရောင်တစ်ချက် လက်သွားပြီး
အဘိုးအို၏ အခြားလက်မောင်းတစ်ဖက်က
ထပ်မံပြတ်တောက်သွားရပြန်သည်။

“လူသား…လူသား…လူသား…”
အဘိုးအိုသည် အဆက်မပြတ်
အော်နေသော်လည်း ရုတ်ချည်းပင်
အသံတိတ်သွား၏။ သူက နောက်ထပ်
အသံမထွက်ဝံ့တော့ပေ။

ယန်ယဲ့၏လက်က

အဘိုးအို၏လည်ပင်းကိုညှစ်ထားကာ

အသံမထွက်နိုင်အောင်လုပ်လိုက်သည်။

ထို့နောက် အလင်းရောင်တစ်ချက်

ထပ်မံလက်သွားကာ

အဘိုးအို၏ခြေထောက်တစ်ဖက်က မြေပြင်ပေါ်

ပြုတ်ကျသွားလေသည်။

အဘိုးအိုသည် မျက်လုံးများ ပြူးကျယ်သွားကာ

သူ့မျက်လုံးများက

ကြက်သွေးရောင်သမ်းလာခဲ့သည်။

ဤတစ်ကြိမ်တွင် သူ့မိုက်လုံးထဲ၌

ပြင်းထန်သော ကြောက်ရွံ့မှုတစ်ခု ရှိနေသည်။
ပတ်ဝန်းကျင်ရှိ နတ်ဆိုးမြင်းများ ပင်လျှင်
ကြောက်လန့်တကြားဖြင့် နောက်သို့
အဆက်မပြတ် ရွေ့လျားသွားကြသည်။

ယန်ယဲ့က သူ့လက်ကို နောက်တစ်ကြိမ်
ဝှေ့ယမ်းခါနီးတွင် တောင်တန်းအနက်ပိုင်းဆီမှ
အသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်
“လူသား! မင်းအနိုင်ရပြီ!"

ယန်ယဲ့သည် တောင်တန်း၏ အနက်ပိုင်းဆီသို့ မျှော်ကြည့်ရင်း "မင်း ငါ့ကို ရှင်းပြဖို့လိုမယ်မထင်ဘူးလား။"

အသံက ထပ်မံထွက်မလာခင် ခဏတာတိတ်ဆိတ်သွားပြီးသ အတန်ကြာမှ "တာအိုအမိန့်တော်က မင်းကိုဒီမှာတားခိုင်းထားတယ်"

ဆူး!

ယန်ယဲ့သည့် ရုတ်တရက်
သူ့လက်ထဲမှဓားမြှောင်ကို ဝှေ့ယမ်းလိုက်ရာ
အဘိုးအို၏ခေါင်းက လေထဲသို့
ပျံတက်သွားသည်။ ထို့နောက် တောင်တန်း၏
အနက်ပိုင်း သို့ မျှော်ကြည့်ကာ
အေးစက်စက်ပြောလိုက်လေသည်။ "ဟမ်....၊
ဒါဆို မင်းကိုယ်မင်း ဘယ်သူထင်နေတာလဲ။
မင်းက ငါ့ရဲ့ရှေးဟောင်းဓားကျောင်းတော်နဲ့
တာအိုအမိန့်တော်ကြားက ပဋိပက္ခမှာ
ဝင်စွက်ဖက်ရဲသလား။"

"လူသား! အရမ်းကြီး လွန်မလာနဲ့!" အသံက တဖြည်းဖြည်းနှင့် အေးစက်သွားသည်။

"လွန်လွန်းတယ်?" ယန်ယဲ့က အေးစက်စွာ ရယ်မောလိုက်သည်။ သူ့လက်ကောက်ဝတ်ကို လှန်လိုက်ရာ သူ့လက်ထဲတွင် ဓားတစ်ချောင်းပေါ်လာပြီး တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း "မင်း ငါ့ကို ဒီမှာ မတားချင်ဘူးလား။ ကောင်းပြီ၊ ငါဒီနေ့မသွားဘူး။ တာအိုအမိန့်တော်ရဲ့ အဆင့်မြင့်ပညာရှင်တွေ ရောက်မလာခင် အစိမ်းရောင်မြစ်တောင်တန်းက နတ်ဆိုးတွေကို

သတ်နိုင်လားမသတ်နိုင်လား ဆိုတာ
ကြည့်ရအောင်။ ဟုတ်တယ်.....၊ မင်းက
သူတော်စင်တစ်ပိုင်းအဆင့် ဆိုပေမဲ့
တိုက်ခိုက်ချင် တိုက်ခိုက်နိုင်တယ်။ ဒါပေမဲ့
မင်းလုပ်ဝံ့သလား။"

ယခုအချိန်တွင် လူတိုင်းက သူ့ကို
ရှေးဟောင်းဓားကျောင်းတော်၏
တပည့်အဖြစ်ခံယူထားသောကြောင့်
သဘာဝအတိုင်း
ကောင်းစွာအသုံးချရမည်ဖြစ်သည်။ရှေးဟောင်း
ဓားကျောင်းတော်၏အမည်ကို

အသုံးမပြုနိုင်လျှင်ပင် သူက နတ်ဆိုး
ဗိုလ်ချုပ်ကို မကြောက်ပေ။

တစ်နည်းပြောရသော် သူသာ တန်ကြေးတစ်ခု
ပေးလိုက်ပါက သူ၏လက်ရှိခွန်အားဖြင့်ပင်
သူတော်စင်တစ်ပိုင်းအဆင့်ကို
သတ်နိုင်ပေသည်။

"လူသား! ငါ့နတ်ဆိုးမျိုးနွယ်က
အားနည်းတယ်လို့ မင်းထင်နေလား။" နတ်ဆိုး
ဗိုလ်ချုပ်၏ အသံသည် အေးစက်စက်နှင့်
သတ်ဖြတ်ချင်စိတ်များ ပြည့်နှက်နေပါသည်။

"နတ်ဆိုးမျိုးနွယ်? မင်းက
နတ်ဆိုးမျိုးနွယ်တစ်ခုလုံးကို
ကိုယ်စားပြုနိုင်လား။
ငါ့ရှေးဟောင်းဓားကျောင်းတော်နဲ့
တာအိုအမိန့်တော်ရဲ့ပြဿနာထဲမှာ မင်းကို
ဝင်ပြီးစွက်ဖက်ဖို့ နတ်ဆိုးမျိုးနွယ်က
အမိန့်ပေးလို့လား။ ဒါမှမဟုတ် ငါ့ရဲ့
ရှေးဟောင်းဓားကျောင်းတော်က
အားနည်းနေတယ်လို့များ
မင်းထင်နေတာလား။"

သူစကားပြောပြီးသည်နှင့် ယန်ယဲ့သည်
သူ့လက်ထဲက ဓားကို ဝှေ့ယမ်းလိုက်ရာ
အလင်းတန်းတစ်ခု ဖျန်းခနဲ
လွင့်စင်ထွက်လာသည်။ ချက်ချင်းပင် သူ့ရှေ့မှ
နတ်ဆိုးမြင်း ၁၀၀ ကျော်ဟာ ချက်ချင်းပင်
အသေကောင်အဖြစ်
ပြောင်းလဲသွားပါတော့သည်။

"မင်း ဘယ်လောက်တောင်
မောက်မာလိုက်သလဲ!"
တောင်တန်း၏အနက်ပိုင်းကနေ
ဒေါသတကြီးအသံက ပဲ့တင်ထပ်လာသည်။

ထို့နောက်တွင် ရောမလက်ဝါးကြီးတစ်ဖက်က အာကာသဟင်းလင်းကို ဆုတ်ဖြဲကာ ယန်ယဲ့ထံ ရိုက်ချသွားသည်။

"ရိုင်းလိုက်တာ.....၊ မင်းလို ဘာမဟုတ်တဲ့နတ်ဆိုးဗိုလ်ချုပ်ကများ။" ရုတ်တရက် ဒေါသတကြီး အော်သံတစ်ခု ထွက်ပေါ်လာပြီး ယန်ယဲ့ ရှေ့က အာကာသဟင်းလင်းပြင်ထဲကနေ ဓားအလင်းတန်းတစ်ခု ထွက်လာသည်။ ဓားအလင်းတန်းက ရောမလက်ဝါးကြီးကို ပိုင်းဖြတ်ကာ ချက်ခြင်း ၂ ခြမ်းခွဲလိုက်သည် ။

"ရှေးဟောင်းဓားကျောင်းတော်....!"
တောင်တန်းအနက်ပိုင်းဆီကနေ
ထွက်ပေါ်လာသော အသံသည် အနည်းငယ်
အံ့အားသင့်သွားလေသည်။

ယန်ယဲ့သည်လည်း သူ့မျက်နှာပေါ်တွင်
လေးနက်သောအမူအရာရှိနေ၏။
အဘယ်ကြောင့်ဆိုသော် သူသည်
ထိုဓားစွမ်းအင်ကို
ထုတ်ဖော်လိုက်သူမဟုတ်သောကြောင့်ပင်။
အာကာသဟင်းလင်းပြင်ကို တိုက်ရိုက်

ဆုတ်ဖြဲပြီး တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။
အတိတ်တစ်ချိန်က သူသည်
ကောင်းကင်အဆင့် ၃ ဓားစိတ်ဆန္ဒကို
ပိုင်ဆိုင်ခဲ့ပြီး အာကာသဟင်းလင်းကို
ခွဲထုတ်နိုင်သော်လည်း လက်ရှိတွင်
ထိုသို့လုပ်နိုင်စွမ်းမရှိပေ။ ထို့ကြောင့်
ဓားအလင်းတန်းက အနည်းဆုံး အဆင့်မြင့်
သူတော်စင်တစ်ပိုင်းအဆင့်
ခွန်အားဖြစ်ကြောင်း သိလိုက်သည်။

"မင်းက အဘိုးကြီးဂူ မကြာသေးခင်က
ခေါ်လာတဲ့ တပည့်လား။ မဆိုးပါဘူး၊

တကယ်မဆိုးပါဘူး၊ အဲဒီလူအိုကြီးက
တကယ်ကို ပိုင်းခြားနိုင်တဲ့ အကြည့်တွေ
ရှိတယ်။ မင်းရဲ့ဆရာက အခု
တံခါးပိတ်ကျင့်ကြံနေရင်း
တာအိုအထွတ်အထိပ်အဆင့် ခား
ဖန်တီးနေတာဆိုတော့ မင်းကို အခုချက်ချင်း
လာမခေါ် နိုင်သေးဘူး။ တာအိုအမိန့်တော်နဲ့
ဘယ်လိုပဋိပက္ခဖြစ်နေတယ်ဆိုတာ
ငါတို့မသိပေမဲ့ မင်းက စိတ်ပူစရာမလိုဘူး။
ငါတို့ ရှေးဟောင်းခားကျောင်းတော် နဲ့
တာအိုအမိန့်တော်ကြားက ကိစ္စတစ်ခုပဲ။
တခြားပြင်ပအဖွဲ့အစည်းက ဝင်စွက်ဖက်ဝံ့ရင်

ငါ့ရှေးဟောင်းဓားကျောင်းတော်က သူတို့ကို
ကရုဏာမရှိပဲ သတ်ပစ်မယ်။ ကလေး၊ မင်းက
အသက်ရှင်လျက်နဲ့
ရှေးဟောင်းဓားကျောင်းတော်ကို
ပြန်လာနိုင်သရွေ့ ကျောင်းတော်က မင်းကို
သေချာပေါက် ကာကွယ်ပေးမှာပါ!"
အာကာသအက်ကြောင်းထဲမှ အသံတစ်သံ
ထွက်ပေါ်လာသည်။ ခဏအကြာတွင်
အာကာသအက်ကြောင်းက ပြန်ပိတ်သွားကာ
အသံပိုင်ရှင်လည်း
ပျောက်ကွယ်သွားတော့သည်။

ယန်ယဲ့သည် ရှေးဟောင်းဓားကျောင်းတော်၏
ရည်ရွယ်ချက်များကို
အကြမ်းဖျင်းနားလည်ခဲ့သည်။
ဓားကျောင်းတော်က သူ့ကို
တာအိုသခင်ဂူ၏တပည့်ဟု
အတည်တကျသတ်မှတ်ထားခြင်းဖြစ်သည်။
ထို့ကြောင့်လည်း သူတော်စင်တစ်ပိုင်းအဆင့်က
ရှေ့ထွက်လာပြီး သူ့ကို ကာကွယ်ပေးခဲ့ခြင်းပင်။
ထို့အပြင် သူသည် အသက်ရှင်လိုပါက
ရှေးဟောင်းဓားကျောင်းတော်ကို
ပြန်သွားရမည်ဖြစ်သည်။

ရှေးဟောင်းဓားကျောင်းတော်က

အဘယ်ကြောင့် ဤသို့ပြုမူခဲ့သနည်း။

အမှန်စင်စစ် ယန်ယဲ့သည်လည်း အဖြေကို

သိထားသည်။ ယခုအချိန်တွင် ဤကိစ္စသည်

သူနှင့် တာအိုအမိန့်တော်ကြားက

ပြဿနာဖြစ်ရုံတင်မကဘဲ

ရှေးဟောင်းဓားကျောင်းတော်နှင့်ပါ

သက်ဆိုင်နေသည်။

တဖန် သူ၏ သေခြင်း၊ ရှင်ခြင်းသည်လည်း

တာအိုအမိန့်တော် နှင့်

ရှေးဟောင်းဓားကျောင်းတော်၏ ဂုဏ်သိက္ခာနှင့်

ဆက်စပ်နေသည်။ အကယ်၍ သူသည်
ရှေးဟောင်းဓားကျောင်းတော်သို့
အသက်ရှင်လျက် ပြန်လာနိုင်ခဲ့ပါက
တာအိုအမိန့်တော်၏ လူငယ်မျိုးဆက်ဟာ
ရှေးဟောင်းဓားကျောင်းတော် နိမ့်ကျကြောင်း
သက်သေပြလိုက်သလိုပင်။
တစ်ချိန်တည်းမှာပင် တာအိုအမိန့်တော်က
မျက်နှာပျက်ကာ ရှေးဟောင်းဓားကျောင်းတော်
အောက် တစ်ဆင့်နိမ့်သွားပေလိမ့်မည်။

တစ်နည်းပြောရလျှင် ဤအရာသည်
ရှေးဟောင်းဓားကျောင်းတော်နှင့်

တာအိုအမိန့်တော် အကြား တိုက်ပွဲတစ်ခုဟု ယူဆနိုင်သည်။ ခြွင်းချက်အနေနှင့် သူက တိုက်ပွဲ၏သော့ချက်ဖြစ်လာမည်ဖြစ်သည်။

၁၀၂၁

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၂၁ - ဖိအားပေးတောင်းဆို

ရှေးဟောင်းဓားကျောင်းတော်မှ
အဆင့်မြင့်အာဏာပိုင်၏ ဆိုလိုရင်းကို သူလည်း
အပြည့်အဝ နားလည်သည်။ သူ
အသက်ရှင်ချင်ပါက
ရှေးဟောင်းဓားကျောင်းတော်ကို ပြန်သွားပြီး
ကျောင်းတော်၏ ဂုဏ်သတင်းအား
မြှင့်ပေးရပါမည်။

ဒီအရာက သူ့ဘဝတက်လမ်းတစ်ခုဖြစ်သည်ဟု
ဆိုနိုင်၏။ သို့သော်ပြား
လွယ်ကူသောလမ်းကြောင်းတစ်ခုတော့
မဟုတ်ခဲ့ပေ။ ဒီလိုအခြေအနေမျိုးတွင်

တာအိုအမိန့်တော်က သူ့ကို သတ်ရန်
အဆင့်မြင့်ပညာရှင်ကို သေချာပေါက်
စေလွှတ်ထားမည်ဖြစ်သည်။

ထို့အပြင် လက်ရှိသူက နောက်ထပ်
ကြီးမားသော ပြဿနာတစ်ခုနှင့်
ထပ်မံရင်ဆိုင်နေရ၏။ ထိုအရာက သူဟာ
ရှေးဟောင်းဓားကျောင်းတော်၏ တပည့်တစ်ဦး
မဟုတ်ခြင်းပင်။

"ဟူး.....၊ ငါက သူတို့ဂိုဏ်းရဲ့
တပည့်တစ်ယောက်လို

ဟန်ဆောင်နေတာတွေရင်
သူတို့ဘယ်လိုမြင်ကြမလဲလို့ သိချင်မိသား။"
ယန်ယဲ့က အကူအညီမဲ့စွာ ရယ်မောလိုက်ပြီး
သူ့အတွေးများကို ထိန်းလိုက်သည်။
အခြေအနေဟာ မည်သို့ပင်ဖြစ်လာပါစေ သူက
ရွေးစရာလမ်းမရှိတော့ပါ။ သူက လုဝမ်အာကို
လိုက်ရှာဖို့ ရည်ရွယ်ထား၏။

ယန်ယဲ့သည် သူ၏ခြေးကို
တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်ထားရင်းပြီး
တောင်တန်း၏အနက်ပိုင်း ဆီသို့
လျှောက်သွားလိုက်သည်။

"လူသား! မင်းဘာလုပ်ချင်နေတာလဲ...?"
ယန်ယဲ့ ရပ်တန့်ခြင်းမရှိသည်ကို
သတိပြုမိသောအခါတွင် မတ်ဆိုး
စစ်သူကြီး၏အသံသည်
ဒေါသအရိပ်အယောင်များ ဖုံးလွှမ်းသွားသည်။
သို့သော်လည်း သူ့အသံတွင်
ကြောက်ရွံ့မှုအနည်းငယ်ပါ ရှိနေ၏။

"မင်း ငါ့ကို ဒီမှာနေရအောင် မတားချင်ဘူးလား?
ငါ အခု ဒီမှာနေမယ်။ ဒါ မင်းလိုချင်တဲ့

အခြေအနေပဲ မဟုတ်ဘူးလား။" ယန်ယွဲ့က
အေးစက်စက် ရယ်မောလိုက်သည်။

ပတ်ဝန်းကျင်သည် ခဏတာ
တိတ်ဆိတ်သွားပြီးနောက် ရုတ်တရက်
တောင်တန်း၏အနက်ပိုင်းဆီကနေ
နတ်ဆိုးစစ်သူကြီး၏အသံ
ထွက်ပေါ်လာပါသည်။ ၎င်းက "မင်းက
ရှေးဟောင်းဓားကျောင်းတော်ရဲ့
တပည့်တစ်ယောက်ဖြစ်နေမှတော့ ငါတို့က
မင်းကို ထပ်ပြီးတားမှာ မဟုတ်တော့ဘူး။
မင်းထွက်သွားနိုင်တယ်!"

"မင်းပြောလို့ ငါထွက်သွားသင့်တယ်ထင်လား
.." ယန်ယွဲ့က စကားပြောနေရင်း သူ့ညာခြေကို
မြေပေါ်တစ်ချက် ဆောင့်ချလိုက်ရာ
မြေပြင်တစ်ခုလုံးက
သိမ့်သိမ့်တုန်ခါသွားခဲ့သည်။ ထို့နောက် သူက
ဆက်ပြောလိုက်၏ "ဒီနေ့တော့ မင်းငါ့ကို
ကျေနပ်အောင်ဖြေရှင်းမပေးနိုင်ရင်
ငါထွက်သွားမှာမဟုတ်ဘူး!"

နတ်ဆိုးစစ်သူကြီးက တိုးညှင်းသောအသံဖြင့်
“လူသား! ငါ့ရဲ့နတ်ဆိုးမျိုးနွယ်က မင်း
အနိုင်ကျင့်နိုင်တဲ့ အရာမဟုတ်ဘူး!"

"မင်းသာပဲ ငါ့ရှေးဟောင်းဓားကျောင်းတော်ကို
အနိုင်ကျင့်ဖို့ အရင်ဆုံးကြိုးစားခဲ့တာလေ။
ဟုတ်သလား!" စကားပြောပြီးသည်နှင့်
ယန်ယဲ့က နတ်ဆိုး မြင်းအုပ်ထဲသို့
လျှပ်တပြက်ဝင်ရောက်လာပြီး သူ၏ဓားကို
လျင်မြန်စွာ လွှဲယမ်းလိုက်လေသည်။
အလင်းတန်းတစ်ခု ဖျတ်ခနဲ

လင်းလက်လာပြီးနောက် နတ်ဆိုးမြင်း
အများအပြား ၂ ပိုင်းခွဲခံလိုက်ရသည်။

"လူသား! ရပ်...ရပ်စမ်း!" နတ်ဆိုးစစ်သူကြီး၏
ဒေါသတကြီးအော်ဟစ်သံက
တောင်တန်းအနက်ပိုင်းကနေ
ထွက်ပေါ်လာသည်။

သို့သော်လည်း ယန်ယွဲ့သည်
ရပ်တန့်ခြင်းမရှိပေ၊ သူ၏ဓားကို
ဆက်တိုက်လွှဲယမ်းလိုက်ရာ

အလင်းတန်းမြောက်များစွာ ထွက်ပေါ်လာပြီး နတ်ဆိုးမြင်း ရာချီ သေဆုံးသွားခဲ့လေသည်။

နတ်ဆိုးစစ်သူကြီး၏အသံက ရုတ်တရက် " ၁၀၀: ချီးမြှောက်ခြင်းနယ်ပယ်အဆင့် သားရဲ အမြုတေ ၁၀၀ "

ယန်ယဲ့က ခဏ ရပ်လိုက်ပြီး “ဟမ့်၊ မင်း သူတောင်းစားကို အဆာပြေကျွေးဖို့ ကြိုးစားနေတာလား။ သိုင်းကေရာဇ်အဆင့် အမြုတေ ၁၀၀။ မဟုတ်ရင် ငါကိုယ်တိုင်လာယူမယ်!"

"၁၀၀ လား ?" နတ်ဆိုးစစ်သူကြီးက ဒေါသတကြီးနှင့် “လူသား! မင်းစိတ်ထဲ အဲဒါတွေကို ကျောက်တုံးတွေလို့ များထင်နေလား။ လူသား! ငါမင်းကိုအကောင်း ပြောနေတုန်းလက်ခံလိုက်။ မင်းက ဒီထက်ပိုတိုးမလာရင် ကောင်းမယ် !”

ယန်ယဲ့က "ပေးမှာလား။ မပေးဘူးလား... "

နတ်ဆိုးစစ်သူကြီးက " ၁၀၊... ၁၀ က ငါတတ်နိုင်တာအကုန်ပဲ။"

ယန်ယဲ့က လက်မခံပေ၊ သူက တောင်တန်းအနက်ပိုင်းဆီသို့ လှမ်းကြည့်နေရင်း တန်ပြန်ကမ်းလှမ်းချက်တစ်ခုနှင့် ပြောလိုက်လေသည် "ဒါဆို အခု ၅၀"

“၂၀!” နတ်ဆိုးစစ်သူကြီး၏အသံသည် အနည်းငယ် တုန်ခါနေပြီး

“မင်းဆက်ပြီးငြင်းချင်နေသေးရင် သူတို့ကို သတ်ပစ်လိုက်။ တတ်နိုင်သမျှ သတ်ပစ်!”

“ သိုင်းကျောရာဇ်အဆင့် အမြုတေ ၂၀ နဲ့ ချီးမြှောက်ခြင်းနယ်ပယ်အဆင့် အမြုတေ ၁၀၀ ။ ငါနဲ့ထပ်ပြီး ညှိနှိုင်းဖို့ကြိုးစားရင် ငါတကယ်လုပ်မှာပါ!"

နတ်ဆိုးစစ်သူကြီး ထံမှ ဘာစကားသံမှထွက်မလာသေးဘဲ အချိန်တော်ကြာသည်ထိ တိတ်ဆိတ်သွားသည်။

ဝှစ်

အလင်းတန်းတစ်ခု လင်းလက်လာပြီး
နတ်ဆိုးမြင်းဒါဇင်အနည်းငယ်ခန့်
မြေပြင်ပေါ်သို့ ပြိုလဲကျသွားပြန်သည်။

"ဟုတ်လား ဒါမှမဟုတ် လက်မခံဘူးလား"
ယန်ယဲ့၏ လက်ထဲမှဓားက ပြင်းထန်စွာ
တုန်ခါနေပြီး ဓားသွားတစ်လျှောက်
အလင်းတန်းများမှိတ်တုတ်မှိတ်တုတ်
လင်းလက်နေသည်။

"လူသား! ငါဒါကို မှတ်ထားမယ်!”
နတ်ဆိုးစစ်သူကြီးက အေးစက်စက်ပြော
စကားပြီးသည်နှင့် တပြိုင်နက်
သိုင်းကျောဇ်အဆင့် အမြုတေ ၂၀ နှင့်
ချီးမြှောက်ခြင်းနယ်ပယ်အဆင့် အမြုတေ ၁၀၀
က ယန်ယွဲ့ ရှေ့တွင် ပေါ်လာသည်။

"ဒါကို မင်းမှတ်ထားမှာလား။" ယန်ယွဲ့ က
အေးစက်စွာရယ်မောပြီး "စိတ်မပူပါနဲ့၊
နောင်တစ်ချိန်မှာ ငါလည်း မင်းဆီကို
အလည်အပတ်လာခဲ့ဦးမှာပါလေ။"

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့သည်
နောက်ထပ် ဆက်မပြောတော့ပေ။ သူက
သားရဲအမြူတေများကို သိမ်းယူကာ
ရထားလုံးထဲသို့ ပြန်ဝင်သွားခဲ့သည်။ သူ
ရထားလုံးထဲ ပြန်ရောက်လာချိန်မှာ ဖန်လီ နှင့်
ဖန်မုန့်က သူ့ကို စိုက်ကြည့်နေကြောင်း
မြင်တွေ့လိုက်၏။ ထိုအခါ
ယန်ယဲ့၏မျက်နှာပေါ်က
ရက်စက်ကြမ်းကြုတ်မှုများ
ပျောက်ကွယ်သွားပြီး "ဘာလို့ ငါ့ကို
ဒီလိုကြည့်နေတာလဲ။ ငါက
အရမ်းသန်မာတယ်လို့ မင်းတို့ထင်နေလို့လား။"

ဖန်မုန့်က ကမန်းကတန်း ခေါင်းညိတ်လိုက်ပြီး ဖန်လီသည်လည်း အနည်းငယ် ခေါင်းညိတ်သည်။

ယန်ယဲ့သည် နတ်ဆိုးမြင်း အမြောက်အများကို သတ်ဖြတ်ခဲ့သည့်အပြင် နတ်ဆိုးဗိုလ်ချုပ် ၂ ဦးကို ပါထပ်မံ သတ်ဖြတ်ပြီး နတ်ဆိုးစစ်သူကြီးကိုပင် ခြိမ်းခြောက်ခဲ့သည်။ ထိုမြင်ကွင်းက သူတို့၂ ဦးအတွက် အလွန်တရာထိတ်လန့်တုန်လှုပ်ဖွယ်ပင်ဖြစ်ချေတော့သည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့သည် သူတို့အတွက် ပို၍ပင် ထူးဆန်းလာပုံရ၏။ ဖန်လီက သူမ၏ပါးစပ်ထောင့်တွင် ခါးသီးမှုအရိပ်အယောင်တစ်ခုပေါ်လာကာ ယန်ယဲ့အား မသိမသာလေး ခိုး ကြည့်လိုက်သည်။ " ရယ်စရာ ကောင်းလိုက်တာ၊ ငါသူ့ကိုအရင်တုန်းက ကျွန်လိုဆက်ဆံခဲ့တယ်... ။ ဟူး! မုန့်အာ သာ မဟုတ်ရင် ငါ အခု သေသွားလောက်ပြီ ။

ယန်ယဲ့၏ အတိတ်ကို ဘာမှမသိသော်လည်း သူတို့နှစ်ယောက် အတူရှိနေချိန်ကို

သေချာစမ်းစစ်ကြည့်လျှင်ယန်ယွဲ့က
ရက်စက်ကြမ်းကြုတ်သူဖြစ်ကြောင်းသိသာလှ
၏။

ရထားလုံးထဲ၌....၊ ယန်ယွဲ့သည်
သိုင်းကေရာဇ်အဆင့် အမြုတေ ၂၀ နှင့်
ချီးမြှောက်ခြင်းနယ်ပယ်အဆင့် အမြုတေ ၁၀၀
ကို ထုတ်ယူပြီး စိုက်ကြည့်နေလေသည်။

ဖန်လီက ရုတ်တရက် ပြောလာသည်
"သိုင်းကေရာဇ်အဆင့် အမြုတေထဲမှာရှိတဲ့
စွမ်းအင်တွေဟာ အရမ်းသန့်စင်တယ်၊ အဲဒါက

အဆင့်လွှန် စွမ်းအင်ကျောက်တုံး ၅၀၀၀ နဲ့
နှိုင်းယှဉ်နိုင်တယ်။
ချိုးမြှောက်ခြင်းနယ်ပယ်အဆင့်
အမြုတေတွေကတော့ အဆင့်လွှန်
စွမ်းအင်ကျောက်တုံး ၁၀၀၀ နဲ့ ညီမျှတယ်။
ဒါပေမဲ့ သန့်စင်တဲ့စွမ်းအင်ချင်းယှဉ်ရင်တော့
အတော်လေးကွာခြားလွန်းတယ်။

ဥပမာအနေနဲ့ ပြောရရင် သိုင်းကေရာဇ်အဆင့်
အမြုတေတစ်ခုဝယ်ဖို့ အနည်းဆုံး အဆင့်လွှန်
စွမ်းအင်ကျောက်တုံး ၁၀,၀၀၀ လောက်
သုံးရမယ်။ တကယ်တော့ သိုင်းကေရာဇ်အဆင့်
အမြုတေက အရမ်းရှားတယ်!"

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး အမြုတေများကို

ပြန်သိမ်းထားလိုက်သည်။

နတ်ဆိုးသားရဲအမြုတေများက

စွမ်းအင်ကျောက်တုံးများနှင့် မတူဘဲ ၎င်းတို့ကို

စုပ်ယူရုံသက်သက်က အမှန်တကယ်ပင်

ဖြုန်းတီးရာကျ၏။ ထို့အပြင် သူက ၎င်းတို့ကို

မျိုချချင်ရုံသာ မဟုတ်ပါ။

သားရဲအမြုတေများက

စွမ်းအင်ကျောက်တုံးများကဲ့သို့ အရသာမရှိပေ။

ထိုအရာများက သွေးညှီနံ့များ

ပျံ့လွင့်နေသည်ဖြစ်ရာ သားရဲအမြုတေများကို ဝါးမြိုပြီး သူ့ကိုယ်သူ မနိုပ်စက်ချင်ပေ။

အမှန်ပင်၊ အရေးကြီးဆုံးအကြောင်းရင်းမှာ သူက သိုင်းကျောဇ်အဆင့် ချိုးဖျက်ဖို့ ရည်ရွယ်ချက်ကို ယာယီစွန့်လွှတ်လိုက်ခြင်းပင်ဖြစ်သည်။

အနက်ရောင်ဝတ်အမျိုးသမီး ပြောသည့်အတိုင်းဆိုလျှင် တာအိုအမိန့်တော်က သူ့ထက် ကျင့်ကြံမှုအဆင့် မြင့်မားသည့် ပညာရှင်များကို စေလွှတ်ခြင်း မပြုခဲ့ပေ။

တစ်နည်းဆိုရသော် တာအိုအမိန့်တော်ကနေ
သူ့ကို သတ်ဖို့ စေလွှတ်လိုက်သူများဟာ
ချီးမြှောက်ခြင်းနယ်ပယ်များသာ ဖြစ်၏။

သို့သော်လည်း လက်ရှိ သူသာ
သိုင်းကျောဇ်အဆင့် တက်လိုက်ပါက
တာအိုအမိန့်တော် သည်လည်း
သိုင်းကျောဇ်များကို သေချာပေါက်
စေလွှတ်ပါလိမ့်မည်။

သိုင်းကျောဇ်အဆင့် တက်လှမ်းပြီးနောက်
သူ့ခွန်အားက တိုးတက်လာသည့်တိုင်အောင်
သိပ်ပြီးအသုံးမဝင်နိုင်ပေ။ အကြောင်းအရင်းမှာ

ယခုအချိန်တွင် သူက ဆန်းကြယ်ချီစွမ်းအင်ကို
အသုံးပြုလို့မရသေးလို့ပါ။

ထို့ကြောင့် ယန်ယဲ့သည် သူ၏ရုပ်ခန္ဓာကို
မြှင့်တင်ပြီး သူ၏ရုပ်ခန္ဓာခွန်အားကိုသာ
သူတော်စင်တစ်ပိုင်းအဆင့် တက်လှမ်းရန်
ဆုံးဖြတ်လိုက်သည်။

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များက
သိုင်းကျောဇ်များ
ထက်ရင်ဆိုင်ရပိုလွယ်ကူသည်။ သို့ရာတွင်
သူက တာအိုအမိန့်တော်၏ သိုင်း

ကောရာဇ်များအား
ကြောက်ရွံ့နေခြင်းမဟုတ်ပေ။

သူ့ရည်ရွယ်ချက်က ရိုးရှင်းပါသည်။ လုဝမ်အာ
နှင့်မတွေ့ခင် ဖန်မုန့် နှင့် ဖန်လီ
တို့ညီအစ်မနှစ်ဦးကို သိတ်ချရသောနေရာသို့
ခေါ်ဆောင်သွားနိုင်ဖို့ပါ။

ယန်ယဲ့သည် အဆင့်လွန် စွမ်းအင်ကျောက်တုံး
၅,၀၀၀ ကို ထုတ်ယူကာ
အရှူးတစ်ယောက်လိုမျိုး
စတင်စုပ်ယူလိုက်သည်။

...

ဒီအချိန်မှာ ဖန်မုန့် နှင့် ဖန်လီ တို့က ရထားလုံးအပြင်ဖက်၌ ဘေးချင်းကပ်လျက်ထိုင်နေကြသည်။

ဖန်မုန့်က "အစ်မ! ဖန်ကလန်က အဆင်ပြေမယ်လို့ ထင်လား" ဟု တိုးတိုးလေးမေးရင်း ဖန်လီ၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

ဖန်လီက ဖန်ကလန် ရှိသည့်ဖက်ကို လှမ်းကြည့်လိုက်သည်။ ဖန်ကလန်က သူတို့ညီအစ်မနှစ်ဦးလုံးကို အသုံးပြုပြီး မလိုအပ်မှ စွန့်ပစ်ခဲ့သည်။ သို့သော်လည်း ဖန်ကလန်က သူတို့၏ အိမ်ပင်ဖြစ်ရာ အလွယ်တကူ မေ့ဖျောက်ထားနိုင်ခြင်းမရှိပေ။

ဖန်လီ ကလည်း ပြတ်ပြတ်သားသား လုပ်တတ်ပြီး

သဘောထားကြီးသူ မဟုတ်ပေ။ သူမက အတွေးများကို အမြန်ထိန်းကာ “အရင်တုန်းကတော့ အဖိုးနဲ့ တခြားသူတွေက

ဖန်ကလန်ကို အုပ်ချုပ်လို့ရအောင် တကယ်ပဲ ရည်ရွယ်ထားတာလို့ ခံစားခဲ့ရတယ်။ ဒါပေမဲ့ အဲဒီနေ့က ဖြစ်ပျက်ခဲ့တာတွေက ငါ့ကို လုံးလုံး လှုပ်နှိုးလိုက်သလိုပဲ။ သူတို့က ဖန်ကလန်ကို စီမံခန့်ခွဲခွင့် ပေးထားတဲ့ အကြောင်းရင်းက ကလန်ရဲ့ စည်းမျဉ်းတွေကြောင့်ပဲ။ ဒါပေမဲ့ ပိုကောင်းအောင် ရွေးချယ်ရတဲ့အခါ သူတို့က ငါတို့ကို သုံးပြီးတာနဲ့ စွန့်ပစ်ဖို့ တွန့်ဆုတ်မနေဘူး။ အတိုချုပ်ပြောရရင် ဖန်ကလန်က အခုကစလို့ ငါတို့ရဲ့အိမ် မဟုတ်တော့ဘူး။"

၁၀၂

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၂ - တိမ်ပင်လယ်အကယ်ဒမီ

ဖန်မုန့်က "အစ်မ! ဒါဆို ငါတို့ဘယ်သွားမလို့လဲ" ဟု မမေးခင် အချိန်အတော်ကြာအောင် နှုတ်ဆိတ်နေခဲ့လေသည်။

ဖန်လီက ညီမဖြစ်သူ၏ခေါင်းကို ပွတ်သပ်လိုက်ပြီး "ဓားတာအိုမှာ နင့်ရဲ့သဘာဝ

အရည်အချင်းက မဆိုးပါဘူး။ အရင်တုန်းက နင့်မှာ သင်ပြပေးမဲ့သူမရှိလို့ နင့်ရဲ့စွမ်းရည်တွေပ တိမ်မြုပ်နေတာ။ ဒီတော့ နင် အလုပ်ကြိုးစားပြီး ရှေးဟောင်းဓားကျောင်းတော်ကို ဝင်ရမယ်။ ဒါမှပဲ ငါတကယ် အေးအေးဆေးဆေး အနားယူနိုင်မှာ။"

ဖန်မုန့်က "အစ်မ၊ ဘာဖြစ်လို့လဲ... ငါတို့ ယန်ယဲ့နဲ့အတူမနေရဘူးလား" ဟု မပြောခင် ခဏလောက် တွန့်ဆုတ်နေခဲ့သည်။

ဖန်လီက ခေါင်းခါလိုက်ပြီး "မုန့်အာ! အခုကတည်းက ဒီလိုမျိုး အတွေးမျိုး ဘယ်တော့မှ မရှိထားသင့်ဘူး"

ဖန်မုန့်က "ဘာလို့လဲ?"

“ဖြစ်နိုင်တယ်၊ ငါတို့က သူ့ဘဝရဲ့ခဏတာ အသိမိတ်ဆွေတွေပဲလေ…” ဖန်လီက တိုးတိုးလေးပြောလိုက်သည်။ အမှန်တော့ သူမဟာ ဖြစ်နိုင်ချေတစ်ခုမျှသာမဟုတ်ဘဲ အတိအကျဖြစ်နေသည်ကိုပါ

ရှင်းရှင်းလင်းလင်း သိနေခဲ့ပါသည်။

ယန်ယဲ့သည် ဖန်မုန့်အား

ချစ်သူတစ်ယောက်လိုမျိုးမဟုတ်ဘဲ

ညီမလေးတစ်ယောက်လိုသာ

သဘောထားခဲ့သည်။

သို့သော်လည်း ဖန်မုန့်က ယန်ယဲ့နှင့်

အတူနေချင်နေသည်ဖြစ်ရာ

သက်ပြင်းသာချနိုင်တော့၏။

အဆိုးဆုံးမှာ ယန်ယဲ့က

အန္တရာယ်များလွန်းသော

သူတစ်ယောက်ဖြစ်သည်...။ ထို့အပြင်

သူညီမက ယန်ယဲ့၏ အနားတွင်
ရှိနေဖို့ထိုက်တန်သည်ဟု မခံစားမိပေ။

ယန်ယဲ့သာ တစ်ခုခုလွဲချော်မသွားဘဲ
ဆက်၍ရှင်သန်နေပါက နောင်အနာဂတ်၌
ယန်ယဲ့ ဟူသောနာမည်က
ရောင်စဉ်ဖြာဒေသတစ်ခုလုံးအား
ကိုင်လှုပ်နိုင်မည်ဟု သူမ
အလိုလိုခံစားနေရသည်။

"ခဏာတာ အသိမိတ်ဆွေတွေ လား…."
ဖန်မုန့်က သူ့အစ်မ၏ ဆိုလိုရင်းကို

နားလည်သည်။ အချိန်အတော်ကြာပြီးနောက် သူမက ခေါင်းမော့လာပြီး အစ်မဖြစ်သူကို စိုက်ကြည့်ရင်း "ငါဒီလိုမဖြစ်စေချင်ဘူး!"

ဖန်လီက ခေါင်းညိတ်ကာ "ဒါဆို ပိုသန်မာလာအောင် ကြိုးစားပါ!"

ဖန်လီက မျက်နှာလေးကို အောက်ငုံ့ထားရင်း စိတ်ပိုင်းဖြတ်ထားဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

…

ညအချိန်။

ငွေရောင် တလက်လက်တောက်ပနေသော
လအလင်းရောင်က ကောင်းကင်ထက်ကနေ
ကမ္ဘာမြေဆီသို့ ဖြာကျနေသည်။
ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်နေကာ
တောင်စွယ်၊ တောင်ထိပ်များက
ငွေရောင်အလွှာပါးပါးဖြင့် ဖုံးအုပ်ထားသည်။

ရထားလုံးက ရှေ့ဆက်သွားနေရင်း ရုတ်တရက်
တုံ့ခနဲ ရပ်သွားသည်။

"အစ်မ! ဘာဖြစ်လို့ ဒီလောက်ငြိမ်နေတာလဲ"

ဖန်မုန့်က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ရင်း မေးလိုက်လေသည်။ ဤအခိုက်အတန့်တွင် သူတို့က ရေးသစ်ပင်ကြီးများ ဖုံးလွှမ်းနေသည့် တောအုပ်တစ်ခုတွင် ရှိနေကြသည်။ အထက်ကောင်းကင်ဆီမှ လအလင်းရောင်က ဖြာကျနေသော်လည်း အရွက်များကြားထိ မထိုးဖောက်နိုင်ပေ။ ထို့ကြောင့် ဤနေရာတွင် အမြင်အာရုံက အတော်လေးနိမ့်ပါးသည်။ နှစ်ယောက်လုံးက ပတ်ဝန်းကျင်၌ မှုန်ဝါးဝါး ပုံရိပ်အချို့ကိုသာ မြင်နိုင်သည်။

ဖန်လီက "ဒီတောအုပ်ကိုဖြတ်ပြီးတာနဲ့ ကောင်းကင်ကြယ်မြို့ကို ရောက်ပြီ။ တစ်ယောက်ယောက်က ငါတို့ကို အဲဒီကို မရောက်စေချင်ဘူးထင်တယ်!"

“ရှေးဟောင်းဓားကျောင်းတော်ရဲ့ တပည့်တစ်ဦးက တာအိုအမိန့်တော်ရဲ့ ငရဲခေါင်းတလားကို ဖျက်ဆီးခဲ့တယ်လို့ ငါတို့သတင်းရခဲ့တယ်။ ဒီတော့ ငါတို့က အရမ်းသိချင်နေတာမို့ ဒီကိုလာကြည့်ဖို့ ဆုံးဖြတ်လိုက်တာပဲ!” ရုတ်တရက် တိတ်ဆိတ်သော တောအုပ်ထဲတွင် အသံတစ်ခု

ထွက်ပေါ်လာသည်။ ထို့နောက် လူငယ် ၂ ဦးနှင့် အမျိုးသမီးတစ်ဦးတို့သည် သူတို့၏ အမြင်အာရုံထဲတွင် ပေါ်လာသည်။ သူတို့၏ရင်ဘတ်ပေါ်တွင် '书' စာလုံးသေးသေးလေး ရေးထိုးထားသည်။

"တိမ်ပင်လယ်အကယ်ဒမီ!" ဖန်လီက အမှတ်တမဲ့ အော်ပြောလိုက်သည်။ ယခု ရောက်လာသူများက တိမ်ပင်လယ်အကယ်ဒမီမှ ဖြစ်လိမ့်မည်ဟု သူမ မမျှော်လင့်ထားပေ။

ဖန်မုန့် နှင့် ဖန်လီကို တွေ့လိုက်ချိန်တွင် အဖွဲ့ကို ဦးဆောင်သော လူငယ်၏ မျက်လုံးများက တောက်ပလာပြီး “ဟီးဟီး! ဒီလိုမျိုး ဝေးလံခေါင်သီတဲ့ အရပ်မှာ ဒီလို နတ်ဘုရားမ ၂ ပါး ရှိလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ထားခဲ့ဘူး”

လူငယ်က ထိုသို့စကားပြောဆိုရင်း ရှေ့သို့ ခြေတစ်လှမ်းတိုးလာကာကာ “ငါက တိမ်ပင်လယ်အကယ်အကယ်ဒမီရဲ့တပည့် လင်းရှုဟိုင် လို့ ခေါ်တယ်။ တွေ့ရတာ ဝမ်းသာပါတယ် နတ်သမီးလေးတို့…”

"ဒီလို ချီးကျူးတာကို ငါတို့ လက်မခံရဲဘူး!" ဖန်လီက မရိုမသေ ပြုမူဝံ့ခြင်း မရှိပေ။ သူမက ဖန်မုန့် နှင့်အတူ ရထားပေါ်မှ ချက်ချင်းဆင်းကာ ဦးညွှတ်လိုက်ရင်း "မင်္ဂလာပါ သခင်လေးလင်း! ငါက ဖန်လီပါ၊ ဒါက ငါ့ညီမလေး" ဟု ပြောလိုက်ပါသည်။

"ဖန်လီ?" လင်းရှုဟိုင်က သဘောကျနေသော အမူအရာ အပြည့်ဖြင့် မျက်လုံးကို ဝေ့ကြည့်ကာ ပြုံးပြီး "ဘယ်လောက်တောင် နာမည်ကောင်းလိုက်သလဲ။ အခု

ရထားပေါ်မှာရှိနေတဲ့ ယန်ယဲ့ နဲ့
မင်းရဲ့ဆက်ဆံရေးက ဘာလဲလို့
ငါသိချင်နေတာ။"

ဖန်လီ၏လှပသောမျက်ခုံးများသည်
အနည်းငယ် တွဲကျနေသောကြောင့်
အနည်းငယ်
စိတ်မသက်မသာဖြစ်နေလေသည်။

လင်းရှီဟိုင်က သူမ
မျက်မှောင်ကြုတ်သည်ကိုမြင်သောအခါ
ကမန်းကတန်းပြောလိုက်သည်

"မိန်းကလေးဖန်၊နားလည်မှုမလွဲနဲ့။ ငါဘာကိုမှ
ရည်ညွှန်းဖို့မကြိုးစားဘူး။ ယန်ယဲ့က
တာအိုအမိန့်တော် နဲ့ မပြေနိုင်တဲ့ရန်ငြိုး
ရှိနေတယ်ဆိုတာ ကြားလို့
မင်းသတိထားသင့်တယ်။ သူ့ဘေးမှာ
ဆက်ရှိနေရင် မင်းတို့နှစ်ယောက်လုံး
ဆွဲချခံရမှာ သေချာတယ်။သူ့အနားမှာ
နေမဲ့အစား
ငါတို့နဲ့ဘာလို့မထားခဲ့တာလဲ။စိတ်မပူပါနဲ့.....၊
ငါလင်းရှုပ်ဟိုင်က မင်းတို့နှစ်ယောက်လုံးကို
လုံခြုံအောင် စောင့်ရှောက်ပေးမှာပါ!"

ဖန်မုန့်က ရုတ်တရက် အေးစက်စက်ပြောလိုက်၏ "ငါတို့က ယန်ယဲ့ရဲ့ မိန်းကလေးတွေ ဖြစ်နေပြီ။"

သူမပြောပြီးသည်နှင့် ဖန်မုန့်က ရှက်သွားသည်။ သူမသည် အသက်ငယ်သော်လည်း အရူးမဟုတ်ပေ။ လင်းရှူဟိုင်က သူမကို ငေးကြည့်နေသော အကြည့်များက စိတ်မသက်မသာ ဖြစ်စေသဖြင့် ၎င်း ဘာကြံနေကြောင်း သိသာပေသည်။

ဖန်လီက ဖန်မုန့်ကို ငုံ့ကြည့်ကာ ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သော်လည်း ငြင်းဆန်ခြင်းမရှိပေ။ ဖန်မုန့်က အခြေအနေကို သိမြင်နိုင်သည်ဖြစ်ရာ သူက တားဆီးမနေတော့ပေ။ သို့သော်လည်း သူမက တိမ်ပင်လယ်အကယ်ဒမီမှ လင်းရှူဟိုင် ကို မစော်ကားလိုပါ။

ဖန်မုန့် ပြောလိုက်သည့် စကားကြောင့် လင်းရှူဟိုင်၏

မျက်နှာအနည်းငယ် တင်းမာသွားကာ

သူ့ဘေးနားကလူငယ်က "ရှူဟိုင်! သူတို့ဟာ

တစ်စုံတစ်ယောက်နဲ့ ဆိုင်နေပြီလေ။ မစခင်မှာ မင်းရှုံးတယ်။ ဟားဟား!"

လင်းရှုဟိုင်က ခပ်ပြတ်ပြတ် ပြန်ပြောလိုက်၏

"တုန့်ရှီယ! သူတို့ ငါ့အပိုင်ဖြစ်မလားဆိုတာ ငါတို့ လောင်းကစားနေတာပဲ။ တခြားသူနဲ့သက်ဆိုင်တာပဲဖြစ်ဖြစ် မသက်ဆိုင်တာပဲဖြစ်ဖြစ် အရေးကြီးလို့လား။"

“ဒါဆို ဆက်လုပ်ပါ။ ဆက်လုပ်။ အကယ်ဒမီမှာ နံပါတ်တစ် အမျိုးသမီး လူသတ်သမားရဲ့

စွမ်းရည်ကို သက်သေပြပါရစေ။” တုရှိယ က ရယ်မောလိုက်သည်။

"မိန်းကလေးတွေကို ကိုင်တွယ်ဖို့ ငါတို့ ဒီကိုလာတာ မဟုတ်ဘူး!" ထိုအတောအတွင်း အမျိုးသမီးက "ဂိုဏ်းတူအစ်ကို ရှောင်ယ က ယန်ယဲ့ကို ရှင်းပြီးတာနဲ့ နင်တို့နှစ်ယောက်လုံး သူ့ဆန္ဒအတိုင်း လိုက်ကစားနိုင်မှာ မဟုတ်ဘူးလား”

"ချင်းယင် မှန်တယ်။ ဟားဟား….” လင်းရှုဟိုင်က တခစ်ခစ်ရယ်ပြီး ဖန်လီနှင့်

ဖန်မုန့်တို့ကို စိုက်ကြည့်ရင်း “ငါ အလုပ်တွေကို မြတ်နိုးတယ်။ ဒါကြောင့် မင်းတို့ ငါ့အနားလာချင်ရင် ဘေးကင်းဖို့ ငါအာမခံတယ်။ ယန်ယွဲ့နဲ့ ဆက်နေဖို့ တောင်းဆိုရင် ဟီးဟီး...။ ယန်ယွဲ့ သေသွားတာနဲ့ တာအိုအမိန့်တော်ရဲ့ စရိုက်အရဆို မင်းတို့နှစ်ယောက်လုံး သနားစရာကောင်းသွားလိမ့်မယ်!”

"ကောင်းကင်ဘုံက ကြင်နာတယ်!" ဖန်မုန့်က ရုတ်တရက် "အဲဒါ... နင်တို့အားလုံး အခုချက်ချင်း ထွက်သွားတာ အကောင်းဆုံးပဲ။

မဟုတ်ရင်… မဟုတ်ရင် နင်တို့ရဲ့ခေါင်းတွေကို နင်တို့ခန္ဓာကိုယ်နဲ့ ခွဲပေးခံရလိမ့်မယ်။"

ယန်ယွဲ့သည် သူ၏ ရန်သူများကို ခေါင်းဖြတ်သတ်ရ နှစ်သက်ကြောင်း သူမ သတိပြုမိခဲ့သည်။

"ငါတို့ခေါင်းပြတ်မှာလား" လင်းရှုဟိုင်က တဟားဟား ရယ်မောရင်း "ဂိုဏ်းတူအစ်ကို ရှောင်ယ က ယန်ယွဲ့ကို သူကိုယ်တိုင်သတ်ပစ်ဖို့ မပြောထားရင် ငါ အခုချက်ချင်း သတ်ပစ်တယ်!"

ဖန်မုန့်က တစ်ခုခုပြောချင်သော်လည်း ဖန်လီက လက်ကိုဆုပ်ကိုင်ပြီး ခေါင်းခါပြလိုက်သည်။ ဤလူများက ယန်ယဲ့ မည်မျှ ကြောက်စရာကောင်းသည်ကို မမြင်ဖူးသောကြောင့် ဖန်မုန့် ဘာပြောနေပါစေ မယုံကြပေ။

"ငါတို့ သူတို့ကို အရင်ဆုံး ဘယ်လိုဖြေရှင်းမလဲ" တုန့်ရှီယ က ရုတ်တရက်ပြောလိုက်သည်။ "ဂိုဏ်းတူအစ်ကို ရှောင်ယ က ယန်ယဲ့ကို မထိဖို့ပြောပေမယ့် ဒီအမျိုးသမီးတွေကို မထိဖို့ပြောခဲ့တာမဟုတ်ဘူး။

ရိုးရိုးသားသားပြောရရင် ငါမိန်းမကို မထိတာ တစ်လခွဲလောက်ရှိပြီ၊ ငါ မခံနိုင်တော့ဘူး!”

"ဒါပဲ ငါတွေးခဲ့တာ ဒါကိုအတိအကျပဲ! ဟားဟား!" စကားပြောပြီးသည်နှင့် လင်းရှုဟိုင်က တဖျပ်ဖျပ် တောက်ပလာပြီး ဖန်မုန့် နှင့် ဖန်လီ တို့ရှေ့ကို ချက်ချင်းရောက်လာပါသည်။ ထို့နောက် သူ့လက်ကို ဆန့်ကာ ဖမ်းဆုပ်လိုက်သည်။

အုန်း!

ပုံရိပ်တစ်ခု လွင့်ပျံမသွားခင်
ရောမပေါက်ကွဲသံကြီးတစ်ခု ထွက်ပေါ်လာပြီး
တုရှီယ နှင့် ချင်းယင် တို့ရှေ့မှာ
ပြုတ်ကျသွားလေသည်။

တုရှီယက မသေသေးသော်လည်း
သူ့လက်ရှိအခြေအနေက သေသည်ထက်ပင်
ဆိုးရွားနေ၏။ ထိုအခြေအနေကြောင့်
သူတို့နှစ်ယောက်လုံး အံ့သြသွားကြသည်။ သူ့
ဗိုက်ထဲရှိအစာအိမ်က ပြင်းထန်စွာ တုန်ခါနေပြီး
ပါးစပ်ကနေလည်း

ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများ
အဆက်မပြတ် ထွက်လာသည်။

နှစ်ယောက်စလုံး မော့ကြည့်လိုက်လိုက်ရာ
အနက်ရောင် အရိပ်တစ်ခုက သူတို့ရှေ့တွင်
ပေါ်လာပြီး လည်ပင်းပေါ် တစ်ခုခု ဖိမိသွားသလို
ခံစားလိုက်ရသည်။

"ယန်ယဲ့၊ မင်းလက်ကို လွှတ်လိုက်ပါ။"
ရုတ်တရက် အဝေးတစ်နေရာရှိ
အာကာသဟင်းလင်းပြင်က
အက်ကွဲသွားပြီးနောက် ထိုနေရာကနေ

လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦး ထွက်လာလေသည်။ "ယန်ယဲ့! မင်းရဲ့ရှေးဟောင်းဓားကျောင်းတော်နဲ့ တာအိုအမိန့်တော် ကြားကပြဿနာကို ဝင်စွက်ဖက်တာက သူတို့ရဲ့အမှားပဲ။ သူတို့ကို ငါ့လက်ထဲ အပ်လိုက်ပါ၊ ငါ သူတို့ကို အကယ်ဒမီပြန်ပို့ပြီး သေချာပေါက် အပြစ်ပေးမယ်။”

ယန်ယဲ့သည် လူလတ်ပိုင်းအဘိုးအိုအား စိုက်ကြည့်ကာ "သူတို့ဘဝအတွက် အဆင့်လွှန်စွမ်းအင်ကျောက်တုံး ၁၀,၀၀၀ !"

လူလတ်ပိုင်းအရွယ်က မျက်နှာပျက်သွားပြီး “ငါက တိမ်ပင်လယ်အကယ်ဒမီရဲ့ နည်းပြဆရာပါ။ ငါ….”

"ပေးမှာလား မပေးဘူးလား?" ယန်ယဲ့က လူလတ်ပိုင်းကို စကားဖြတ်ပြောပြီး “ငါ့ကို ခြိမ်းခြောက်ဖို့ မကြိုးစားနဲ့။ တာအိုအမိန့်တော်ရဲ့ ငရဲခေါင်းတလားကိုတောင် ဖျက်ဆီးရဲတာ။ ဒါကြောင့် ငါမလုပ်ဝံ့တာ ဘာမှမရှိဘူး!"

လူလတ်ပိုင်းအဘိုးအိုက "ယန်ယဲ့၊
မင်းဘာလုပ်နေလဲ ဆိုတာ မင်းသိလား!"

ခွပ်!

ရုတ်တရက် အရိုးကျိုးသွားသောအသံ
ထွက်ပေါ်လာသည်။

၁၀၂၃

Almighty Sword Domain
အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]
ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၁၀၂၃ - ကောင်းကင်ကြယ်မြို့သို့ ရောက်လာခြင်း

ယန်ယဲ့က သူ့ဘယ်ဖက်လက်ကို ဖြေလျော့လိုက်ရာ တုန်ရှိယ၏ အလောင်းက မြေပြင်ပေါ်သို့ ပြုတ်ကျသွားသည်။ သို့သော် သူ့ခေါင်းပြတ်က ယန်ယဲ့လပ်ထဲမှာ ရှိနေဆဲဖြစ်သည်။ ယန်ယဲ့သည် လူလတ်ပိုင်းအမျိုးသားကို လှည့်ကြည့်ကာ “အခုတော့ ဒါဟာ သူတို့အသက်အတွက် အဆင့်လွန် စွမ်းအင်ကျောက်တုံး ၂၀,၀၀၀ ပဲ။ မင်းပေးမှာလား ဒါမှမဟုတ် ငြင်းမလား။"

"ငါ... မင်းကို ပေးလိုက်မယ်!"
လူလတ်ပိုင်းအမျိုးသားက
စကားမပြောနိုင်သေးခင်မှာပဲ
ယန်ယဲ့၏လက်ထဲ ဖမ်းဆုပ်ခံထားရသော
အမျိုးသမီးက ကမန်းကတန်းပြောလိုက်သည်။

ယန်ယဲ့သော် သူ့အကြည့်ကို လူလတ်ပိုင်းထံမှ
ပြန်ရုတ်ပြီး ပါးစပ်ထောင့်တွင်
အနည်းငယ်ပြုံးကာ “မင်းက
ပိုဉာဏ်ကောင်းတယ်!”

အမျိုးသမီးက ယန်ယဲ့အား ကြောက်လန့်တကြား မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။ အမှန်တော့ သူမသည် အသိဉာဏ် ရှိနေသောကြောင့် ကြောက်လန့်နေခဲ့တာပါ။ နောက်ဆုံးတွင် သူမက ယန်ယဲ့ နှင့်အဆင့်တူ ချီးမြှောက်ခြင်းနယ်ပယ်အထွတ်အထိပ်ပညာရှင်သာ ဖြစ်သည်။

သို့သော်လည်း သူမသည် ယန်ယဲ့ကို ပြန်လည်တိုက်ခိုက်နိုင်စွမ်းမရှိကြောင်း သတိပြုမိလိုက်သည် ။

ယန်ယဲ့သည် အမျိုးသမီးထံမှ
သိုလှောင်လက်စွပ်ကို ရသည်နှင့် သူမကို
မြေပြင်ပေါ် လွှတ်ချလိုက်သည်။ ထို့နောက်
အသက်ရှူနေဆဲဖြစ်သော လင်းရှုဟိုင် ထံသို့
လျှောက်သွားလေသည်။ ဤအခိုက်တွင်
လင်းရှုဟိုင်လည်း အမျိုးသမီးကဲ့သို့ပင်
သူ့မျက်လုံးများသည် ထိတ်လန့်မှုဖြင့်
ပြည့်နှက်နေသည်။

ရုတ်တရက် လူလတ်ပိုင်အမျိုးသားက
“အဆင့်လွန် စွမ်းအင်ကျောက်တုံး ၁၀,၀၀၀ ကို
ငါပေးမယ်!”

"ဒီလူကို ငါမရောင်းဘူး!"

သူစကားပြောပြီးသည်နှင့် ယန်ယဲ့၏

ခြေထောက်က လျှပ်စီးလက်သည့်အလား

လင်းရှူဟိုင်၏ ဗိုက်ကို

ဖြတ်ကန်လိုက်တော့သည်။

"မင်း သေလမ်းရှာတာဘဲ!"

လူလတ်ပိုင်းအမျိုးသားထံမှ

ကြောက်မက်ဖွယ်ကောင်းသော

အငွေ့အသက်များ ထွက်ပေါ်လာပြီး

ယန်ယဲ့ဆီသို့ လှမ်းခြံသွားသည်။

"မင်းက သိုင်းကျောဇ်လေးပဲလေ။
ဘယ်လိုကြောင့် ဒီလောက်ဆူညံနေတာလဲ"
ယန်ယဲ့ပြောပြီးသည်နှင့် ရင်းရှေ့တွင် ပေါ်လာပြီး
လည်ပင်းကို ဖမ်းဆုပ်ထားလိုက်၏။

“မင်း….” လူလတ်ပိုင်းအမျိုးသား၏
မျက်လုံးများတွင်လည်း ကြောက်လန့်မှုများ
ပေါ်လာသည်။ သူလို အလယ်အလတ်အဆင့်
သိုင်းကျောဇ်က ယန်ယဲ့ရှေ့မှာ
အကူအညီမဲ့လိမ့်မည်ဟု သူ
မမျှော်လင့်ထားခဲ့ပေ။

ရုတ်တရက် သူတို့နှင့် သိပ်မဝေးသော နေရာမှ အာကာသဟင်းလင်းပြင်သည် ပြင်းထန်စွာ တုန်လှုပ်သွားပြီး အဖြူရောင်ဝတ်ရုံဝတ်အဘိုးအိုတစ်ယောက် ပေါ်လာသည်။

အဘိုးအိုက တိမ်ပင်လယ်အကယ်ဒမီ၏ဝတ်ရုံကိုဝတ်ဆင်ထားသည့် အဆင့်မြင့် သူတော်စင်တစ်ပိုင်းအဆင့် ဖြစ်သည်။

အဘိုးအိုက ယန်ယဲ့ကို စူးစိုက်ကြည့်ရင်း
“ဒီဆိတ်အိုကြီးဂူ က သူ့ကိုယ်ပိုင်တပည့်အဖြစ်
လူတစ်ယောက်ကို ခေါ်ယူထားနိုင်လို့
လူတိုင်းရှေ့မှာ ဂုဏ်ယူနေတယ်။ ပထမတော့
သူက ကြွားလုံးထုတ်နေတာပဲလို့
ငါထင်ခဲ့တယ်။ ဒါပေမဲ့ အခုတော့ သူ့မှာ
တကယ်ဂုဏ်ယူသင့်ပုံပေါ်ပါတယ်။”

"အကြီးအကဲ၊ ငါ့ဆရာကို သိတာလား"
ယန်ယဲ့သည် ဒီအချိန်မှာ
ရှေးဟောင်းဓားကျောင်းတော်၏ အမည်ကိုသာ
သုံးရမည်ဖြစ်ကြောင်း သိသွားတော့သည်။

"ဟုတ်ပါတယ်!"

ယန်ယဲ့က လူလတ်ပိုင်းအမျိုးသားကို လွှတ်ပေးလိုက်ပြီး “ဒါဆို ငါက အကြီးအကဲကို မျက်နှာသာ ပေးရမယ်။ အကြီးအကဲ၊ ကျေးဇူးပြုပြီး တိမ်ပင်လယ်အကယ်ဒမီရဲ့ လူငယ်မျိုးဆက်သစ်တွေကို ငါနဲ့ ပြဿနာမရှာဖို့ အတတ်နိုင်ဆုံးပြောပေးပါ။ တကယ်လို့ ပြဿနာရှာရင်လည်း သူတို့က အဆင့်လွန် စွမ်းအင်ကျောက်တုံးတွေ

ပိုယူလာပေးတာ အကောင်းဆုံးပဲ။ မဟုတ်ရင် သူတို့ ပြန်မလာနိုင်တော့မှာ ကြောက်တယ်!”

"မင်းတကယ် မာနကြီးတာပဲ!" အဘိုးအိုက ဆက်ပြောလိုက်သည် “မင်းအသက်ရှင်နိုင်ရင် ငါ့အကယ်ဒမီကို လာကြည့်ပါ။ ငါ့အကယ်ဒမီက မင်းကို ဒီကမ္ဘာမှာ အမြဲတမ်း ပိုသန်မာတဲ့သူတစ်ယောက်ရှိတယ်ဆိုတာ မင်းသဘောပေါက်နိုင်စေလိမ့်မယ်။”

ယန်ယဲ့က "ကောင်းပြီ....၊ ငါသေချာပေါက် လာမှာပါ"

"ငါတို့ မင်းကိုစောင့်နေမယ်!"
သူပြောပြီးသည်နှင့် အဘိုးအိုသည် ညာလက်ကို
ဝှေ့ယမ်းကာ လူလတ်ပိုင်းအမျိုးသားနှင့်
အမျိုးသမီးတို့နှင့်အတူ
ပျောက်ကွယ်သွားခဲ့သည်။

"နင်က ပိုတောင် သန်မာလာတယ်!"
ရုတ်တရက် တာအိုအမိန့်တော်၏
အနက်ရောင်ဝတ်အမျိုးသမီးသည်
ဤနေရာတွင် ပေါ်လာသည်။

“ငါ့ကို သတ်ချင်ရင် သန်မာတဲ့လူကို လွှတ်လိုက်ပါ။ ငါ့အချိန်တွေကို ဖြုန်းတီးဖို့ ဒီ အသုံးမဝင်တဲ့ အမှိုက်တွေ ပို့နေတာ ရပ်သင့်ပြီ။ ဒါ့အပြင် သူတို့က စွမ်းအင်ကျောက်တုံးများများ ပိုယူလာရင်ကို အကောင်းဆုံးပဲ။အခု ငါက...အရမ်းဆင်းရဲနေသေးတယ်!"

သူပြောပြီးသည်နှင့် ယန်ယဲ့သည် အနက်ရောင်ဝတ်အမျိုးသမီးကို ဂရုမစိုက်တော့ဘဲ နောက်လှည့်၍ ရထားလုံးဆီသို့ လျှောက်သွားသည်။

အနက်ရောင်ဝတ်အမျိုးသမီးက ယန်ယဲ့ ရထားလုံးပေါ်တက်ပြီး ထွက်ခွာသွားသည်ထိ ကြည့်နေခဲ့ပြီး အကြာကြီးရပ်နေခဲ့သည်။

ဖန်မုန့်က ယန်ယဲ့၏လက်မောင်းကို တင်းတင်းကြပ်ကြပ်ဖက်ထားရင်း "ယန်ယဲ့! နင်က ချီးမြှောက်ခြင်းနယ်ပယ်မှာပဲ ရှိသေးတာလေ။ ဘာလို့အရင်ကထက်အများကြီးပိုသန်မာနေတယ်လို့ ငါခံစားရတာလဲ။"

ယန်ယဲ့က ပြုံးလိုက်သည်။ သူသည်
သဘာဝအားဖြင့် ပို၍ သန်မာလာခဲ့သည်။
အဆင့်လွန် စွမ်းအင်ကျောက်တုံး ၂၀,၀၀၀
နီးပါးကို စုပ်ယူပြီးနောက်တွင်
သူ၏ရုပ်ခန္ဓာခွန်အားက
သူတော်စင်တစ်ပိုင်းအဆင့်သို့
ပြန်ရောက်သွားခဲ့သည်။ ယခုအချိန်တွင်
သူသည် ချီးမြှောက်ခြင်းနယ်ပယ်သာ
ဖြစ်သော်လည်း သူ၏ရုပ်ခန္ဓာခွန်အားက
သုတော်စင်တစ်ပိုင်းအဆင့်တွင်
ရှိနေပြီဖြစ်သည်။

ဒီအချိန်မှာ သူက သူ၏ခန္ဓာကိုယ်သွေးကြော ပြဿနာကို ဖြေရှင်းရန်သာ လိုတော့၏။ ထို့နောက်တွင် သူတော်စင်တစ်ပိုင်းအဆင့်က သူ့လက်ထဲ၌ အသတ်ခံဖို့ စောင့်နေသည့် ကြက်၊ငှက်ကလေးများ ကဲ့သို့ ဖြစ်လိမ့်မည်။

"ငါတို့ ရောက်ပြီ!" ရုတ်တရက် ဖန်လီ၏ အသံ ထွက်ပေါ်လာသည်။

ယန်ယွဲ့သည် ရှေ့ကို မျှော်ကြည့်လိုက်ရာ အိပ်စက်နေသော သားရဲကြီးတစ်ကောင်ကဲ့သို့ မလှုပ်မကမ်းမှ မြို့ကြီးတစ်မြို့ကို

မြင်လိုက်ရသည်။ ထို့အပြင်
မြို့တစ်ခုလုံးပတ်ပတ်လည်တွင်
အဆုံးမဲ့တောင်တန်းများရှိနေသည်။

"ဟမ်?" ယန်ယဲ့က ရုတ်တရက်
မျက်မှောင်ကြုတ်သွားသည် ။

ဖန်လီက "ဒါကဘာလဲ?"

ယန်ယဲ့က "ကောင်းကင်ကြယ်မြို့က
အခြေအနေ မကောင်းဘူး၊ မကြာခင် မြို့
ကျတော့မယ်။"

...

ကောင်းကင်ကြယ်မြို့တော်....။

ဤအချိန်တွင် ကောင်းကင်ကြယ်မြို့တော်သည် ပရမ်းပတာဖြစ်နေခဲ့သည်။ မြို့ရိုးနှင့် အနီးတစ်ဝိုက်ရှိ ဧရိယာများက လူသေအလောင်းများ ဖုံးလွှမ်းနေကာ မြို့နံ့ရံထက်ဝက်ကျော်သည်လည်း ပျက်စီးသွားခဲ့သည်။ အလောင်းများထဲတွင်

နတ်ဆိုးသားရဲများ ရှိသော်လည်း အများစုမှာ လူသားများဖြစ်သည်။

လီချင်ကျင်း နှင့် လီမိုကျန်း တို့က မြို့ရိုးပေါ်တွင် ရပ်နေပြီး နှင်းဖြူရောင်ဆံပင်နှင့် အဘိုးအိုတစ်ယောက် သူတို့ရှေ့တွင် ရပ်နေသည်။

ဆံပင်ဖြူ အဘိုးအိုက "ချင်ကျင်း၊ မိုကျန်း! မင်းတို့ နှစ်ယောက်စလုံး ဉမင်လိုဏ်ခေါင်းကနေ ထွက်သွားရင် အသက်ရှင်နိုင်မှာသေချာတယ်!"

လီမိုကျန်းက အကူအညီမဲ့စွာ ရယ်မောပြီး "အဖိုး၊ အဖိုး မပါဘဲ ငါတို့နှစ်ယောက်လုံး ထာဝရ ငြိမ်းချမ်းအောင် နေနိုင်မှာ မဟုတ်ဘူး!"

"မင်းတို့နှစ်ယောက်လုံး ဆက်နေမယ်ဆိုရင် အေးချမ်းစွာနေနိုင်ပေမဲ့ ငါတို့မြို့က မရေမတွက်နိုင်တဲ့လူတွေဟာ ထာဝရနောင်တနဲ့သေလိမ့်မယ်!" အဘိုးအိုက သက်ပြင်းချပြီး "ချင်ကျင်သ၊ မိုကျန်း! မင်းတို့နှစ်ယောက်လုံးရဲ့ပင်ကိုယ်စွမ်းရည်က မဆိုးပါဘူး။ အထူးသဖြင့် မိုကျန်း ။ ကံမကောင်းစွာပဲ၊ ငါ လီရှမ်ဂျီက ကိုယ့်ရဲ့မြေးကို

ကောင်းကောင်းမကာကွယ်နိုင်ခဲ့လို့
တစ်စုံတစ်ယောက်ရဲ့အဆိပ်ခတ်လုပ်ကြံတာကို
ခံခဲ့ရတယ်။ မင်းရဲ့အနာဂတ်တစ်ခုလုံးကို
ဖျက်ဆီးခဲ့သလို ငါတို့မြို့ရဲ့အနာဂတ်ကိုလည်း
ဖျက်ဆီးပစ်လိုက်တယ်။ ငါ....
တကယ်ကိုမိုက်မဲလွန်းတယ်!!!"

လီမိုကျန်းက "ဒါပေမဲ့ အခုအချိန်မှာ
ထွက်သွားဖို့က ငါ့အတွက်
အသက်ဆက်ရှင်ဖို့ကျ အခိပ္ပါယ်မရှိဘူး!"

"မင်းသေရင် ငါ့လီကလန်က
အမွေဆက်ခံသူမရှိဘဲဖြစ်လိမ့်မယ်!"
လီရှမ်ဂျီက "မိုက်ကျန်း၊ ချင်ကျင်း!
ခေါင်းမာမနေပါနဲ့။ မင်းတို့နှစ်ယောက်လုံး
အသက်ရှင်နေမယ်ဆိုရင် ငါတို့ လီကလန်က
အနာဂတ်အတွက် မျှော်လင့်ချက်ရှိနေဦးမှာ။
အဲဒါမှ ငါတို့ကိုယ်စား လက်စားချေဖို့
အခွင့်အရေးရှိမှာမဟုတ်လား။ ဒါပေမဲ့
ငါ့ရဲ့မြေးလေးတွေ! မင်းတို့သေရင်
ငါတို့လီကလန်အတွက် ဘယ်သူက
လက်စားချေမလဲ"

လီမိုကျန်းက တိတ်ဆိတ်သွားသည်။

"ပြောစရာတွေရှိသေးလား။ ငါရုံရန်ရှင်းက မင်းတို့ကို ဆက်ပြီး အချိန်မပေးနိုင်တော့ဘူး။" ရုံရန်ရှင်းဟု ခေါ်သော လူလတ်ပိုင်းက အေးစက်စွာပြောခဲ့သည် " ကောင်းကင်ကြယ်မြို့မှာ အဆင့်နိမ့်ဝိညာဉ်သွေးကြော ၄ ခုရှိတယ်။ ဒါပေမဲ့ ငါ့ရဲ့ ကျိုးပျက်ခြင်းဆေးဘာအိမ်တော် နဲ့ သားရဲထိန်းချုပ်ဂိုဏ်းမှာက တစ်ခုစီပဲ ရှိတယ်။ ပြောပါ၊ ငါတို့က အဲဒါကို မလိုချင်ဘဲ ဘယ်လိုဖြစ်နိုင်မလဲ။ ဟုတ်ပါတယ်၊ အဲဒါက

အကြောင်းပြချက်အစစ်တော့ မဟုတ်ဘူး။
အကြောင်းရင်းအမှန်ကတော့
တစ်စုံတစ်ယောက်က မင်းရဲ့
ကောင်းကင်ကြယ်မြို့ကို
ဖျက်ဆီးချင်နေလို့လေ။  ဟားဟား!"

"ငါ့ကောင်းကင်ကြယ်မြို့ကို ဘယ်သူက
အတိအကျ စော်ကားခဲ့တာလဲ!" လီရှမ်ဂျီက
တိုးညှင်းသော အသံဖြင့် ပြောလိုက်သည်။

"ငါ!" ရုတ်တရက် ကောင်းကင်ထက်မှ
အေးစက်သော အသံတစ်ခု

ထွက်ပေါ်လာပြီးနောက်
လင်းယုန်နက်၏နောက်ဘက်တွင် ရပ်နေသော
အမျိုးသမီးတစ်ဦးသည် ၎င်းတို့ဆီသို့
ခုန်ဆင်းချလိုက်သည်။

"သခင်မလေး မင် !" လီရှမ်ဂျီ၏
အမူအရာသည် အနည်းငယ်
ပြောင်းလဲသွားသည်။ အဘယ်ကြောင့်ဆိုသော်
မိန်းမပျိုက သိုင်းညာနှလုံးသားမြို့တော်သခင်၏
သမီးဖြစ်နေသောကြောင့်ပါ။
သိုင်းပညာနှလုံးသားမြို့တော်က ရွှေအဆင့်
မဟာဂိုဏ်း တစ်ခုဖြစ်သည်။

"အဲဒါမင်းပဲ!" လီမိုကျန်းက သူမကိုမြင်သောအခါ မျက်မှောင်ကြုတ်သွားသည်။

" လီမိုကျန်း! နင် ငါ့ကို သိုင်းပညာနှလုံးသားမြို့တော်သခင်ရဲ့ သမီးဖြစ်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားဘူးမဟုတ်လား။" အမျိုးသမီးက အေးစက်စက်ပြောပြီး လီမိုကျန်းကို စိုက်ကြည့်နေသည်။ " အဲဒီနေ့တုန်းက နင်ငါ့ကို လူသိရှင်ကြား

ငြင်းပယ်ခဲ့လို့ နင်ဘယ်တော့မှ ခံနိုင်ရည်မရှိတဲ့ တန်ကြေးတစ်ခုပေးဆပ်ရမယ်လို့ ငါပြောခဲ့တယ်။ အခုတော့ နင် အံ့သြသွားပြီမဟုတ်လား။ နင့်ကြောင့် နင့်ရဲ့မိသားစုက ပျက်စီးတော့မယ်။ ဟားဟား!" အမျိုးသမီး၏ မျက်လုံးများတွင် ရူးသွပ်မှု အရိပ်အယောင်များ ရှိနေသော်လည်း အခြားသော ခံစားချက်မျိုးစုံ ရောနှောနေပါသည်။

"ဒါဆို ဒီအရာတွေနောက်ကွယ်မှာ ရှိနေတာက မင်းပဲပေါ့။" လီမိုကျန်းက

မျက်လုံးများကိုမှိတ်ထားပြီး လက်သီးများကို တင်းတင်းဆုပ်ထားသည်။

"နင် ငါ့ကို မမုန်းဘူးလား? ဟုတ်တယ် နင်ငါ့ကိုမုန်းစေချင်တယ်။ နင်ငါ့ကို ထာဝရမုန်းသွားစေချင်တယ်!" အမျိုးသမီးက “သူတို့ကို သတ်လိုက်ပါ။ လီမိုကျန်းက လွဲရင် လီကလန်ကလူတိုင်းကို သတ်ပစ်လိုက်။"

“ကောင်းပြီ!” ရုံရန်ရှင်းက အေးစက်စွာ ရယ်မောလိုက်ပြီး တိုက်ခိုက်ရန်ပြင်လိုက်၏။

ထိုအချိန်တွင် အဝေးကနေ ရထားလုံးတစ်စင်း တရကြမ်းပြေးဝင်လာခဲ့သည်။

"မင်းတို့က သေလမ်းရှာတာဘဲ!" သားရဲထိန်းချုပ်ဂိုဏ်း၏ တပည့်တစ်ဦးသည် ရထားဆီသို့ လျှောက်လာခဲ့သည်။ သို့သော် သူက ရထားလုံးအနီးကိုပင်မရောက်လိုက်ဘဲ နောက်ပြန်လွင့်ထွက်လာကာ အသားတစ်ပုံကြီးအဖြစ် ပြောင်းလဲသွားခဲ့သည်။

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၂၄ - တစ်ချက်တည်းနှင့် ရိုက်နှက်ခြင်း

ယုကန်းပင် နှင့် ရုံရန်ရှင်း တို့၏ အမူအရာသည် အနည်းငယ် ပြောင်းလဲသွားသည်။ သူတို့ကအကြည့်ချင်းဖလှယ်ပြီး တစ်ယောက်နှင့်တစ်ယောက် မျက်လုံးထဲတွင် လေးနက်မှုအရိပ်အယောင်များကို

တွေ့လိုက်ရသည်။ရထားလုံး ဆီသို့
အပြေးသွားသည့် တပည့်က
ချီးမြှောက်ခြင်းနယ်ပယ်အဆင့် ဖြစ်သော်လည်း
ချက်ချင်း အသတ်ခံလိုက်ရ၏။

ထိုအချိန်တွင် ရထားလုံးရပ်သွားပြီးနောက်
အမျိုးသားတစ်ဦးနှင့် အမျိုးသမီး ၂ ဦး
ထွက်ခွာလာခဲ့သည်။

လီချင်ကျင်းက အထိတ်တလန့်နှင့်
အော်ဟစ်လိုက်မိသည်။ "ယန်ယဲ့!"

ယန်ယဲ့၏နာမည်က ဤနေရာမှလူတိုင်းနှင့် သိပ်မရင်းနှီးသေးပေ။ အမှန်တော့ ၎င်းသည် စီရင်စုတစ်ခုလုံး၏ အလှမ်းဝေးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

ယန်ယဲ့သည် ပတ်ဝန်းကျင် လူများကို တစ်ချက်ကြည့်လိုက်ပြီးနောက် သူ့အကြည့်က လီမိုကိန်း ပေါ်သို့ ကျဆင်းလာကာ "ညီအစ်ကိုလီ၊ မြို့ထဲမှာရှိတဲ့ ပေါ်တယ်စနစ်ကို အသုံးပြုခွင့်ပေးပါ!"

လီမိုကျန်းက ယန်ယွဲ့ကို ခဏလောက် ကြည့်ပြီး "ဒါက ပြဿနာမဟုတ်ပါဘူး!"

"ဒါဆိုရင် ညီအစ်ကိုလီ ကို ကျေးဇူးတင်ပါတယ်!" ယန်ယွဲ့၊ ဖန်လီ နှင့် ဖန်မုန့်တို့က ကောင်းကင်ကြယ်မြို့ထဲသို့ လျှောက်ဝင်လာကြသည်။

သို့သော်လည်း မကြာခင် သူတို့လမ်းရှေ့မှာ အများအပြား ပိတ်ရပ်နေကြောင်း သတိထားမိလိုက်၏။

ယန်ယဲ့က မျက်မှောင်ကြုတ်သွားပြီး ယုကန်းပင် နှင့် ရှံရန်ရှင်း တို့နှစ်ဦးလုံးကို စိုက်ကြည့်ရင်း “ငါ ဖြတ်သွားနေတာ။ မင်းတို့ရဲ့လုပ်ငန်းကို ငါဝင်မစွက်ဖက်ချင်ဘူး!"

ယုကန်းပင်က ယန်ယဲ့ကို ခဏလောက် စိုက်ကြည့်နေသည် "သူ့ကို လွှတ်ပေးလိုက်!"

"မလုပ်နဲ့!" ရုတ်တရက် မိုးကုပ်စက်ဝိုင်းမှ အသံတစ်ခု ထွက်ပေါ်လာပြီးနောက်

အဘိုးအိုတစ်ယောက် ဤနေရာကို ရောက်လာသည်။ ၎င်းသည် ထိုနေ့က ထွက်ပြေးသွားသည့် အဘိုးအိုရဲကျန်းပင်တည်း။

အဘိုးအိုရဲကျန်းက "အစ်ကိုရုံ! အစ်ကိုရုံက သူဘယ်သူလဲဆိုတာ မင်းသိလား" “အစ်ကိုရုံ၊ သူက ဒါဇင်နဲ့ချီတဲ့ ချီးမြှောက်ခြင်းနယ်ပယ်တွေနဲ့ မင်းရဲ့သားရဲထိန်းချုပ်ဂိုဏ်းက သိုင်းကျောဇ် တစ်ဒါဇင်ကျော်ကို သတ်ခဲ့တဲ့သူပဲ။ ဒါ့အပြင် မင်းရဲ့မြေး ဇီရှင်း ရဲ့လက်မောင်းကို

ခုတ်ထစ်ခဲ့တာလည်း သူပဲ။ ဒါအပြင်
အစ်ကိုယု! မင်းရဲ့သားကို သတ်တဲ့တရားခံက
သူပဲလေ။"

ယုကန်းပင် နှင့် ရုံရန်ရှင်း တို့နှစ်ယောက်စလုံး၏
မျက်နှာပေါ်တွင်
ရက်စက်ကြမ်းကြုတ်သောအမူအရာ
ချက်ချင်းပေါ်လာသည်။

ယုကန်းပင်က "သူ့ကို
အပိုင်းပိုင်းလှီးဖြတ်လိုက်။ သူ့ဘေးနားက

အမျိုးသမီးတွေကိုတော့
အသက်ဆက်ရှင်စေချင်တယ်!"

ဂုစ်

အနက်ရောင်အလင်းတန်းတစ်ခုက
ကောင်းကင်ကို လင်းထိန်သွားပြီးနောက်
သားရဲထိန်းချုပ်ဂိုဏ်း နှင့်
ကျိုးပျက်ခြင်းဆေဘာအိမ်တော်၏
ရာချီသောတပည့်များ ချက်ချင်း
သေဆုံးသွားကြသည်။

"သူ့အသက်က ငါ့ရှောင်ယုပိုင်တယ်!
သူ့မိန်းမတွေကလည်း ငါ့ရှောင်ယုပိုင်တယ်!"
အနက်ရောင်ဝတ်လူတစ်ယောက်
ရောက်လာသည်။

သူတို့အားလုံး အသံထွက်ရာဆီသို့
လှမ်းကြည့်လိုက်ရာ
လုံ့ရှည်တစ်ချောင်းကိုင်ထားသော
အနက်ရောင်ဝတ်ငယ်တစ်ယောက်က
ကောင်းကင်ထက်ကနေ ဆင်းသက်လာသည်ကို
မြင်လိုက်ရသည်။ အနက်ဝတ်လူငယ်က

ခြေတစ်လှမ်းချလိုက်တိုင်း သူ့ရှေ့မှ
အာကာသဟင်းလင်းပြင်သည်
တုန်လှုပ်သွားစေခဲ့ပြီး သူ့ခြေထောက်က
ဖိအားကို မခံနိုင်သလိုပင်။

ယုကန်းပင်က ဒေါသတကြီးဖြစ်ကာ
တိုက်ခိုက်လုဆဲဆဲဖြစ်သော်လည်း
သိုင်းပညာနှလုံးသားမြို့၏သခင်မလေးက
အနက်ရောင်ဝတ်လူငယ်ကို
အပြေးအလွှားနှုတ်ဆက်လိုက်သည်။

"စီနီယာရှောင်ယု! နင် ဒီမှာ ဘာလုပ်နေတာလဲ"
သူမက အနက်ရောင်ဝတ်လူငယ်က
အတော်လေး လေးစားပုံပါ။

စီနီယာ!

ယုကန်းပင် နှင့် ကျန်လူများလည်း
အံ့သြသွားကြ၏။
မိန်းမပျိုမြင် က
တိမ်ပင်လယ်အကယ်အကယ်ဒမီ၏ တပည့်
ဖြစ်ကြောင်း သူတို့သိထားသည်။

ထို့ကြောင့် သူမကို စီနီယာဟု
ခေါ်စေသောလူက
တိမ်ပင်လယ်အကယ်အကယ်ဒမီမှ ဖြစ်နိုင်၏။

"အိုး၊ မင်းက ဂျူနီယာညီမ မင်ကျန်းရှဲ့!"
ရှောင်ယုက ယန်ယွဲ့ကို မကြည့်မိ
ခေါင်းညိတ်လိုက်ပြီး "တစ်စုံတစ်ယောက်က ငါ့
တာအိုအမိန့်တော်ရဲ့ ငရဲခေါင်းတလားကို
ဖျက်ဆီးပစ်လိုက်တယ်။ တာအိုအမိန့်တော်ရဲ့
တပည့်တစ်ယောက်အနေနဲ့ ငါ ဘယ်လိုလုပ်
ဒီအတိုင်း ကြည့်နေနိုင်မှာလဲ။"

မင်ကျန်းရွဲ့က ယန်ယဲ့ကို အံ့သြတကြီး စိုက်ကြည့်ရင်း "သူက... သူက ရှေးဟောင်းဓားကျောင်းတော်ရဲ့တပည့်လား!"

ရှေးဟောင်းဓားကျောင်းတော်၏ တပည့်....။

ထိုစကားကို ကြားလိုက်ချိန်မှာ ယုကန်းပင် နှင့် လူတိုင်း၏ မျက်နှာက အရုပ်ဆိုးသောအမူအရာများပေါ်လာကြသည်။ အမှန်စင်စစ် ဤရုပ်ဆိုးဆိုးလူငယ်က

ရှေးဟောင်းဓားကျောင့်တော်၏ တပည့်
ဖြစ်နေမည်ဟု သူတို့ မထင်ထားကြပေ။

တိမ်ပင်လယ်အကယ်ဒမီ၊ တာအိုအမိန့်တော်၊
ရှေးဟောင်းဓားကျောင်းတော် ပင်ဖြစ်စေ
၎င်းတို့ထဲမှ တစ်ခုစီဟာ သူတို့ စော်ကားဖို့
မတတ်နိုင်သော

တည်ရှိမှုများပင်။ သူတို့က
သူတို့၏မျိုးဆက်များအတွက်
လက်စားချေလိုသည်မှာ သဘာဝပင်။
အထူးသဖြင့် ရုံရန်ရှင်းက သူ့သားကို
ဆုံးရှုံးလိုက်ရသောကြောင့် မည်သို့မျှ

ကလဲ့စားချေလိုစိတ်ကို စွန့်လွှတ်နိုင်မည်နည်း။ သို့သော်လည်း သူက ယန်ယဲ့ကို လုံးဝမဆန့်ကျင်နိုင်ကြောင်း နားလည်သွားခဲ့သည်။ ထိုသို့မဟုတ်လျှင် ကျိုးပျက်ခြင်းဆေဘာအိမ်တော်တစ်ခုလုံး ချက်ချင်းပင် ခွေသတစ်ကောင်၊ကြောင်တစ်မြီးပက်မကျန် အသတ်ခံရပေမည်။

ရှောင်ယုက အေးစက်စွာ ရယ်မောပြီး "ရှေးဟောင်းဓားကျောင်းတော်က ငါ့တာအိုအမိန့်တော် နဲ့ အမြဲရန်သူ ဖြစ်နေပေမဲ့

ငရဲခေါင်းတလားကို ငါ့ ဖျက်ဆီးဖို့ သတ္တိရှိသူ တစ်ယောက်မှ မရှိခဲ့ဘူး။

ဓားအင်ပါယာလုဝမ်အာက နှစ်ပေါင်း ၁၀,၀၀၀ အတွင်းမှာ ရှားပါးပါရမီရှင်တစ်ယောက်လို့ ပြောနိုင်တယ်။ သူ့လိုလူကတောင် ဒါကို မထိရဲဘူး။ ဒါပေမဲ့ အခုထိ နာမည်မရှိသေးတဲ့သူက သတ္တိရှိမယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့မိဘူး။ မင်းရဲ့ရဲရင့်မှုက ခွန်အားကနေ လာတာလား ဒါမှမဟုတ် တမင်သက်သက် သေပန်းပွင့်နေတာလား။"

မင်ကျန်းရွဲ့သည် တာအိုအမိန့်တော်မှ
တစ်စုံတစ်ဦးကို စော်ကားရန်
မတတ်နိုင်သောကြောင့်
ဘေးဖယ်နေလိုက်သည်။ သို့သော်
ထိုနည်းအတူပင် သူမသည်
ရှေးဟောင်းဓားကျောင်းတော်မှ
တစ်စုံတစ်ဦးကို စော်ကားရန် မတတ်နိုင်ပေ။
ဒီအချိန်မှာ သူမ လုပ်နိုင်သည့်
တစ်ခုတည်းသောအရာက နှုတ်ဆိတ်နေပြီး
မည်သည့်ဖက်ကိုမျှ မကူညီဘဲငြိမ်နေခြင်းသာ။
ထိုသို့မဟုတ်ဘဲ တာအိုအမိန့်တော်က လူကို
ကူညီလိုက်ပါက သူမ

တိမ်ပင်လဲ်အကာယ်ဒမီကို
ပြန်မရောက်ခင်မှာပင်
ရှေးဟောင်းဓားကျောင်းတော်၏
မရေမတွက်နိုင်သော တပည့်များက ချက်ချင်း
ဝိုင်းပြီးအမဲဖျက်ကြပါလိမ့်မည်။

ထိုအချိန်တွင် ယန်ယဲ့သည် ရှောင်ယုကို
အထင်အမြင်သေးစွာဖြင့် စိုက်ကြည့်ရင်း
“ယောက်ျားတွေက လက်သီးနဲ့ ထိုးသင့်ပေမဲ့
မင်းကတော့ မိန်းမတွေကို အသုံးချဖို့
ရည်ရွယ်ထားတာ။ တာအိုအမိန့်တော်မှာ
မင်းလို အမှိုက်တွေ ပြည့်နေတယ်ဆိုရင်

ငါပြောနိုင်တာက ငါ့ဆီလာတဲ့သူအားလုံးကို ငရဲပို့ပေးမယ်!"

“လာတဲ့သူတွေအားလုံးကို သတ်မှာလား။ ဟားဟား!" ရှောင်ယုက ခဏကြာအောင် ရယ်မောလိုက်ပြီး “ရှေးဟောင်းဓားကျောင်းတော်မှာ ဘယ်တုန်းကများ ဒီလိုမောက်မာတဲ့ ဓားသမား နောက်တစ်ယောက် ထပ်ပေါ်လာတာလဲ။ မင်းယုံကြည်ချက်ရှိတယ်ဆိုမှတော့ ငါတို့ဘာလို့ လောင်းကြေးမထပ်ရတာလဲ။ ၁၀ ချက်ပဲ.....၊ ငါ မင်းကို ၁၀ ကြိမ်နဲ့

အနိုင်မယူနိုင်ရင် ကောင်းကင်ကြယ်မြို့ရှေ့မှာ ဒူးထောက်ပြီး မင်းရဲ့ ရှေးဟောင်းဓားကျောင်းတော်က ငါ့တာအိုအမိန့်တော် ထက် နိမ့်ကျတယ်လို့ အော်ရမယ်။ ဒီလိုပါပဲ၊ မင်းငါ့ရဲ့လှုပ်ရှားမှု ၁၀ ချက်ကို ခံနိုင်ရည်ရှိတယ်ဆိုရင် ငါ့ရဲ့ တာအိုအမိန့်တော်က မင်းရဲ့ရှေးဓားကျောင်းထက် နိမ့်ကျတယ်လို့ ငါ ဒူးထောက်ပြီး အော်ပြောမယ်။”

“ကောင်းပြီ!” ယန်ယွဲ့၏ပါးစပ်ထောင့်တွင် အပြုံးတစ်ခုပေါ်လာသည်။ ရှောင်ယုက

တာအိုအမိန့်တော် အတွက်
ဂုဏ်သတင်းကိုမြှင့်တင်ပေးလိုသည်မှာ
သိသာလေသည်။

အလားတူပင်။ သူလည်း ထိုမှသာလျှင်
ရှေးဟောင်းဓားကျောင်းတော်၏
အထက်အာဏာပိုင်များက သူ့ကို အရိပ်ထဲမှ
ကူညီပေးပြီး တာအိုအမိန့်တော်၏
အဆင့်မြင့်ပညာရှင်များကို
တားဆီးပေးပါလိမ့်မည်။

"လေလျှပ်စီးလုံ!"

ယန်ယဲ့ စကားပင်မဆုံးသေး၊
ရှောင်ယု၏လက်ထဲမှ လုံရှည်က
အနက်ရောင်အလင်းတန်းတစ်ခုအဖြစ်
ချက်ချင်းပြောင်းလဲသွားပါတော့သည်။
အနက်ရောင်လုံရှည်က လမ်းတစ်လျှောက်
အာကာသဟင်းလင်းကို ထိုးခွဲသွားကာ
ၚင်းကနေ ထွက်ပေါ်လာသည့် ဖိအားကြောင့်
ပတ်ဝန်းကျင်ရှိ နတ်ဆိုးအချို့ဟာ မြေပြင်ပေါ်
ချက်ချင်း ဒူးထောက်သွားစေသည်။ထို့အပြင်
ၚင်းပတ်ဝန်းကျင်ရှိ

အာကာသဟင်းလင်းပြင်သည်
လုံ့ရှည်ကသယ်ဆောင်လာသော ဖိအားကို
မခံနိုင်တော့သည့်အလား
တစ်စစီကွဲအက်စပြုလာတော့သည်။

အနက်ရောင်လုံ့ရှည်က သူနှင့် ၂ မီတာအကွာသို့
ရောက်လာချိန်မှာ ယန်ယွဲ့က နောက်ဆုံးတွင်
စပြီးလှုပ်ရှားလိုက်လေသည်။ သူ၏
ညာလက်သီးကို ဆုပ်ကာ ရှေ့သို့ပြင်းထန်စွာ
ထိုးချလိုက်တော့သည်။

လက်သို့ချက်မှ

အားကောင်းသောစွမ်းအားတစ်ခု

ပေါက်ကွဲလာပြီး အနက်ရောင်လုံ့ရှည်ကို

ရိုက်ချိုးလိုက်သည်။

ဘုန်း!

ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီးနောက်တွင်

အနက်ရောင်လုံ့ရှည်က ယန်ယဲ့၏

တိုက်ခိုက်မှုကို ချိုးဖျက်ကာ ရှေ့ကို

ဆက်တိုးလာခဲ့လေသည်။

ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ ရှောင်ယု၏ ပါးစပ်ထောင့်တွင် အနည်းငယ် အပြုံးတစ်ခု ပေါ်လာသည်။ သို့သော် သူ့အပြုံးက ပိုကျယ်လာသည်ဟု ထင်ရချိန်မှာတွင် သူ့မျက်နှာထက်ရှိအပြုံးကလည်း အေးခဲသွားခဲ့တော့သည်။

အဘယ်ကြောင့်ဆိုသော် သူ၏လုံ့က ယန်ယွဲ့၏နဖူးအလယ်ဗဟိုမှ စင်တီမီတာအနည်းငယ်အကွာတွင် ရပ်တန့်သွားသောကြောင့်ပါ။

ယန်ယဲ့၏လက်တစ်ဖက်က
အနက်ရောင်လုံ့ရှည်ကို ဖမ်းကိုင်ထားသည်။

ရှောင်ယု အပါအဝင် အားလုံး
အံ့သြသွားကြသည်။

"မင်းရဲ့တိုက်ခိုက်မှုကို ငါခုခံပြီးပြီ။ အခု မင်း
ငါ့ကိုငြင်းဖို့မကြိုးစားနဲ့!"
သူစကားပြောပြီးသည်နှင့် ယန်ယဲ့သည်
ညာခြေကိုမြှောက်ကာ မြေကြီးပေါ်တစ်ချက်

နင်းလိုက်ပြီးနောက် သူ၏ပုံရိပ်ဟာ နေရာမှာပင် ပျောက်ကွယ်သွားခဲ့သည်။
မျက်စိတစ်မှိတ်အတွင်းမှာပဲ ယန်ယဲ့သည် ရှောင်ယု၏ ရှေ့၌ ပြန်ပေါ်လာခဲ့သည်။

ရှောင်ယုက ယန်ယဲ့၏အရှိန်ဟာ ဤမျှလောက် ကြောက်စရာကောင်းနေလိမ့်မည်ဟု မထင်ထားမိပေ။ သူက ထိတ်လန့်သွားပြီး နောက်ပြန်ဆုတ်ရန်ပြင်လိုက်၏။
သို့သော်လည်း ထိုအခိုက် သူ့နားထဲတွင် မြည်ဟီးသံတစ်သံက ရုတ်တရက် ပဲ့တင်ထပ်သွားသည်။

ရှောင်ယုက သူ့ခန္ဓာကိုယ်မှ ပြင်းထန်သော နာကျင်မှုကို ခံစားလိုက်ရသည့်တိုင် တုံ့ပြန်နိုင်စွမ်းမရှိခဲ့ဘဲ၊ ထို့နောက်တွင် သူ၏ခန္ဓာကိုယ်သည် လေထဲသို့ လွင့်ပျံတက်သွားလေတော့သည်။

ရှောင်ယု၏ခန္ဓာကိုယ်သည် မြေပြင်ပေါ် ပြုတ်လာပြီးနောက် အောက်မြေပြင်ဆီမှ မရေမတွက်နိုင်သော အက်ကွဲကြောင်းများ ပြန့်နှံ့လာကာ ပြင်းထန်စွာ တုန်လှုပ်သွားသည်။

ဤမြင်ကွင်းကြောင့် ဤနေရာရှိလူတိုင်း ထိတ်လန့်သွားကြသည်။

၁၀၂၅

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၂၅ -

ကောင်းကင်တာအိုလမ်းစဉ်၏အဖွဲ့ဝင်

ရှောင်ယုသည် ထိုကဲ့သို့ ဆုံးရှုံးခဲ့ရသည်။ သူက ယန်ယဲ့၏ တိုက်ခိုက်မှုကို တစ်ချက်မျှပင် မခုခံနိုင်ဘဲ ရှုံးနိမ့်သွားရပြီဖြစ်သည်။

မင်ကျန်းရွဲ့၏ မျက်လုံးများသည် အံ့သြထိတ်လန့်မှုများနှင့် ပြည့်နှက်နေသည်။ ရှောင်ယု ဘယ်လောက် ကြောက်စရာကောင်းသည်ကို အခြားသူများ မသိကြသော်လည်း သူမကတော့ မျက်စိရှေ့မှာပင် မြင်တွေ့ခဲ့ဖူးသည်။ ရှောင်ယုသည် တစ်ချိန်က သိုင်းကျောင်းဇ်တစ်ယောက်ကို

အဆင့်ကျော်တိုက်ခိုက်ပြီး သတ်ဖြတ်ခဲ့သည်။ ထို့အပြင် ထိုလူက အလယ်အလတ်အဆင့် သိုင်းကျောဇ် ပင်ဖြစ်နေသေး၏။ သို့သော်လည်း ထိုကဲ့သို့ ကြီးကျယ်ခမ်းနားသောပါရမီရှင်က ယန်ယဲ့၏ တိုက်ခိုက်မှုတစ်ခုတည်းကို ခုခံနိုင်စွမ်းမရှိဟု သူမ မထင်ထားမိပေ။

မင်ကျန်းရွဲ့အပြင် လီချင်ကျင်းလည်း ထိတ်လန့်သွားခဲ့ပါသည်...။ သူမရှေ့တွင် မြင်လိုက်ရသည့် အဖြစ်အပျက်ကြောင့် အံ့အားသင့်တုန်လှုပ်နေခဲ့၏။ သူမ

ထိတ်လန့်နေရာကနေ
သတိပြန်ဝင်လာသည့်နောက်
ခန္ဓာကိုယ်တစ်ခုလုံး အဆက်မပြတ်
တုန်ယီသွားလေသည်။ နောက်ဆုံးတွင် သူမဟာ
ယန်ယဲ့ကို အကြိမ်ကြိမ်
ခြိမ်းခြောက်ခဲ့ဖူးသည်မဟုတ်ပါလော။

ယုကန်းပင် နှင့် ရုံရန်ရှင်း တို့လည်း
မျက်နှာပေါ်တွင် အလွန်လေးနက်သော
အမူအရာများ ရှိနေ၏။ သူတို့က
သူတော်စင်တစ်ပိုင်းအဆင့်များ

ဖြစ်နေသည့်တိုင် ထိုကဲ့သို့ ပါရမီရှင်များနှင့်
ရင်ဆိုင်ရသည့်အခါ
အလွန်ကြောက်ရွံ့နေကြဆဲဖြစ်သည်။
အထူးသဖြင့် ပလက်တီနမ်အဆင့်
မဟာဂိုဏ်းများမှ ကြီးကျယ်ခမ်းနားသော
ပါရမီရှင်များကို သာမန်မျက်စိဖြင့်
အကဲဖြတ်၍မရနိုင်ပါ။

ယန်ယဲ့သည် အနက်ရောင်လှံရှည်ကို
ကိုင်ထားရင်း ရှောင်ယု ထံသို့
လျှောက်သွားလေသည်။ ဒီအချိန်မှာ
ရှောင်ယုက မသေသေးပေ။ သူက

အသက်ရှင်နေသေးသော်လည်း
တန်ချိန်တစ်သိန်း လေးလံသော
တောင်ကြီးတစ်လုံး သူ့အပေါ်
ပြိုကျလာသည့်အလား ဆိုးဆိုးရွားရွား
ပုံပျက်ပန်းပျက်ဖြစ်နေခဲ့သည်။
အကယ်၍ သူပိုင်ဆိုင်ထားသည့်
ရုပ်ခန္ဓာကြောင့်သာမဟုတ်ပါက ယခုအချိန်တွင်
သေသွားလောက်ပြီဖြစ်သည်။

ယန်ယဲ့က ရှောင်ယုကို လစ်လျူရှုကာ
"မင်းရှုံးသွားပြီဆိုတော့ ခုနတုန်းက

မင်းရဲ့ကတိကို

ဖြည့်ဆည်းပေးသင့်ပြီမဟုတ်လား!"

ရှောင်ယုက ယန်ယွဲ့ကို

စူးစူးစိုက်စိုက်စိုက်ကြည့်နေသည်။

သူ၏မျက်လုံးက

မကျေမနပ်ဖြစ်နေသော်လည်း ထိုအထဲတွင်

နက်နက်ရှိုင်းရှိုင်းကြောက်ရွံ့မှုများရှိနေလေသ

ည်။

"ငါ့ကိုဒီလိုမကြည့်နဲ့" ယန်ယွဲ့က ရုမစိုက်ဘဲ ဆက်ပြောလိုက်၏ "သူတို့စကားကို နောက်ပြန်လှည့်တဲ့လူတွေကို ငါမကြိုက်ဘူး။ အထူးသဖြင့် သူတို့က ငါ့ရန်သူတွေဆိုရင်ပေါ့။ ကောင်းပြီ.....၊ ငါထပ်ပြောမယ် မင်းရှုံးသွားပြီမို့ ဒူးထောက်အော်!"

ရှောင်ယုက တုတ်တုတ်မျှပင်မလှုပ်ပေ။ သူက မည်သို့ ဒူးထောက်နိုင်မည်နည်း။ ရှေးဟောင်းဓားကျောင်းတော်ကို ဒူးထောက်ပါက တာအိုအမိန့်တော်မှ

သူ့အတွက် သေသည်ထက်ပိုဆိုးသော
အပြစ်ဒဏ်ကို ခံရပါလိမ့်မည်။

ယန်ယွဲ့သည် သူ၏ညာလက်ကို
ဝှေ့ယမ်းလိုက်ရာ
ရှောင်ယု၏လက်၌ဝတ်ဆင်ထားသော
သိုလှောင်လက်စွပ်က သူ့လက်ထဲ
ပျံတက်သွားသည်။

ယန်ယွဲ့က သိုလှောင်လက်စွပ်ထဲရှိ အရာများကို
စစ်ဆေးပြီးနောက် ကျေနပ်စွာ
ခေါင်းညိတ်လိုက်သည်။ သူက "မဆိုးပါဘူး၊
မင်းမှာ အဆင့်လွန် စွမ်းအင်ကျောက်တုံး

၁၀,၀၀၀ ကျော်ရှိတယ်။ တာအိုအမိန့်တော်ရဲ့ တပည့်တွေက တကယ်ကို ကြွယ်ဝတာပဲ။ မှန်ပါတယ်၊ ဒါနဲ့ ဒီလုံက တာအိုအဆင့်နိမ့်လက်နက်ဆိုပေမဲ့ ဆိုးတော့မတိုးပါဘူး။ ငါ့မှာ တာအိုလက်နက်သိပ်မရှိတော့ ဒါကိုယူလိုက်မယ်။"

ထိုစကားပြောပြီးနောက် ယန်ယဲ့သည် လက်ကိုဝှေ့ယမ်းကာ ရှောင်ယု၏ ညာဖက်ခြေထောက်ကို လှံနဲ့ထိုးလိုက်လေသည်။

ဖွပ်!

ထိုးဖောက်သံနှင့် အရိုးကွဲအက်သံသည် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

"အား!" ရှောင်ယု၏ မျက်လုံးများသည် ပြူးကျယ်သွားကာ ပါးစပ်ကနေ မချိမဆန့်အော်ဟစ်လိုက်သည်။ သူ့အသံက ကျယ်လောင်လွန်းသဖြင့် ကောင်းကင်သည်ပင် တုန်ခါသွားသည်ဟု ထင်ရ၏။

"ငါက ပြိုင်ဖက်တချို့ကို အရမ်းလေးစားတယ်။" ယန်ယဲ့က အေးစက်စက်နှင့် "ဒါပေမဲ့ တခြားမိန်းမတွေနဲ့ ခြိမ်းခြောက်တာကို ကြိုက်တဲ့ မင်းလိုလူတွေကို ငါမလေးစားဘူး။ မင်းရဲ့တာအိုအမိန့်တော်က တော်တော်ရက်စက်တယ်လို့ ငါကြားတယ်။ ငါက ရက်စက်တာလား ၊ မရက်စက်ဘူးလား ဆိုတာ မင်းကို မြင်စေချင်တယ် !"

သူစကားပြောပြီးသည်နှင့် လှံကို တစ်ကြိမ်ထပ်ထိုးလိုက်ပြန်သည်။

ရှပ်!

လှံက ရှောင်ယု၏ ဘယ်ခြေထောက်ကို
ထိုးခွဲသွားကာ အရိုးနှင့်
ခြေထောက်မှသွေးကြောများကိုပါ
ဖျက်ဆီးပစ်လိုက်လေသည်။ ဒီအချိန်မှာ သူက
အော်ပင်မအော်နိုင်တော့ပေ။

ယန်ယွဲ့သည် စကားမပြောဘဲ လှံကို
တစ်ကြိမ်ထပ်ပုတ်လိုက်သည် ။

ဒီတစ်ကြိမ်မှာတော့ ရှောင်ယု၏
ဘယ်ဖက်လက်ကို ထိုးစိုက်သွားပြီး
နောက်တစ်ခါ ဘာလက်ကိုပါ
ထပ်မံထိုးခွဲသွားလေသည်။

ရှောင်ယု၏ ခြေ၊ လက် နှစ်ဖက်လုံးက
အရိုးများနှင့် အဓိကသွေးကြောများပါ
ပျက်စီးသွားပါပြီ။ သူ့မျက်နှာက
ပြင်းထန်သောနာကျင်မှုကြောင့်
ဆိုးဆိုးရွားရွားကို ဖြစ်နေပါသည်။

"မင်းရဲ့ကတိကိုဖျက်လိုက်တာအပြင် မင်းကိုဒီလိုလုပ်ရတဲ့ အရေးကြီးဆုံးအကြောင်းရင်းက မင်းဟာ မိန်းမတွေကိုမလေးစားလို့ပဲ" ယန်ယွဲ့က ဆက်ပြောလိုက်ပါသည်။ “သူတို့က ငါ့ဇနီး မဟုတ်ပေမဲ့ ငါ့မိတ်ဆွေတွေပဲ။ ငါ မင်းကို ဆိုးဆိုးရွားရွားဖြစ်အောင် ရိုက်နှက်လို့ ငါ့ကို မလေးစားတာက အဆင်ပြေနေတုန်းပဲ။ ဒါပေမဲ့ မင်း ငါ့မိတ်ဆွေတွေကို မလေးမစားလုပ်ရင်တော့ သေခြင်းတရားက မင်းအတွက် ခက်ခဲတဲ့ အရာဖြစ်လာအောင် ငါလုပ်လိုက်မယ်။"

ယန်ယဲ့သည် စကားပြောပြီးသည်နှင့်
သူ့လက်ထဲက လုံကို
တစ်ကြိမ်ထပ်ပုတ်လိုက်ရာ ရှောင်ယု၏
ပေါင်ခြံကြားကို ထိုးစိုက်သွားသည်။

ရှောင်ယု၏မျက်လုံးထဲက
သွေးများစီးကျလာပြီး မျက်လုံးအိမ်ထဲမှ
ထွက်ကျလုနီးပါးပင်။ ဒီအချိန်မှာတော့
သူ့မျက်လုံးများပ အကန့်အသတ်မရှိ
ကြောက်ရွံ့မှုများသာ ကျန်တော့သည်။

ရှောင်ယု တစ်ယောက်တည်းတင်မဟုတ်ပဲ
မင်ကျန်းရွဲ့ ယုကန်းပင် နှင့် အခြားသူများလည်း
မျက်လုံးထဲ ထိတ်လန့်မှုများ
အထင်းသားပေါ်နေခဲ့သည်။

ယန်ယဲ့၏နည်းလမ်းများသည်
ရက်စက်သော်လည်း ၎င်းတို့အတွက်
ဘာမှမဟုတ်ပေ။ နောက်ဆုံးတွင်၊ သူတို့က
အဆင့်မြင့်ပညာရှင်များဖြစ်ရာ
တစ်လျှောက်လုံးတွင် မရေမနွှက်နိုင်အောင်

သတ်ဖြတ်ခဲ့ဖူးသည်။ သို့သော်လည်း ပြဿနာက ယန်ယွဲ့ နှိပ်စက်နေသော လူပါ။

သူသည် တာအိုအမိန့်တော်၏ တပည့်တစ်ဦးကို လူမြင်ကွင်းတွင် ညှဉ်းပန်းနှိပ်စက်နေခဲ့သည်။ ထိုအရာက တာအိုအမိန့်တော်ကို ပေါ်တင်မျက်နှာဖြတ်ရိုက်လိုက်သလိုပင်။

ဒီအချိန်မှာ လူတိုင်း အတွေးတစ်ခုသာ ရှိတော့၏။ ထိုအတွေးက ယန်ယွဲ့သာ ရှေးဟောင်းဓားကျောင်းတော်ကို

အသက်ရှင်လျက် ပြန်သွားနိုင်ပါက
နှစ်ပေါင်းထောင်သောင်းမက တည်တံ့လာသော
တာအိုအမိန့်တော်၏ ဂုဏ်သတင်းသည်
ချက်ချင်းပင် ဆုံးရှုံးသွားပါလိမ့်မည် ။

ကလစ်!

ရုတ်တရက် အနည်းငယ် ကျယ်လောင်သော
ဇစ်သာတီးသံ မြည်ဟီးလာသည်။ ဇစ်သာသံက
ကြည်လင်ငြိမ့်ညောင်းပြီး ကမ္ဘာတစ်ခုလုံးအား
လွှမ်းခြုံထားသည့်

သေခြင်းတေးသံ(မဏခေါ်သံ)ကဲ့သို့ပင် လူတိုင်း
ထူးဆန်းသောခံစားမှုကို
ချက်ချင်းခံစားလိုက်ရသည်။

အားလုံး၏ အကြည့်များသည် ဇစ်သာသံ
ထွက်ပေါ်လာသည့်ဖက်သို့
လှမ်းကြည့်လိုက်ကြသည်။ ထိုအခါ
အဖြူရောင်ဝတ်ရုံနှင့်မျက်နှာဖုံးစွပ်
မိန်းမပျိုတစ်ဦးက ကောင်းကင်ကြယ်မြို့၏
မြို့တံတိုင်းပေါ်၌ ရပ်နေသည်ကို
သတိထားမိခဲ့ကြသည်။

ထိုအချိန်တွင် မိန်းမပျိုက
တင်ပျဉ်ခွေလျက်ထိုင်ချလိုက်ပြီး
သူမ၏ပေါင်ပေါ်တွင်
ရှေးဟောင်းကျောက်စိမ်းဖြူဇစ်သာတစ်လက်
ကို တင်လိုက်သည်။

တစ်ချိန်တည်းမှာပင် သူမ၏
သွယ်လျသောလက်ချောင်းများက
ဇစ်သာကြိုးများကို ညင်သာစွာ
ဆော့ကစားနေသည်...။

ထို့နောက်တွင်တော့ ငြိမ့်ညောင်းသော
ဇစ်သာသံစဉ်က ထွက်ပေါ်လာပါသည်။ ၎င်းက

ဖြည်းညင်းစွာ စီးဆင်းနေသော
ရေစီးကြောင်းကဲ့သို့ ပျော့ပျောင်း၍ လူတိုင်း၏
နားထဲ ပဲ့တင်ထပ်ကာ အားလုံး နှလုံးသားများ
ရှင်လန်းလာကြလေသည်။

သို့ပါသော်လည်း ဇစ်သာသံစဉ်က ရုတ်တရက်
ပြောင်းသွားကာ ရောမမုန်တိုင်းတစ်ခုလို
တဖြည်းဖြည်း အရှိန်ပြင်းလာသည်။
ဇစ်သာသံစဉ်က ကမ္ဘာကြီးကို ဖျက်ဆီးပစ်မည့်
မုန်တိုင်းတစ်ခုအလား ပတ်ဝန်းကျင်တွင်
လေပြင်းများ စတင်တိုက်ခတ်လာတော့သည်။

မိန်းမပျို၏လက်ချောင်းများက ခပ်မြန်မြန် လှုပ်ရှားသွားကာ အစောပိုင်းက ညင်သာသော ဇစ်သာသံစဉ်အစား သေမင်းခေါ်သံအဖြစ်ပြောင်းလဲသွားခဲ့လေသည်။

ဝုန်း! ဂျိန်း! ဂျိန်း! ဂျိန်း!

တစ်ချိန်တည်းမှာပင် ပေါက်ပွဲသံများ ပွဲတင်ထပ်ကာ မြို့ရိုးအောက်၌ ရပ်နေသော ယန်ယွဲ့၏ခန္ဓာကိုယ်သည် တစ်ကိုယ်လုံးအနှံ့

ပေါက်ကွဲလာပြီး သွေးများဖြင့်
ဖုံးလွှမ်းသွားခဲ့သည်။

“ဒါတွေအားလုံးက ငါ့အမှားပဲ။
ဒါတွေအားလုံးက ငါ့အမှားပါ။
ငါ့အတွက်မဟုတ်ရင်
နင်ဒီလိုဖြစ်မှာမဟုတ်ဘူး။ ဒါ ငါ့အပြစ်ပဲ၊
ငါ့အပြစ်ပဲ...။ ငါ... နင့်နောက်ကို
အခုချက်ချင်းလိုက်ခဲ့မယ်!" ထိုမြင်ကွင်းကြောင့်
ဖန်လီက ဝမ်းနည်းကြေကွဲစွာအော်ဟစ်ပြီး
သူမ၏ဓားကို ဆွဲထုတ်ကာ ကိုယ့်လည်ပင်းကို
ထိုးသွင်းလိုက်လေသည်။

“မဟုတ်ဘူး..... မုန့်အာ..!” ဖန်လီက ဤအရာကို မြင်လိုက်ချိန်တွင် ဖိတ်လန့်တကြား အော်ဟစ်လိုက်သည်။ ဖန်မုန့်၏လုပ်ရပ်ကြောင့် သူမ၏နှလုံးသားက ဝမ်းနည်းရိပ်များ လွှမ်းခြုံသွားပြီး သူမ၏စိတ်ဝိညာဉ်ကို ဆွဲထုတ်လိုက်သလိုပင်။

ဒီအချိန်မှာ ဓားက ဖန်လီ၏လည်ပင်းကို ပိုင်းဖြတ်ခါနီးတွင် လက်တစ်စုံက သူမ၏ဓားကို ဆုပ်ကိုင်လိုက်၏။ တစ်ချိန်တည်းမှာပင် သူမ၏

နားထဲတွင်ပဲ့တင်ထပ်နေသည့် အသံတစ်ခုက
“မဟုတ်တာ ဘာမှ မလုပ်နဲ့။
ငါအသက်ရှင်နေသေးတယ်!"

“အာ!” ဖန်မုန့်က ခဏတာ ထိတ်လန့်သွားပြီး
ထို့နောက် သွေးများဖုံးလွှမ်းနေသော
ယန်ယွဲ့၏ခန္ဓာကိုယ်ကို
တင်းကြပ်စွာဖက်ထားလိုက်ပြီး ဝမ်းနည်းစွာ
ငိုကြွေးလိုက်ပါတော့သည်။

ဤမြင်ကွင်းကို မြင်လိုက်ရချိန်တွင် ဖန်လီက
တစ်ကိုယ်လုံး နုံးချိကာ
မြေပြင်ပေါ်လဲကျသွားလေသည်။

ယန်ယဲ့ အသက်ရှင်နေသေးသည်ကို
မြင်လိုက်သည်နှင့် အခြားလူများအားလုံးသည်
မြို့ရိုးပေါ်တွင် ထိုင်နေသည့်
အဖြူရောင်ဝတ်ရုံမိန်းမပျို ဆီသို့
လှမ်းကြည့်လိုက်ကြသည်။

အဖြူရောင်ဝတ်ရုံမိန်းမပျို.....။

ဤအခိုက်တွင် အဖြူရောင်ဝတ်ရုံမိန်းမပျိုက တာအိုအမိန့်တော် မှဖြစ်ကြောင်းနှင့် သူမသည် အဖြူရောင်ဝတ်ရုံကိုဝတ်ဆင်ထားသည့် ကောင်းကင်တာအိုလမ်းစဉ်၏အဖွဲ့ဝင်ဖြစ် ကြောင်း သိလိုက်ကြသည်။

လူတိုင်းက အဖြူရောင်ဝတ်ရုံမိန်းမပျိုကို စိုက်ကြည့်ရင်း သူတို့၏ နှလုံးသားထဲ ကြောက်ရွံ့မှုများ ပြည့်နှက်သွားခဲ့သည်။ ယုကန်းပင်၊ ရုံရန်ရှင်း တို့လို

သူတော်စင်တစ်ပိုင်းအဆင့်များ ပင်လျှင် ခြွင်းချက်မရှိပေ။

သူတို့က တာအိုအမိန့်တော်ကို သဘာဝအတိုင်း သိထားကြသည်။ တာအိုအမိန့်တော်၏ ကောင်းကင်တာအိုလမ်းစဉ်၊ မြေကမ္ဘာတာအိုလမ်းစဉ် နှင့် မော်တယ်တာအိုလမ်းစဉ် တို့နှင့်ပတ်သက်၍လည်း ကောင်းကောင်းကြီး ကြားဖူးကြသည်။

၎င်းတို့သည် ကမ္ဘောတာအိုလမ်းစဉ်၊
မော်တယ်တာအိုလမ်းစဉ် ၏အဖွဲ့ဝင်များ နှင့်
မကြာခဏ ထိတွေ့ဆက်ဆံလေ့ရှိသော်လည်း
ကောင်းကင်တာအိုလမ်းစဉ်၏
အဖွဲ့ဝင်များသည်
အလွန်တရာလျှို့ဝှက်ဆန်းကြယ်လှသည်။
ကောင်းကင်တာအိုလမ်းစဉ်အဖွဲ့ဝင်များက
ကမ္ဘောတာအိုလမ်းစဉ်၏အဖွဲ့ဝင်များထက်
အနည်းငယ်ပိုအားကောင်းသည်ဟု
ခန့်မှန်းထားသော်လည်း ယခုကဲ့သို့
တရားလွန်ဖြစ်မည်ဟု မထင်ထားကြပေ။

ကမ္ဘာ့တာအိုလမ်းစဉ်၏ အဖွဲ့ဝင်ဖြစ်သည့် ရှောင်ယုက အလွန်အစွမ်းထက်သော်လည်း ယန်ယွဲ့သည် ၎င်းကို တစ်ချက်တည်းဖြင့် အနိုင်ယူလိုက်သည်။ ယခုအချိန်မှာတော့ ယန်ယွဲ့သည် အဖြူရောင်ဝတ်ရုံမိန်းမပျို၏ တိုက်ခိုက်မှုတစ်ခုတည်းဖြင့် ဒဏ်ရာအပြင်းအထန်ရသွားခဲ့သည်။

၁၀၂၆

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၂၆ - ကောင်းကင်အဆင့် ၁

လေစိတ်ဆန္ဒ

ဤအခိုက်အတန့်တွင် လူအများအပြားသည် တာအိုအမိန့်တော်ကို ပို၍ပင်ကြောက်ရွံ့လာကြသည်။

အဖြူရောင်ဝတ်ရုံ အမျိုးသမီးသည် ခါးကို မတ်လိုက်ရင်း မတ်တတ်ထရပ်ကာ "အဲဒီသံစဉ်ကို "ထာဝရ ငြိမ်းချမ်းခြင်း" လို့

ခေါ်တယ်။ တစ်ခါက အဲဒီဟာနဲ့
သူတော်စင်တစ်ပိုင်းအဆင့်ကို အသံမထွက်ဘဲ
သတ်ဖူးတယ်။ ဒါက နင့်ကို သတ်ပစ်ဖို့ လုံးဝ
လွယ်ကူမယ်လို့ ငါထင်ခဲ့တာ။ ဒါပေမဲ့
နင့်ခန္ဓာကိုယ်က ဒီလောက်အတိုင်းအတာအထိ
သန်မာတယ်လို့ ငါဘယ်တုန်းကမှ
မထင်ခဲ့မိဘူး။ ငါ့ ဇစ်သာရဲ့ သံစဉ်က
နင့်ခန္ဓာကိုယ်ကို ဖြတ်သွားပေမယ့်
နင်ရဲ့အရိုးတွေကို
မချိုးနိုင်ဘူး။ခန္ဓာကိုယ်ကျင့်ကြံသူ
အနည်းငယ်ကို ငါတွေ့ဖူးပေမဲ့
နတ်ဆိုးမျိုးနွယ်တွေအပြင်

ချီးမြှောက်ခြင်းနယ်ပယ်အဆင့်မှာ ရှိနေတုန်း သူတို့ရဲ့ခန္ဓာကိုယ်ကို ကြောက်စရာကောင်းလောက်အောင် လေ့ကျင့်ပေးတဲ့ လူတစ်ဦးကို တစ်ခါမှ မတွေ့ဖူးပါဘူး။”

ယန်ယွဲ့က ဖန်မုန့်၏ ခေါင်းကို ပုတ်ပြီး "ကဲ ခဏရပ်နေ၊ အဆင်ပြေလား?"

"ဘယ်လို... ငါတို့ ဘယ်လိုပြေးမလဲ" ဖန်မုန့်က သူမ၏ မျက်လုံးထောင့်တွင် မျက်ရည်များ

ကျဲကျဲကျဲဖြင့် တိုးတိုးလေးပြောလိုက်သည်။ အဖြူရောင်ဝတ်ရုံမိန်းမပျို၏ အစွမ်းကို သူမ တကယ်ကြောက်နေမိသည်။

ယန်ယဲ့က ပြုံးပြီး "ဟုတ်ပြီ၊....ငါမနိုင်ရင် ငါတို့ ထွက်ပြေးနိုင်တယ် ဟုတ်ရဲ့လား .... မုန့်အာ"

ဖန်မုန့်က ခဏာတာ တုံ့ဆိုင်းသွားကာ ခေါင်းညိတ်လိုက်၏။ "နင်…နင်မနိုင်ရင် ထွက်ပြေးဖို့ သတိရရမယ်…."

ယန်ယဲ့က တဟားဟားရယ်ကာ သူမကို ဖြည်းညှင်းစွာ တွန်းထုတ်လိုက်ပြီး ခါးကိုကိုင်ထားလျက် အဖြူရောင်ဝတ်ရုံမိန်းမပျိုဆီသို့ ဖြည်းညင်းစွာ လျှောက်သွားကာ "မင်းရဲ့တိုက်ခိုက်မှုတွေက သိပ်ပြီး မတုံ့ပြန်နိုင်ခင်အထိတော့ တကယ်ကို ထူးခြားတယ်လို့ ဝန်ခံရမယ်။ ငါထင်တာမမှားရင် လေစိတ်ဆန္ဒကို မင်းနားလည်သွားပြီမဟုတ်လား။"

မိန်းမပျိုက "ကောင်းကင်အဆင့် ၁ လေစိတ်ဆန္ဒ မှာ

ရှိတယ်!"

ယန်ယဲ့က သူမဆီသို့ လျှောက်လာစဉ် “လေကို ဖိုးကွယ်ပြီး သတ်ဖြတ်ခြင်းကိုပါ ဖိုးကွယ်ထားတယ်။ ဇစ်သာရဲ့ အသံလှိုင်းတွေက မင်းရဲ့ပြိုင်ဖက်ကို တိုက်ခိုက်လာတဲ့အခါ နွေဦးလေညင်းလိုပဲ။ ပြောစရာမလိုအောင် တကယ်ကိုထူးခြားတဲ့နည်းလမ်းပဲ။”

သူမ၏တိုက်ခိုက်မှုသည် သူ၏

ကောင်းကင်အဆင့် ၃ ဓားစိတ်ဆန္ဒ နှင့်

အနည်းငယ်ဆင်တူသည်။ သို့သော်လည်း

အတူတူပင်ဖြစ်သည်။ စွမ်းအားနှင့်

တိုက်ခိုက်ရေးနည်းလမ်းသည်

ကောင်းကင်အဆင့် ၃ ဓားစိတ်ဆန္ဒ ထက်ပင်

သာလွန်နေသေး၏။

နောက်ဆုံးတွင် သူ၏ အဆင့် ၁၃

ဓားစိတ်ဆန္ဒသည်

ပြိုင်ဖက်များကို တိုက်ခိုက်ရန်အတွက်

အာကာသဟင်းလင်းပြင်ထဲသို့

တိုက်ရိုက်ပေါင်းစပ်နိုင်ပြီး

အာကာသဟင်းလင်းပြင်ကို
ဖြတ်ကျော်နိုင်သည်။

ဓားစိတ်ဆန္ဒ....။ ဒီအချိန်မှာ ယန်ယဲ့က
သူ၏ဓားစိတ်ဆန္ဒကို ရယူဖို့ နည်းလမ်းတစ်ခု
စဉ်းစားရမည်ဟု ကောင်းကောင်း
သိလိုက်သည်။ အစောပိုင်းတွင် ဓားစိတ်ဆန္ဒနှင့်
သူ့ခန္ဓာကိုယ်ကို ကာကွယ်ထားပါက
ဇစ်သာသံစဉ်ကြောင့် လုံးဝ ဒဏ်ရာရမှာ
မဟုတ်ပါ။

သူမက "နင်လည်း အရမ်းထူးခြားတာပဲ!"

"ဟုတ်လား?" ယန်ယွဲ့သည် ပါးစပ်ထောင့်၌ အေးစက်သော အပြုံးတစ်ခု ပေါ်လာပြီး ရပ်တန့်သွားကာ "ပြောစရာတောင် မလိုပါဘူး၊ နောက်ဆုံးတော့ တာအိုအမိန့်တော်က ငါ့ရဲ့ စိတ်ဝင်စားမှုကို အနည်းငယ် နှိုးဆွပေးနိုင်တဲ့ လူတစ်ယောက်ကို စေလွှတ်လိုက်ပြီပေါ့။ လာ! မင်းရဲ့ လေစိတ်ဆန္ဒက ငါ့ဓားကို ဖျက်ဆီးနိုင်မဖျက်ဆီးနိုင် ကြည့်ရအောင်!"

စကားပြောပြီးသည်နှင့် ယန်ယဲ့သည်
နေရာတွင်ပင် ပျောက်ကွယ်သွား၏။
နောက်အခိုက်တွင် သူက
အဖြူရောင်ဝတ်မိန်းမပျို၏ရှေ့တွင် ရှိနေသည်။
သူ၏ဓားက အဖြူရောင်ဝတ်မိန်းမပျိုကို
တည့်တည့်ထိုးဖောက်သွားသော်လည်း
ဓားဖြင့်အထိုးခံရသည်က အရိပ်တစ်ခုသာ
ဖြစ်သည်။

ယန်ယဲ့က မအံ့ဩခဲ့ပေ။ သူက နောက်ကို
ချက်ချင်းပြန်လှည့်ကာ သူ့ဓားကို
နောက်တစ်ကြိမ် လှန်လိုက်သည်။

ဆူး!

လေလှိုင်းများ လွင့်စင်လာပြီး ယန်ယဲ့၏ခြေထောက်သားက အနည်းငယ်တုန်ခါနေသည်။ ထို့အပြင်အက်ကြောင်းအနည်းငယ်ပင် ပေါ်လာသည်။ ယန်ယဲ့သည် ခေါင်းမော့ပြီး ကြည့်လိုက်ရာ အဖြူရောင်ဝတ်ရုံမိန်းမပျိုဟာ မကြာသေးမီက သူရပ်နေသည့်နေရာတွင် ရပ်နေသည်ကို တွေ့လိုက်ရသည်။

မိန်းမပျိုက သူမ၏ခြေထောက်များကို

အနည်းငယ်ကွေးကာ

ကျောက်စိမ်းဖြူဇစ်သာကို

ပေါင်ပေါ်တင်လိုက်ပြီး

ဇစ်သာကြိုးတစ်ချောင်းကို ဆွဲကိုင်ကာ

ဖြည်းညှင်းစွာ ဆွဲတင်လိုက်သည်။ ထို့နောက်

ဖြည်းညှင်းစွာပင် ကြိုးကို ပြန်လွှတ်လိုက်သည်။

အောင်း!

သူမ၏ပတ်ပတ်လည်၌ များပြားလှသော
အာကာသဟင်းလင်းပြင်အက်ကြောင်းများ
ပင့်ကူမျှင်ကဲ့သို့ ပြန့်နှံ့လာကာ
အာကာသဟင်းလင်းပြင်သည်
ချက်ချင်းကွဲသွားပါသည်။

တစ်ချိန်တည်းမှာပင် ဓားမြှောင်ကဲ့သို့
ထက်မြိုနေသော လေဓားတစ်ချောင်းက ယန်ယွဲ့
ရှေ့သို့ ရုတ်တရက် တိုးဝင်လာသည်။
ထို့နောက်တွင် မရေမတွက်နိုင်သော
လေလှိုင်းများ ရုတ်တရက်ဆိုသလို
ယန်ယွဲ့အနီးတွင် လျှို့ဝှက်ဆန်းကြယ်စွာ

ပေါ်လာသည်။ တခဏအတွင်းမှာပင် ယန်ယွဲ့သည် မရေမတွက်နိုင်သော လေလှိုင်းများအောက်တွင် လုံးဝနစ်မြုပ်သွားခဲ့သည်။

အောင်း!

ဓားအူသံ ထွက်ပေါ်လာပြီးနောက် လေလှိုင်းများအားလုံး ချက်ချင်း ပြန့်ကျဲသွား၏။ လေလှိုင်းများက ကောင်းကင်ထက်မှ ကျဆင်းလာသော

စွမ်းအင်အမှုန်အမွှားများအဖြစ်
ပြောင်းလဲသွားရသည်။

"နတ်အရိပ်ခြေလှမ်း!" ယန်ယွဲ့ပြောပြီးသည်နှင့်
သွေးနီရောင်အလင်းတန်းတစ်ခုက
အဖြူရောင်ဝတ်ရုံမိန်းမပျို ထံ
ရောက်လာပါတော့သည်။

သို့သော် သွေးနီရောင်အလင်းတန်းက သူမနှင့် ၂
မီတာအောက်အကွာတွင် ရပ်တန့်သွားကာ

လေစွမ်းအင်အတားအဆီးအလွှာတစ်ခု ပေါ်လာသည်။

"ချိုးဖျက်စမ်း!" ယန်ယဲ့၏အသံသည် နောက်တစ်ကြိမ်ထပ်၍ ထွက်ပေါ်လာပြီးနောက် သွေးနီရောင်အလင်းတန်းက လေစွမ်းအင်အတားအဆီးကို ချိုးဖျက်ကာ ချက်ချင်း ကွဲအက်သွားစေသည်။

ဤတစ်ကြိမ်တိုက်ပွဲသည် အတော်လေးကို ပြန်ဆန်နေပြီး အဖြူရောင်ဝတ်ရုံမိန်းမပျိုဟာ

ဆက်တိုက် နောက်ပြန်ဆုတ်နေရ၏။

အသက်ရှူချိန် အနည်းငယ်အတွင်းမှာပဲ သူမက

မီတာ ၃၀၀ ကျော်အကွာထိ

ဆုတ်သွားလိုက်ရလေသည်။

တစ်ချိန်တည်းမှာပင်

အဖြူရောင်ဝတ်ရုံမိန်းမပျိုက ဆုတ်ခွာနေရင်း

သူမ၏လက်ကို ဇစ်သာပေါ်တင်လိုက်ကာ

နောက်ထပ်ဇစ်သာကြိုးတစ်ချောင်းကို

ဆွဲတင်လိုက်သည်။ သို့သော်လည်း ဒီအချိန်မှာ

ယန်ယွဲ့က သူမရှေ့တွင်

ရုတ်တရက်ပေါ်လာခဲ့သည့်။

အဖြူရောင်ဝတ်ရုံမိန်းမပျိုက ဓားတစ်ချောင်း သူမ၏ ခေါင်းတည့်တည့် ထိုးစိုက်လာသည်ကို မြင်ပြီး သူမ၏ မျက်လုံးများသည် အနည်းငယ် ကျဉ်းမြောင်းသွားခဲ့ပါသည်။

ဆူး!

ဓားက သူမ၏ခေါင်းကို ထိုးစိုက်လာသော်လည်း ရုတ်ချည်းပင် မိန်းမပျို၏ခန္ဓာကိုယ်က နေရာမှာတင် ပျောက်ကွယ်သွားပါသည်။

သူမက နေရာကနေ
ဖျတ်ခနဲပျောက်ကွယ်သွားပြီး မီတာ ၃၀၀
အကွာမှာ ပြန်ပေါ်လာခဲ့သည်။

တစ်ချိန်တည်းမှာပင် သူမ၏ ဇစ်သာသံစဉ်က
တစ်ကြိမ်ထပ်၍ ထွက်ပေါ်လာပြီးနောက်
အရှည် ၃၀ မီတာ နှင့် ၁၀ မီတာခန့်
ကြီးမားသော လေလှိုင်းလုံးကြီးတစ်ခုဟာ
ယန်ယဲ့ ဆီ တိုက်ရိုက်
တိုးဝင်သွားပါတော့သည်။

ယန်ယဲ့သည် သူ၏လက်ကောက်ဝတ်ကို
ဆတ်ခနဲလှန်ကာ ဓားကို
စက်ဝိုင်းပုံစံဝှေ့ယမ်းပြီး ခုတ်ပိုင်းချလိုက်သည်။

ဂျုန်း!

လေဓားကြီးက ချက်ချင်းပင်
အပိုင်းပိုင်းကွဲသွား၏။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ?"
အဖြူရောင်ဝတ်ရုံမိန်းမပျို၏မျက်လုံးများတွင်
အံ့အားသင့်နေသော အရိပ်အယောင်တစ်ခု
ထွက်ပေါ်လာပြီး "နင့်ရဲ့
တိုက်ခိုက်ရေးစွမ်းအားက ရုတ်တရက်ကြီး
တိုးလာတယ်…"

“ငါ့ဘဝတစ်လျှောက်လုံးမှာ….” ယန်ယွဲ့က
မိန်းမပျို ဆီ လျှောက်လာရင်း
ဆက်ပြောလိုက်ပါသည် "
အဆင့်တူနယ်ပယ်မှာ အခုထိ ငါ့ကို
အလေးအနက် ထားနိုင်သူ ၂ ယောက်ပဲ

ရှိသေးတယ်။ မင်းအတွက်
မောက်မာတယ်လို့ထင်ရတဲ့
စကားတစ်ခွန်းတော့ ပြောခွင့်ပြုပါ။
ရှင်းရှင်းပြောရရင် မင်းက
အရမ်းအားနည်းနေသေးတယ်!”

သူစကားပြောပြီးသည်နှင့် သူ့လက်ထဲမှဓားက
ရှေ့သို့ လင်းလက်နေသော
အလင်းတန်းတစ်ခုအဖြစ်
ပြောင်းလဲသွားသည်။

လျှပ်စီးတစ်ချက် လက်သွားသလိုပင်။

လျင်မြန်လွန်းသဖြင့် ဤနေရာ၌

သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါးပင်လျှင်

သူ့အားကို မမြင်နိုင်လိုက်ပေ။

ဤတစ်ကြိမ်မှာတော့ ယန်ယဲ့သည် လုံးဝ

မထိန်းထားခဲ့ပေ။

မိုးကြိုးငါးသွယ်ဓားကျင့်စဉ်ကို

အသုံးပြုထားသောကြောင့်

သူ၏တိုက်ခိုက်ရေးစွမ်းအားက  ရုတ်တရက်

တိုးလာခဲ့သည်။ ယခုအချိန်တွင် သူ့ဓားက

အလင်း၏အမြန်နှုန်းကိုပါ သုံးထားသဖြင့်

နဂိုထက်မြန်ဆန်လာသည်။ နည်းစနစ် ၂ ခုကို ဆက်တိုက်လုပ်ဆောင်ခြင်းက သူ့ခန္ဓာကိုယ်အတွင်းရှိ သွေးကြောများကို အနည်းငယ်ပို၍ အကျက်ကွဲသွားစေသည်။ သို့သော်လည်း သူက အဖြူရောင်ဝတ်ရုံမိန်းမပျိုအတွက် အချိန်ဖြုန်းမနေချင်တော့ပါ။

နောက်ဆုံးတွင် သူ၏အမြန်နှုန်းသည် အလွန်မြန်ဆန်လွန်းပြီး မိုးကောင်းကင်ခွဲခြေလှမ်းကို

အသုံးပြုထားလျှင်ပင် သူမထက်
အသာစီးရနိုင်မည်မဟုတ်ပေ။
ထို့ကြောင့် ဒီနည်းစနစ်နှစ်ခုလုံးကို
ထုတ်သုံးဖို့ကလွဲပြီး
အခြားရွေးချယ်စရာ မရှိတော့ပေ။

ယန်ယဲ့၏တိုက်ခိုက်မှုက လေထဲမှာ
ပျံ့လွင့်လာသည်နှင့်အမျှ ပတ်ဝန်းကျင်သည်
ရုတ်တရက် တိတ်ဆိတ်သွားသည်။

ခဏအကြာ။

ခလွပ်!

အဖြူရောင်ဝတ်ရုံမိန်းမပျို၏ လက်ထဲမှ ကျောက်စိမ်းဖြူဇစ်သာက ကျောက်စိမ်းက ကွဲအက်သွားပြီး အမှုန့်အဖြစ်ပြောင်းလဲသွားပါတော့သည်။

“ဘယ်လောက်တောင် ပြင်းထန်ပြီး မြန်ဆန်တဲ့တိုက်ခိုက်မှုလဲ…” စကားပြောပြီးသည်နှင့်

အဖြူရောင်ဝတ်ရုံမိန်းမပျို၏ ပါးစပ်ထောင့်မှ သွေးများ စိမ့်ထွက်ကာ ချက်ချင်းပင် သူမ၏ အဖြူရောင်မျက်နှာဖုံးဟာ အနီရောင်ဖြစ်သွားသည်။ ထိုအချိန်တွင် ယန်ယွဲ့သည်သူမရှေ့တွင် ပေါ်လာ၏။ သို့ရာတွင် သူက မတိုက်ခိုက်ဘဲ သူမကိုစိုက်ကြည့်ကာ "မင်းရဲ့ သိုလှောင်လက်စွပ် ဘယ်မှာလဲ” ဟု မေးလိုက်သည်။

သူက အဖြူရောင်ဝတ်မိန်းမပျို၏ သိုလှောင်လက်စွပ်ကို သိမ်းယူဖို့

ရည်ရွယ်ထားခြင်းပင်။ သို့သော် ကံဆိုးစွာပဲ
အဖြူရောင်ဝတ်ရုံမိန်းမပျိုက
သိုလှောင်လက်စွပ်ကို ဝတ်ဆင်မထားခဲ့ပေ။

အဖြူရောင်ဝတ်ရုံမိန်းမပျိုက စကားတစ်ခွန်းမှ
မပြောဘဲ ယန်ယဲ့ကို ငေးစိုက်ကြည့်နေသည်။

ထိုအချိန်တွင် ယန်ယဲ့၏ဓားဖျားက
သူမ၏လည်ပင်းကို ဖိမိသွားသည်။

ယန်ယဲ့သည် ခံစားချက်ကင်းမဲ့သော အသံဖြင့်
ပြောနေစဉ် သူမကို စိုက်ကြည့်ရင်း
“မင်းရဲ့အသက်အတွက်
အဖိုးတန်တဲ့အရာတစ်ခုကို ပေးလိုက်ပါ။
မဟုတ်ရင် မင်းခေါင်းပျောက်သွားလိမ့်မယ်။"

သူသည် အဆင့်လွန်
စွမ်းအင်ကျောက်တုံးများကို အရေးတကြီး
လိုအပ်နေပါသည်။

နောက်ဆုံးတွင် သူ၏ရုပ်ခန္ဓာခွန်အား သို့မဟုတ်
ကျင့်ကြံမှုပင်ဖြစ်စေ နှစ်ခုစလုံးက အဆင့်လွန်
စွမ်းအင်ကျောက်တုံးများစွာ လိုအပ်သည်။

အထူးသဖြင့် ဒီအချိန်မှာ သူက
သိုင်းကေရာဇ်အဆင့်သို့ တက်လှမ်းဖို့
ပြင်ဆင်နေခြင်းဖြစ်သည်။ သို့ရာတွင်
လိုအပ်သည့် အဆင့်လွန်
စွမ်းအင်ကျောက်တုံးပမာဏဟာ အလွန်ပင်
ကြောက်စရာကောင်းသော အရေအတွက်
ဖြစ်နေသည်။

ယန်ယဲ့၏ စကားကြောင့်
အဖြူရောင်ဝတ်ရုံမိန်းမပျိုက သူ့ကို
စိုက်ကြည့်နေသည်။ ယန်ယဲ့၏စားဖျားက
သူမလည်ပင်းကို အနည်းငယ်ဖိမိသွားချိန်တွင်

အဖြူရောင်ဝတ်ရုံမိန်းမပျိုက
လှုပ်ရှားလိုက်သည်။

၁၀၂၇

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၂၇ - အရှိန်အဝါနှင့်
ကြောက်လန့်ကြပြီ

သူမက မည်သည့်ရတနာပစ္စည်းကိုမျှ
ထုတ်မယူခဲ့ပေ။ ထိုအစား

ယန်ယဲ့၏ခါးကိုဆွဲကိုင်လိုက်ပြီး "

တာအိုအမိန့်တော်ရဲ့ တပည့်တွေကို

သတ်ပစ်နိုင်ပေမဲ့ ဒီလိုစော်ကားတာမျိုးတော့

လက်မခံနိုင်ဘူး။"

သူမ၏ စကားဆုံးနှင့် ခါးထိပ်ဖျားကို

သူမ၏လည်ပင်းဆီသို့ ရုတ်တရက်

ဆွဲထိုးသွင်းလိုက်သည်။

ဇွပ်!

ခားထိပ်ဖျားက အဖြူရောင်ဝတ်ရုံမိန်းမပျို၏ လည်ပင်းကို ထိုးဖောက်သွားကာ သွေးများ ဖြန်းခနဲပင်။

ယန်ယဲ့သည် သူ့ဓားကို ပြန်ရုတ်လိုက်ပြီး အဖြူရောင်ဝတ်ရုံမိန်းမပျိုကို အချိန်အတော်ကြာ စိုက်ကြည့်ရင်း "မင်းကိုသတ်လို့ရပေမဲ့ စော်ကားတာကို မခံနိုင်ဘူး။ မင်းက တကယ်ကို လေးစားထိုက်တဲ့ ပြိုင်ဖက်ပဲ!" ယန်ယဲ့က နောက်လှည့်ပြီး ဖန်မုန့်ဆီသို့ လျှောက်သွားသည်။

အဖြူရောင်ဝတ်ရုံမိန်းမပျိုက
လေးစားထိုက်သော်လည်း သူ့စိတ်ထဲ၌
သူမအပေါ် သနားခြင်း သို့မဟုတ်
နောင်တမရပါ။ အကြောင်းအရင်းမှာ
သူမကိုသတ်ဖို့အခွင့်အရေးမရပါက
မိန်းမပျိုဟာ ဤသို့သောနည်းလမ်းကို
ရွေးချယ်မှာမဟုတ်ပေ။

"မင်းမသေမချင်း ငါတို့ ဘယ်တော့မှ
ရပ်မှာမဟုတ်ဘူး!" ရုတ်တရက်
ကောင်းကင်ထက်မှ အသံတစ်ခု

ထွက်ပေါ်လာပြီး အဖြူရောင်ဝတ်ရုံ အမျိုးသမီး၏ အလောင်းသည် အသံနှင့်အတူ ပျောက်ကွယ်သွားသည်။

ယန်ယဲ့က မလှုပ်တော့ဘဲ ကောင်းကင်ကို မျှော်ကြည့်ကာ "လာခဲ့!"

ယန်ယဲ့သည် သူ့အကြည့်ကို ရုတ်လိုက်ပြီး ဖန်မုန့် ဆီသို့ လျှောက်သွားကာ သူမ၏လက်ကို ဆုပ်ကိုင်လိုက်သည်။

သူက ရုတ်တရက် မင်ကျန်းရွဲ့ကို
လှည့်ကြည့်ကာ " မင်းနဲ့ ကောင်းကင်ကြယ်မြို့
ကြားက ဒီကိစ္စကို အခုချက်ချင်း
အဆုံးသတ်လိုက်ရအောင်"

မင်ကျန်းရွဲ့က မျက်နှာပျက်သွားပြီး သူမက
"သခင်လေးယန်! ဒါက ငါနဲ့ လီကလန်ကြားက
ပြဿနာပါ။ နင် ....”

သို့သော်လည်း မင်ကျန်းရွဲ့၏
စကားပင်မဆုံးသေး၊ ဓားတစ်ချောင်းက

သူမ၏နဖူးအလယ်သို့ ထိုးစိုက်လာသည်။ ဓားအဖျားက နဖူးအရေပြားကို အနည်းငယ် ဖောက်ရုံမျှသာဖြစ်သော်လည်း သွေးများ တစ်စက်စက်စီးကျလာကာ ချက်ချင်းပင် မျက်နှာနီရဲသွားခဲ့သည်။

"အခုကော ဘာဖြစ်လဲ?" ယန်ယွဲ့သည် မင်ကျန်းရွဲ့ကို ဂရုမစိုက်ဘဲ စိုက်ကြည့်နေသည်။

"အစ်ကိုယန်! ကျေးဇူးပြုပြီး သနားပါ" ရုတ်တရက် လီမိုကျန်းက မြို့တံတိုင်းပေါ်မှ ခုန်

ဆင်းလာကာ ယန်ယဲ့ နံဘေး ရောက်လာပြီး "ဒါ
တွေအားလုံးကို ငါလုပ်နေတာ၊ ဒါကြောင့် ငါ့ကို
ဖြေရှင်းခွင့်ပေးပါ...အစ်ကိုယန်"

ယန်ယဲ့က သူ့ဓားကိုပြန်သိမ်းလိုက်ရင် အသာ
ခေါင်းညိတ်ပြလိုက်သည်။ တစ်ဆက်တည်း
သူ့လက်ကို ပေါ့ပေါ့ပါးပါးဝှေ့ယမ်းလိုက်ရာ
လီမိုကျန်း ရှေ့တွင်
အဖြူရောင် ကျောက်စိမ်းအိုးကြီး
ပေါ်လာသည်။ ယန်ယဲ့က "ငါတတ်နိုင်ရင်
မင်းကို သေချာပေါက် ကယ်မယ်လို့
ငါပြောခဲ့တယ်။ အဲဒီ့ထဲမှာ မျောက်ဝိုင်တွေ

သိပ်မရှိပေမဲ့ မင်းခန္ဓာကိုယ်ထဲက
အဆိပ်တွေကို ဖယ်ရှားပစ်ဖို့တော့
လုံလောက်ပါတယ်။”

ဒီစကားကိုကြားလိုက်ရာတွင် လီမိုကျန်းက
လက်များပင် အနည်းငယ်တုန်ယင်သွားပြီး
ကျောက်စိမ်းဖြူအိုးကို ဂရုတစိုက်
ကိုင်လိုက်သည်။

သူ့အသက်ပြင်းပြင်းရှူပြီး ယန်ယဲ့ကို
အနည်းငယ်ဦးညွှတ်ကာ “ကျေးဇူးတင်စကား

ပြောဖို့ မလုံလောက်ပါဘူး။ ဒါကို
ထာဝရမှတ်မိနေမှာပါ!"

ထိုအချိန်တွင် လီချင်ကျင်း နှင့် လီရှမ်ဂျီ
တို့လည်း ယန်ယဲ့ ရှေ့တွင် ပေါ်လာသည်။
လီချင်ကျင်းက ယန်ယဲ့ကို ဦးညွှတ်လိုက်ပြီး
သူမ၏ အသံသည် ကျေးဇူးတင်စိတ်နှင့်
အပြည့် "စီနီယာအစ်ကိုယန်
ကိုကျေးဇူးတင်ပါတယ်!"

"လီမိုကျန်း ပြောတာ မှန်ပါတယ်။ ဒီအတွက်
ကျေးဇူးတင်စကား မလုံလောက်ပါဘူး။
သခင်လေးယန်! မင်း ငါ့ရဲ့
ကောင်းကင်ကြယ်မြို့အကူအညီကို လိုအပ်ရင်
မင်းစကားတစ်ခွန်းပဲပြောလိုက်!" လီရှမ်ဂျီက
လက်သီးနှစ်ဖက်စုကာ ပြောလိုက်ရင်း
မျက်နှာတွင်
ကျေးဇူးတင်စိတ်အပြည့်ရှိနေသည်။

"ဒါဆို ငါသိမ်းမထားဘူး!" ယန်ယဲ့က
ဆက်ပြောလိုက်၏။ "ငါက
သိုင်းပညာနှလုံးသားမြို့တော်ကို

ခရီးဆက်ဖို့ရည်ရွယ်ထားတာ။ မြို့ထဲမှာရှိတဲ့ ပေါ်တယ်စနစ်ကို အသုံးပြုဖို့ လိုတယ်!"

"ဒါက သဘာဝအတိုင်း ပြဿနာမဟုတ်ပါဘူး!" လီရှမ်ဂျိုက "ဒါပေမဲ့ မင်း တစ်ရက်လောက်ထပ်စောင့်ရမယ်ထင်တယ်!"

ယန်ယဲ့၏ မျက်ခုံးများက အနည်းငယ် တွဲလျက် "ဘာလို့လဲ"

လီရှမ်ဂျီက သက်ပြင်းချကာ ပြောလိုက်သည်။

"သားရဲ့ထိန်းချုပ်ဂိုဏ်းနဲ့ ကျိုးပျက်ခြင်းဆေဘာအိမ်တော်က တိုက်ခိုက်လာတဲ့အချိန်မှာ ငါတို့ထွက်ပြေးလို့မရအောင် မြို့ထဲမှာရှိတဲ့ သူလျှိုတွေကို အသုံးပြုပြီးပေါ်တယ်စနစ်ကို ဖျက်ဆီးပစ်လိုက်တယ်။ ဒါပေမဲ့ သူတို့က ပင်မအစီအရင်ကို ဖျက်ဆီးသတာမဟုတ်လို့ စိတ်ပူစရာတော့မလိုပါဘူး။ ဒါကြောင့် ပြုပြင်ဖို့ တစ်ရက်ပဲလိုတယ်"

"တစ်ရက်?" ယန်ယွဲ့သည် ခဏလောက်
လေးလေးနက်နက် စဉ်းစားပြီး
“ကောင်းပြီလေ၊.... ငါလည်း
အနားယူဖို့လိုတယ်!”

လီရွှမ်ဂျီက ခေါင်းညိတ်လိုက်ပြီး ယုကန်းပင်
နှင့် ရုံရန်ရှင်း ကို စိုက်ကြည့်ရင်း
"မင်းတို့နှစ်ယောက်လုံး
အခုထိထွက်မသွားသေးဘူးလား။ ဒီမှာ
တစ်သက်လုံးနေချင်ပြီလား..."

ယုကန်းပင် နှင့် ရုံရန်ရှင်း တို့၏
မျက်နှာများသည် မမြင်နိုင်လောက်အောင်
ဆိုးရွားနေပြီး မင်ကျန်းရွဲ့ဆီသို့
စူးစူးစိုက်စိုက်ကြည့်နေကြသည်။

လီမိုကျန်းက မင်ကျန်းရွဲ့ကို စူးစိုက်ကြည့်ကာ
သက်ပြင်းချလိုက်ပြီး "မင်းသမီးမင်! ဒါက
ငါတို့ကြားက ကိစ္စတစ်ခုလို့ ယူဆလို့ရတယ်၊
ဘာဖြစ်လို့ ငါတို့က ဒါကို မဖြေရှင်းတာလဲ။"

မင်ကျန်းရွဲ့က သူ့ကို ခဏလောက် စိုက်ကြည့်နေလေသည်။ "ဟုတ်ပြီလေ!"

ယုကန်းပင် နှင့် ရုံရန်ရှင်း တို့လည်း မင်ကျန်းရွဲ့၏ စကားကို ကြားလိုက်သည့်အခါ သူတို့၏တပ်ဖွဲ့များကို ပြန်ရုတ်သိမ်းလိုက်ကြသည်။ အမှန်စင်စစ် ကောင်းပင်ကြယ်မြို့တွင် ယန်ယဲ့ ရှိနေပြီဖြစ်ရာ မြို့ကိုသိမ်း၍မရတော့ကြောင်း သူတို့ သိလိုက်သည်။

ထို့ကြောင့် ယခုအချိန်တွင် ထွက်ခွာခြင်းသည် အကောင်းဆုံးရလာဒ်ဖြစ်နိုင်သည်။ သူတို့က

အင်အားများစွာ ဆုံးရှုံးခဲ့ရသော်လည်း
မင်ကျန်းရွဲ့ ထံမှ လျော်ကြေးအချို့ရနိုင်ပေမည်။

တစ်ဖက်တွင် ယန်ယွဲ့ကတော့
ဤအင်အားစုများကြား ပဋိပက္ခကို
စိတ်မဝင်မစားပေ။ ကောင်းကင်ကြယ်မြို့ကို
လက်တစ်ဖက်ငှားလိုက်သည့်
အကြောင်းအရင်းက လီမိုကျန်းဟာ
ဖြောင့်မတ်သူဟု ခံစားမိသောကြောင့်ပင်။

သူလုပ်နိုင်သည့် အကန့်အသတ်တွင်းမှာပဲ
ရှိနေသဖြင့် ကူညီပေးလိုက်ခြင်းပါ။
အထူးသဖြင့် လူတစ်ဦး၏ကံကြမ္မာကို
ပြောင်းလဲနိုင်စွမ်းသည့်အခါ သူနှင့်
မိတ်ဆွေဖြစ်ထိုက်သည့်သူကို
အနည်းငယ်ကူညီပေးခြင်းက
ဘာပြဿနာမှမရှိပေ။

...

ကောင်းကင်ကြယ်မြို့၏ မြို့သခင်အိမ်တော်....။
အခန်းတစ်ခုထဲတွင်....။

ယန်ယဲ့သည် ကုတင်ပေါ်တွင်
တင်ပျဉ်ခွေလျက်ထိုင်ကာ သူ့ရှေ့တွင်လည်း
အဆင့်လွန် စွမ်းအင်ကျောက်တုံးများ
တန်းစီထားသည်။

အမှန်စင်စစ် သူ၏ ခွန်အားက
အထွတ်အထိပ်ကို ပြန်မရောက်သေးပေ။
အများဆုံးမှ ၇၀ ရာခိုင်နှုန်းနီးပါးလောက်သာ

ပြန်ကောင်းလာခဲ့သည်။ သူ၏
ခန္ဓာကိုယ်သွေးကြောပြဿနာသာမရှိပါက
ဓားမသုံးဘဲနဲ့တင်
သူတော်စင်တစ်ပိုင်းအဆင့်ကို သတ်နိုင်၏။

သူ၏အစစ်အမှန်ခွန်အားက
ဓားစိတ်ဆန္ဒမဟုတ်ဘဲ မူလရုပ်ခန္ဓာဟုပင်
ဆိုနိုင်ပါသည်။

သူ၏ပြဿနာကို ဖြေရှင်းထို့
တစ်ခုတည်းသောနည်းလမ်းက
မူလစေတီထဲသို့ ဝင်ရောက်ရန်ဖြစ်သည်။
မူလစေတီ ထဲသို့ ဝင်ရောက်နိုင်ဖို့

တစ်ခုတည်းသောနည်းလမ်းကလည်း သူ၏ကျင့်ကြံမှုနယ်ပယ်ကို မြှင့်တင်ရပါမည်။

ယခုအချိန်မှာ သူ့လက်ထဲတွင် အဆင့်လွန် စွမ်းအင် ကျောက်တုံး ၂၀,၀၀၀ ရှိသော်လည်း သိုင်းဧကရာဇ်အဆင့် တက်လှမ်းဖို့ မလုံလောက်ပေ။ ထို့ကြောင့် လက်ရှိ အရေးကြီးဆုံးက အဆင့်လွန် စွမ်းအင်ကျောက်တုံးများ ပိုရလာဖို့ပင်။

တစ်ချိန်တည်းမှာပင် သူက ရန်သူများကို ဖြည်းညှင်းစွာ ရင်ဆိုင်ပြီး လုယက်ခြင်းက အတော်လေးအချိန်ကြာနေသဖြင့် တစ်ကြိမ်တည်းစုစည်းလာအောင်လုပ်ဖို့ ဆုံးဖြတ်လိုက်၏။

အချိန် ၄ နာရီကြာပြီးနောက်တွင် ယန်ယွဲ့သည် အဆင့်လွန် စွမ်းအင်ကျောက်တုံး ၁၀,၀၀၀ နီးပါးကို စုပ်ယူခဲ့သည်။
ထိုစွမ်းအင်ကျောက်တုံးများမှ စွမ်းအင်ကနေ ပြောင်းလဲပေးသည့်

ခရမ်းရောင်ဆန်းကြယ်ချီစွမ်းအင်က
ယခင်တိုက်ပွဲတွင် ကုန်ဆုံးသွားပြီဖြစ်သည်။

"ဟမ်?" ရုတ်တရက် ယန်ယွဲ့၏
မျက်လုံးများသည် ပြူးကျယ်လာပြီး
သူ့မျက်နှာတွင် ပျော်ရွှင်မှုများ ပေါ်လာသည်။
ဆန်းကြယ်ရွှေချီကန်က အမှန်တကယ်
လှုပ်ရှားလာကြောင်း
သတိပြုမိလိုက်သောကြောင့်ပါ။

ယန်ယွဲ့သည် ဝမ်းသာအားရနှင့်
ခုန်ပေါက်လုမတတ် ဖြစ်သွားသည်။ သူက
စိတ်လှုပ်ရှားမှုနှင့် ပျော်ရွှင်မှုကို အပြင်းအထန်
မျိုသိပ်ထားပြီးနောက် သူ၏စိတ်အာရုံအသိကို
သူ့ခန္ဓာကိုယ်ထဲသို့ ပို့လွှတ်လိုက်သည်။
ထိုအချိန်တွင် ဆန်းကြယ်ရွှေချီကန်က
ယခုမှထွက်ပေါ်လာသည့် အခြေအနေနှင့်
တူညီနေပုံရသည်။ ၎င်းသည် ဖြည်းညှင်းစွာ
လှည့်ပတ်နေပြီး သူ့ခန္ဓာကိုယ်ထဲမှ
ဆန်းကြယ်ချီစွမ်းအင်အားလုံးကို အပြည့်အဝ
စုပ်ယူလိုက်သည်။ ယန်ယွဲ့သည် ၎င်းကို
သတိပြုမိသောအခါ

အဆင့်လွန်စွမ်းအင်ကျောက်တုံးအချို့ကို
အမြန်စုပ်ယူလိုက်သည်။

နောက်ထပ် တစ်နာရီနီးပါး
ကုန်သွားသည့်နောက်မှာတော့
သူ့တွင်ကျန်ရှိနေသော အဆင့်လွန်
စွမ်းအင်ကျောက်တုံး ၁၀,၀၀၀ လုံးလုံး
ကုန်သွားပါပြီ။သို့သော်လည်း မူလစေတီက
ဆန်းကြယ်ရှေးချီကန် အတိုင်းပင် ရှိနေသေး၏။

ယန်ယဲ့က ချက်ချင်း မျက်နှာပျက်သွားသည်။ သူ၏ ပင်ကိုယ်အသိက အဆင့်လွန် စွမ်းအင်ကျောက်တုံး ၁၀,၀၀၀ ဟာ မလုံလောက်ပေ။ သို့တည်းမဟုတ် အဆင့်လွန် စွမ်းအင်ကျောက်တုံး ၁၀၀,၀၀၀ သည်ပင် ဆန်းကြယ်ရွှေချိုကန်ကို မူလစေတီ အဖြစ် ပြန်၍ မပြောင်းလဲနိုင်တော့ကြောင်း ပြောပြခဲ့သည်။

အချိန်တော်တော်ကြာသည့်နောက် ယန်ယဲ့က ခေါင်းယမ်းလိုက်၏။ ဒီအချိန်မှာ သူက

အတော်လေးစိတ်မရှည် ဖြစ်နေကြောင်း သူကိုယ်သူသိနေသည်။

အဆုံးတွင်တော့ ကောင်းသောအရာတစ်ခု ဖြစ်သည်ဟု ဆိုနိုင်သည်။ မူလစေတီက သူ့ခန္ဓာကိုယ်ထဲရှိ ဆန်းကြယ်ချီစွမ်းအင်ကို စတင်တုံ့ပြန်ခဲ့ပြီး ယင်းက သူ့အား မျှော်လင့်ချက်ကို မြင်လာစေသည်မဟုတ်ပါလား။ သူက မူလစေတီ ထဲသို့ ပြန်ဝင်နိုင်ဖို့ အချိန်တစ်ခုသာ လိုတော့၏။

"အစ်ကိုယန်! ငါဝင်လာလို့ရမလား"
ရုတ်တရက် အခန်းအပြင်ဖက်မှ
လီချင်ကျင်း၏အသံ ထွက်ပေါ်လာသည်။

ယန်ယဲ့က တံခါးကိုဖွင့်လိုက်ရာ လီချင်ကျင်းက
သူ့ရှေ့တွင် ရပ်နေသည်ကို တွေ့လိုက်ရသည်။
ဒီအချိန်မှာ လီချင်ကျင်းက
အစိမ်းရောင်ဝတ်ရုံကို
ဝတ်ဆင်ထားဆဲဖြစ်သည်။ သူမ၏ပုံစံက
တစ်မျိုးတစ်ဖုံ လှပနေလေသည်။

လီချင်ကျင်းက ယန်ယဲ့ တိတ်ဆိတ်နေသည်ကို မြင်သောအပြုံးပြုံးပြီး "ငါ နင့်ကို နှောင့်ယှက်မိလို့လား?"

ယန်ယဲ့က ခေါင်းယမ်းပြပြီး အခန်းထဲပြန်ဝင်လာရင်း "သူတို့ ညီအစ်မနှစ်ယောက် အဆင်ပြေလား"

“သူတို့ အိပ်ပျော်သွားကြပြီ၊ အရမ်းအိပ်မောကျနေပြီ” လီချင်ကျင်းက ပြန်ဖြေသည်။

၁၀၂၈

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၂၈ - ရှေးဟောင်းဓားကျောင်းတော်နှင့် တာအိုအမိန့်တော် တို့ရောက်လာခြင်း

ယန်ယဲ့က ငြိမ်ကျသွားသည်။

ဒီကာလတစ်လျှောက်လုံး သူတို့နှစ်ယောက်က

အရာရာကို စိုးရိမ်ပူပန်နေခဲ့ပြီ
အိပ်စက်ဖို့အသာထား မှိန်းပင်မှိန်းမနေရဲပေ။

ကောင်းကင်ကြယ်မြို့တွင် သူတို့ကို ထားခဲ့ဖို့
စိတ်ကူးခဲ့သော်လည်း အဆုံး၌ ထိုအတွေးကို
ပယ်ဖျက်လိုက်ရသည်။

တာအိုအမိန့်တော်က
သူတို့ညီအစ်မနှစ်ယောက်ဟာ
သူနှင့်အတူရှိနေကြောင်း သိရှိသွားပြီဖြစ်သည်။
ထို့ကြောင့် သူတို့ကို ကောင်းကင်ကြယ်မြို့တွင်
ထားခဲ့ပါက မြို့သခင်အိမ်တော်၏ ခွန်အားဖြင့်
သူတို့ကို ကာကွယ်နိုင်မှာမဟုတ်ပေ။ ထို့အပြင်

ၑင်းသည် ကောင်းကင်ကြယ်မြို့ကိုပင်
ကပ်ဘေးကျရောက်လာနိုင်ပေသည်။

သူတို့ကို ကာကွယ်နိုင်သည့် တစ်ခုတည်းသော
အင်အားစုက
ရှေးဟောင်းဓားကျောင်းတော်သာ ဖြစ်၏။
ထို့ကြောင့် ယန်ယဲ့က ဖန်ညီအစ်မနှစ်ဦးကို
ရှေးဟောင်းဓားကျောင်းတော်ကိုသာ ခေါ်သွားဖို့
ဆုံးဖြတ်လိုက်သည်။

"အစ်ကိုကြီး ကူညီပေးတာ ကျေးဇူးတင်ပါတယ်!" လီချင်ကျင်းက"နင် သူ့ကို ကယ်တင်တာမဟုတ်ဘူး၊ နင်က ငါတို့လီကလန်တစ်ခုလုံးကိုလည်း ကယ်တင်ခဲ့တယ်!"

"ဘာမှမဟုတ်ပါဘူး!" ယန်ယဲ့က လီချင်ကျင်းကို စိုက်ကြည့်ရင်း "မင်းငါ့ကို ကျေးဇူးတင်ဖို့ ဒီကိုလာခဲ့တာ မဟုတ်ဘူးလား"

သူမက "ငါနင့်ဆီကိုလာလည်လို့ မရဘူးလား"

ယန်ယဲ့က သူမကို ခဏလောက် စိုက်ကြည့်ပြီး "တကယ်တော့ မင်းအစ်ကိုကြီးကို ကယ်တင်ဖို့ မျောက်ဝိုင်ခိုးဖို့ မတွန့်ဆုတ်ဘူးဆိုတာကို ငါသိလိုက်ရတော့ မင်းကို အရမ်းသဘောကျသွားတယ်။ ဒါက အဲဒီနေ့က ငါကရုဏာပြခဲ့တဲ့ အကြောင်းရင်းအမှန်ပဲ"

လီချင်ကျင်းက "ဘာဖြစ်လို့လဲ"ဟု မေးလိုက်၏။

ယန်ယဲ့က “ငါ့မှာ
ညီမလေးတစ်ယောက်ရှိတယ်။ ငါ သူမကို
ကယ်တင်ဖို့ ဘာကိုမှ တုံ့ဆိုင်းနေမှာ
မဟုတ်ဘူးဆိုတာသေချာတယ်။ ကောင်းပြီ၊
ဒါကို ဒီမှာရပ်ပြီး လိုရင်းပဲ ပြောရအောင်။”

လီချင်ကျင်းက ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး
"နင်သွားနေတဲ့လမ်းကို လွှဲပြီး
သိုင်းပညာနှလုံးသားမြို့တော်ကို
ရှောင်ပတ်သွားချင်သလား..."

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ "ဘာလို့လဲ"

လီချင်ကျင်းက မပြောခင်
အချိန်အတော်ကြာအောင် လေးလေးနက်နက်
စဉ်းစားနေခဲ့သည်။ အတန်ကြာမှ
"တာအိုအမိန့်တော်ရဲ့အဖွဲ့ဝင်တွေက
သိုင်းပညာနှလုံးသားမြို့တော်မှာ နင့်ကို
ကြိုစောင့်နေတယ် ဆိုတဲ့ သတင်းကို ငါ
ရခဲ့တယ်။ ဒါက သာမန်အဖွဲ့မဟုတ်တာတော့
သေချာတယ်။ ဘာလို့လဲဆိုတော့ အားလုံးက
အဖြူရောင်ဝတ်ရုံအဖွဲ့ဝင်တွေချည်းပဲ။

ပြောရရင် အရင်က

အဖြူရောင်ဝတ်ရုံမိန်းမပျိုထက်

ပိုပြီးသန်မာနေမှာသေချာတယ်။

အရေးကြီးဆုံးက သူတို့က နင့်ကို

သတ်ဖို့မဟုတ်ဘူး၊ သူတို့က နင့်ကို

အချိန်တွဲထားပြီး လူတစ်ယောက်

ရောက်လာတဲ့အထိ

စောင့်နေတာပဲဖြစ်နိုင်တယ်။"

ယန်ယဲ့က "ဘယ်သူလဲ?"

သူမက “သတ်ဖြတ်သူ မန်ဘာ! နင် သူ့အကြောင်း ကြားဖူးသင့်တယ် မဟုတ်လား"

ယန်ယဲ့က ခေါင်းခါလိုက်သည်။ "တစ်ခါမှကို မကြားဖူးဘူး!"

လီချင်ကျင်းဟာ ယန်ယဲ့ ပြောလိုက်သည့် စကားကြောင့် ဘာပြောရမှန်းမသိအောင် ဆွံ့အသွားသည်။

လီချင်ကျင်းက ယန်ယဲ့ကို စူးစူးရဲရဲ တစ်ချက်ကြည့်လိုက်ပြီး “သူက ပင်လယ်လှိုင်းစီရင်စုမှာ အရမ်းနာမည်ကြီးတယ်။ သူက ဝိညာဉ်နယ်ပယ်အလွှာအဆင့်မှာ မော်တယ်တာအိုလမ်းစဉ်ရဲ့ အဖွဲ့ဝင် ဖြစ်ခဲ့တယ်။ သူ ချီးမြှောက်ခြင်းနယ်ပယ် ရောက်တော့ ကမ္ဘာ့တာအိုလမ်းစဉ်ရဲ့ အဖွဲ့ဝင်ဖြစ်ပြီး ပင်လယ်လှိုင်းစီရင်စုရဲ့ ချီးမြှောက်ခြင်းနယ်ပယ်အဆင့်တွေထဲမှာ နံပါတ်တစ်ပညာရှင် ဖြစ်လာခဲ့တယ်။ သူ့ရဲ့ ခွန်အားက အရမ်း

ကြောက်စရာကောင်းတဲ့အပြင်
ရက်စက်ကြမ်းကြုတ်တဲ့လူတစ်ယောက်လို့
ဆိုနိုင်တယ်။ အရင်တုန်းက သူနဲ့
ကောင်းကင်မြို့လို့ခေါ်တဲ့
ရွှေအဆင့်ဂိုဏ်းတစ်ခု ကြားမှာ မဖြစ်စလောက်
ပဋိပက္ခလေး ဖြစ်ခဲ့တယ်။ နောက်တော့ သူက
ကောင်းကင်မြို့တစ်ခုလုံးကို သတ်ပစ်ခဲ့တယ်။
အဲဒီတိုက်ပွဲမှာ လူတစ်သန်းနီးပါးကို
သတ်လိုက်တာ!"

“အိုး!” ယန်ယဲ့သည် စကားစမြည်ပြောပြီး
ရှေ့သို့ လျှောက်လာခဲ့သည်။ လီချင်ကျင်းက

အံ့အားသင့်သွားပြီးနောက် သူ့နောက်သို့ အလျင်အမြန် လိုက်လာပြီး

"မဟုတ်လား... နင်က သူ့ခွန်အားကို မေးမှာမဟုတ်ဘူးလား။"

ယန်ယဲ့က သိပ်ပြီးမထူးခြားဟန်ဖြင့် မေးလိုက်၏။ "ဒါဆို ပြောပါ၊ သူက ဘယ်လောက် သန်မာလဲ”

လီချင်ကျင်းက ယန်ယွဲ့ကို ခဏလောက်
စူးစိုက်ကြည့်ရင်း အကူအညီမဲ့စွာ
ပြုံးလိုက်သည်။“မန်ဘာက နင် သူ့ကို
ဂရုမစိုက်ဘူးဆိုတာသာ သိသွားရင် နင့်ကို
အပိုင်းပိုင်း ပိုင်းဖြတ်ပစ်မယ်ဆိုတာ သိလား!”

ယန်ယွဲ့က ရပ်လိုက်ပြီး လီချင်ကျင်းကို
လှည့်ကြည့်လိုက်ကာ ပြောလေသည်။
"မလိုပါဘူး၊ ငါ့ရဲ့အတိတ်က
အောင်မြင်မှုတွေကို သူသိရင် သူငါ့ကို
ရင်ဆိုင်ဝံ့မှာ မဟုတ်ဘူးလို့ ငါထင်တယ်!"

"မယုံဘူး!" လီချင်ကျင်းက “နင်
အရမ်းသန်မာတယ်ဆိုတာ ငါသိပါတယ်၊
အဲဒါကို ငါကိုယ်တိုင်တွေ့ဖူးတယ်။ ဒါပေမဲ့
နင်ဘယ်လောက်ပဲ သန်မာနေပါစေ
ဓားအင်ပါယာ လုဝမ်အာ ထက် နင်က
ပိုသန်မာသလား။ သူမက
ပြီးခဲ့တဲ့နှစ်တွေကတည်းက ကောင်းကင်အဆင့်
ဓားစိတ်ဆန္ဒကို ပိုင်ဆိုင်ထားပြီ။ အခုဆို သူမက
ကောင်းကင်အဆင့် ၂ ဓားစိတ်ဆန္ဒကိုတောင်
ရောက်နေလောက်ပြီ။ နောက်ဆုံး
ရှေးဟောင်းဓားကျောင်းတော်ရဲ့

အဆင့်မြင့်အာဏာပိုင်တစ်ဦးက လုဝမ်အာ နဲ့ မန်ဘာ သာ အဆင့်တူဆိုရင် သူမက အနိုင်ရမှာမဟုတ်ဘူးလို့တောင် ထုတ်ပြောခဲ့ဖူးတယ်။

" လုဝမ်အာ...." ယန်ယဲ့၏ပါးစပ်ထောင့်တွင် အပြုံးအနည်းငယ်ပေါ်လာသည်။ အတိတ်မှာ သူ့ဆီကနေ နေ့တိုင်း လမ်းညွှန်မှုလာတောင်းသည့် ကလေးမလေးဟာ ရောင်စဉ်ဖြာဒေသတွင် ထိပ်ဆုံးရောက်ပါရမီရှင် ဖြစ်နေလိမ့်မည်ဟု သူ မထင်ထားမိပေ။

လီချင်ကျင်းက အံ့သြသွားပြီး
"နင်ဘာလို့ပြုံးနေတာလဲ!"

" လုဝမ်အာ က ငါ့ကိုမြင်ရင်
ဘယ်လိုပုံစံဖြစ်မလဲ ငါတွေးနေတယ်..."
ယန်ယဲ့က ပြုံးလိုက်သည်။

လီချင်ကျင်းက တုန်လှုပ်သွား၏။ " နင်.... နင်
သူမကို သိတာလား..."

ထိုအချိန်တွင် လီရှမ်ဂျီက ယန်ယွဲ့ရှေ့တွင် ရုတ်တရက် ပေါ်လာသည်။ သူက လီချင်ကျင်းကို တစ်ချက် စိုက်ကြည့်ကာ ယန်ယွဲ့ကို ကြည့်ရင်း "ညီငယ်ယန်! ပေါ်တယ်စနစ်ကို ပြုပြင်ပြီးပြီ။ ဒါပေမဲ့ သိုင်းပညာနှလုံးသားမြို့တော်က ဘာလဲဆိုတာ မင်း ရှင်းရှင်းလင်းလင်း သိနေလောက်ပြီ ထင်ပါတယ်။ မင်းဘာလို့ တခြားလမ်းကနေ လှည့်မသွားရတာလဲ"

"အဆင်ပြေပါတယ်!" ယန်ယဲ့က လီချင်ကျင်းကို စိုက်ကြည့်ကာ "ဖန်မုန့် နဲ့ ဖန်လီကို ငါ့ဆီခေါ်လာပေးပါဦး။"

........

အချိန်အနည်းငယ်ကြာပြီးနောက် လီချင်ကျင်းက ဖန်လီ နှင့် ဖန်မုန့်ကို ခေါ်ဆောင်လာခဲ့သည်။

ယန်ယဲ့သည် ဖန်မုန့်၏လက်ကို ကိုင်လိုက်ပြီး လီရှမ်ဂျီ၏ လမ်းပြမှုအောက်တွင် ပေါ်တယ်စနစ်ဆီသို့ လျှောက်သွားလိုက်သည်။ အချိန်အနည်းငယ် ကြာပြီးနောက် ပေါ်တယ်စနစ်ရှိရာ သို့ ရောက်လာကြသည်။

လီရှမ်ဂျီက "ညီငယ်ယန်! မန်ဘာ က ချီးမြှောက်ခြင်းနယ်ပယ်အဆင့်မှာကတည်းက သူတော်စင်တစ်ပိုင်းအဆင့်ကို သတ်ခဲ့ဖူးတယ်!"

"သူတော်စင်တစ်ပိုင်းအဆင့်လား?" ယန်ယဲ့၏ ပါးစပ်ထောင့်တွင် အပြုံးမပျက် အပြုံးတစ်ခု ပေါ်လာကာ "တစ်ခါကကြုံခဲ့ဖူးတော့ သူတို့ကို သတ်ရတာ ငြီးငွေ့လာပြီ!"

သူစကားပြောနေစဉ် ဖန်မုန့် နှင့် ထန်လီတို့ကိုလက်ဆွဲကာ ပေါ်တယ် ထက်သို့ ဝင်ရောက်လာခဲ့သည်။

အလင်းတန်းများ တဖျပ်ဖျပ်ဖျပ်ခတ်လာပြီးနောက် သူတို့

သုံးယောက်လုံး နေရာတွင်ပင်
ပျောက်ကွယ်သွားကြသည်။

သိုင်းပညာနှလုံးသားမြို့တော်....။

ရင်းသည် ရွှေအဆင့်ဂိုဏ်းတစ်ခု
ဖြစ်ခဲ့သော်လည်း
ပင်လယ်လှိုင်းစီရင်စုတစ်လျှောက်တွင်
နာမည်ကြီးခြင်းမရှိပေ။ စီရင်စုတစ်ခုလုံးတွင်
မရေမတွက်နိုင်သော
ရွှေအဆင့်ဂိုဏ်းများရှိသောကြောင့်ဖြစ်သည်။

သို့သော်လည်း ယခုအခါ
သိုင်းပညာနှလုံးသားမြို့တော်က
စီရင်စုတစ်ခုလုံး၏ အာရုံစူးစိုက်ရာဗဟိုချက်
ဖြစ်လာခဲ့သည်။

ရှေးဟောင်းဓားကျောင်းတော်မှ
တပည့်တစ်ဦးသည် တာအိုအမိန့်တော်၏
ငရဲခေါင်းတလားကို ဖျက်ဆီးပစ်ခဲ့သည်။
ထို့အပြင် ထိုလူက တာအိုအမိန့်တော်၏
တပည့် ၂ ယောက်ကိုပါ လူမြင်ကွင်း၌
ပေါ်တင်သတ်ဖြတ်ခဲ့၏။ ထိုအရာက

ရှေးဟောင်းဓားကျောင်းတော်ဟာ
တာအိုအမိန့်တော်ကို
ပြင်းပြင်းထန်ထန်မျက်နှာဖြတ်ရိုက်လိုက်သည့်
ပထမဆုံးအကြိမ်ဟု ပြောလို့ရပေသည်။

ရှေးဟောင်းဓားကျောင်းတော်သည်
တာအိုအမိန့်တော် နှင့် နှစ်ပေါင်းများစွာတိုင်
ရန်သူများဖြစ်ခဲ့ကြသည်။
၎င်းတို့၏တပည့်များသည်လည်း တွေ့ဆုံတိုင်း
သေခြင်း၊ ရှင်ခြင်း တိုက်ခိုက်ဝင်ကြ၏။
နှစ်တွေကြာလာသည်နှင့်အမျှ နှစ်ဖက်စလုံးဟာ
ရံဖန်ရံခါ နိုင်သည် ၊ရှုံးသည်နှင့်

တစ်လှည့်ချည်းဖြစ်သည်။ သို့သော်လည်း
ဤတစ်ကြိမ်တွင် သာမန်ရိုးရှင်းသော
အနိုင်အရှုံးတိုက်ပွဲ မဟုတ်ခဲ့ပေ။
တစ်ဖက်ဖက်က သေမှသာ ရပ်တန့်တော့မည့်
"သေခြင်းတိုက်ပွဲ" ပင်။

လူအနည်းငယ်သေဆုံးခြင်းသည်
တာအိုအမိန့်တော် နှင့်
ရှေးဟောင်းဓားကျောင်းတော် ကဲ့သို့
မဟာဂိုဏ်းကြီးများ အတွက် ဘာမှမဟုတ်ပေ။
သူတို့၏အမြင်မှာ  သက်ဆိုင်ရာတပည့်များက

သေဆုံးနိုင်သော်လည်း အရှက်ခွဲခံရဖို့
မဖြစ်နိုင်ပေ။

ဤတစ်ကြိမ်တွင်မူ ယန်ယဲ့သည်
တာအိုအမိန့်တော်၏

မျက်နှာကို ပြင်းပြင်းထန်ထန်
ဖြတ်ရိုက်လိုက်ရုံသာမကဘဲ မျက်နှာပေါ်
တက်နင်းလိုက်သည်ဟုပင်ပြောနိုင်ပါသည်။
ထို့ကြောင့်လည်း ယန်ယဲ့သာ
ရှေးဟောင်းဓားကျောင်းတော်သို့
ပြန်သွားနိုင်ခဲ့လျှင် တာအိုအမိန့်တော်က

ထင်းရှူးစီရင်စုတစ်ခုလုံး သေချာပေါက်
ဂုဏ်သတင်းချနင်းခံရပါလိမ့်မည်။

ထို့အပြင် ထိုအချိန်မှစ၍
တာအိုအမိန့်တော်သည်
ရှေးဟောင်းဓားကျောင်းအောက်တွင်
ထာဝရတည်ရှိနေတော့မည်ဖြစ်သည်။
ထိုထက်ပို၍ ဆိုးသည်မှာ ပလက်တီနမ်အဆင့်
မဟာဂိုဏ်းများကြား၌ ခေါင်းမော့
ဝင့်ကြွားနိုင်မည်မဟုတ်တော့ပေ။

နောက်ဆုံးတွင် တာအိုအမိန့်တော်က
ရွေးချယ်စရာမရှိဘဲ တာအိုအမိန့်ချကာ
ယန်ယဲ့ကို သတ်ဖို့
စိတ်ပိုင်းဖြတ်လိုက်လေတော့သည်။

ဤအခိုက်အတန့်တွင်
ထင်းရှူးစီရင်စုတစ်ခုလုံးမှ
ကျင့်ကြံသူများသည်
သိုင်းပညာနှလုံးသားမြို့တော်၏ ပေါ်တယ်စနစ်
အနီးတွင် ရပ်နေကြသည်။ သို့သော်
၎င်းတို့အားလုံးတွင် အထူးခြားဆုံးမှာ

ပေါ်တယ်၏ ဘယ်နှင့်ညာတွင် ရပ်နေသော လူအုပ်စု ၂ ခုဖြစ်သည်။

လက်ဝဲဖက်တွင် လူ ၅ ဦး ပါဝင်ပြီး ၎င်းတို့အားလုံး အဖြူရောင်ဝတ်ရုံများ ဝတ်ဆင်ထားသည်။ သိသာထင်ရှားစွာပင် အဖြူရောင်ဝတ်ရုံလူ ၅ ယောက်က တာအိုအမိန့်တော်၏ တပည့်များဖြစ်သည်။

ညာဖက်တွင်ရှိသော အဖွဲ့ကလည်း အဖွဲ့ဝင် ၅ ဦး ရှိသည်။ သူတို့အားလုံးသည်

အစိမ်းရောင်ဝတ်ရုံကို ဝတ်ဆင်ထားကြသည်။ သူတို့နောက်ကျော၌လည်း သက်စောင့်ဓားများ သိုင်းလွယ်ထားကြ၏။ ထို့ကြောင့် တွေးကြည့်နေစရာပင်မလို၊ သူတို့က ရှေးဟောင်းဓားကျောင်းတော်၏ အဖွဲ့ဝင်များဖြစ်ကြောင်းသိနိုင်လေသည်။

"ဟီးဟီး...။ ရှေးဟောင်းဓားကျောင်းတော်ရဲ့ ချီးမြှောက်ခြင်းနယ်ပယ်အဆင့် ဓား ၃ လက် တင်မကဘူး၊ ပျော့ပျောင်းသောဓား ဝူရန်ကျိုး လည်း ရောက်လာတယ်။ ဟဟ....၊ ရှေးဟောင်းဓားကျောင်းတော်က ဒီအချိန်မှာ

တာအိုအမိန့်တော်ကို အဆုံးထိ တိုက်ခိုက်ဖို့ စိတ်ပိုင်းဖြတ်ထားပုံပဲ။”

၁၀၂၉

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၂၉ - တစ်ချက်တည်းနဲ့ သတ်လိုက်တာလား

ရုတ်တရက် ပေါ်တယ်၏ ဘယ်ဖက်ရှိ
အဖြူရောင်ဝတ်ရုံလူများက ချက်ချင်း
မတ်တတ်ထလာပြီးနောက်  အားလုံး
တစ်နေရာ ဆီသို့ တလေးတစား
ဦးညွှတ်နေကြသည်ကို လူတိုင်း
သတိထားမိကြသည်။

အခြားသူများလည်း လိုက်ပါကြည့်လိုက်ရာ
လက်ထဲမှာ အနက်ရောင်တံစဉ်တစ်ချောင်း
ကိုင်ထားသည့်
အဖြူရောင်ဝတ်ရုံမိန်းမပျိုတစ်ယောက်က
သူတို့ဆီ ဖြည်းဖြည်းချင်း

လျှောက်လာနေသည်ကို တွေ့လိုက်ရသည်။
ထိုမိန်းမပျိုက အသက် ၂၀
ဝန်းကျင်သာရှိပုံရသည်။ သူမက လှပပြီး
သိမ်မွေ့သောအသွင်အပြင်နှင့်
သေးသွယ်သောရုပ်ရည်ကိုပိုင်ဆိုင်ထားသည်။
ထူးခြားချက်က သူမ၏လက်ထဲမှ
အနက်ရောင်တံစဉ်ဖြင့် ဖြည်းညှင်းစွာ
လျှောက်လာနေသည့် အသွင်အပြင်ဟာ
အနှိမိန်းမပျိုအား ကမ္ဘာလောကသို့
ဆင်းသက်လာသည့်
သေမင်းနတ်ဘုရားအလားထင်ရစေသည်။
ထို့အပြင်

အဖြူရောင်ဝတ်ရုံမိန်းမပျိုထံကနေလည်း ပတ်ဝန်းကျင်ရှိ လူတိုင်းအပေါ် ပြင်းထန်သော ဖိအားများ ထွက်လာခဲ့သည်။

"သေမင်းနတ်ဘုရား ကုန်းလျှန်…."
တစ်စုံတစ်ယောက်သည် အလိုအလျောက် အော်ဟစ်လိုက်သည်။

"ကောလဟာလတွေအရတော့ သူမ သွားလေရာရာ မှာ တစ်စုံတစ်ယောက်ကတော့ သေရစမြဲပဲတဲ့။ တာအိုအမိန့်တော်က

တကယ်ပဲ သူမကို ပို့လိုက်တာလား။ သူတို့က ဘာကိုဦးတည်ချင်နေတာလဲ။ သူတို့က အခု ရှေးဟောင်းဓားကျောင်းတော် တိုက်ခိုက်ဖို့ ရည်ရွယ်ထားတာများလား။”

“ဒါက နည်းနည်းတော့ အန္တရာယ်များလာပြီ…” ရှေးဟောင်းဓားကျောင်းတော်မှ အဖွဲ့ဝင် ၅ ဦး၏ မျက်နှာသည်လည်း အဖြူရောင်ဝတ်ရုံမိန်းမပျိုကို မြင်သောအခါ သိသိသာသာပင် လေးနက်လာခဲ့ကြသည်။

"ယန်ယဲ့သာ အသက်ရှင်ခဲ့ရင် နင်တို့ ၅ ယောက်လုံး မသေနိုင်ဘူး။ ဒါပေမဲ့ ယန်ယဲ့သေရင် နင်တို့အားလုံး သူနဲ့အတူသေလိမ့်မယ်!" အဖြူရောင်ဝတ်ရုံမိန်းမပျိုက သူမ၏လက်ထဲက အနက်ရောင်တံစဉ်ကို ဝှေ့ယမ်းကာ ရှေးဟောင်းဓားကျောင်းတော်မှ အဖွဲ့ဝင်များထံ လျှောက်သွားရင်း ပြောလိုက်လေသည်။ သူမ၏အကြည့်သည် လူသေအလောင်းများကို ကြည့်နေသလိုမျိုး သူတို့ကို စိုက်ကြည့်နေသည်။ ထို့အပြင် သူမ၏လေသံက လုံးဝကို

သံသယကင်းရှင်းနေပြီး
ယုံကြည်မှုအပြည့်နှင့်ပည။

"မင်းမှာ အရည်အချင်းရှိရင်
စမ်းကြည့်လို့ရတယ်!"
ရှေးဟောင်းဓားကျောင်းတော်မှ
အဖွဲ့ကိုဦးဆောင်သူ က ဂရုမစိုက်ဘဲ
ပြန်ပြောပြီး အဖြူရောင်ဝတ်ရုံမိန်းမပျိုအား
စိုက်ကြည့်နေသည်။

"နင်၊ နင့်ရဲ့ဓားက အမာကနေအပျော့(ဓားစွမ်းအားမဲ့အဆင့်) ကို အောင်မြင်သွားပြီလို့ ငါကြားတယ်။ ငါဒါကို ကိုယ်တိုင်တွေ့ချင်နေတာကြာပြီ! ငါ ကုန်းလျှန်က သိချင်မိပါရဲ့။ ဒီတော့ နင်ငါ့ကိုစိတ်မပျက်စေဘူးလို့ ငါမျှော်လင့်ပါတယ်!"

"အချိန်မရွေးပဲ!" ဝူကျုံးရန်က ခေါင်းညိတ်လိုက်သည်။

ပတ်ဝန်းကျင်ရှိ ကျင့်ကြံသူအများအပြားသည်
တိတ်တဆိတ်နောက်သို့ ဆုတ်သွားကြပြီး
ပေါ်တယ်အနီးမှာ နေရာအကျယ်ကြီးကို
ဖွင့်လိုက်ကြသည်။ ဒီအချိန်မှာ
ရှေးဟောင်းဓားကျောင်းတော်နှင့်
တာအိုအမိန့်တော်၏ အဖွဲ့ဝင်များသာ
ပေါ်တယ်အနီးတွင် ရပ်နေခဲ့သည်။

သူတို့ကြားမှ လေထု တင်းမာနေချိန်မှာပဲ
ပေါ်တယ်တစ်ဝိုက်ရှိ အလင်းစက်ဝိုင်းဟာ
ပြင်းထန်စွာ တုန်လှုပ်သွားသည်။ လူတိုင်းက
ချက်ချင်းပင် သတိဝင်လာပြီး

သူတို့၏အကြည့်များကို ပေါ်တယ် ဆီသို့ ပို့လွှတ်လိုက်ကြသည်။ ထိုအချိန်မှာပဲ ပေါ်တယ်ထက်ကနေ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး ၂ ဦး ပေါ်လာခဲ့သည်။

လူတိုင်း၏ အကြည့်များသည် ထိုလူပေါ်သို့ ကျဆင်းသွားသည် ။

"ယန်ယဲ့! ငါ...ငါ...နည်းနည်းကြောက်နေတယ်..." ဖန်မုန့်က ယန်ယဲ့၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း

အသံပင်နည်းနည်းတုန်နေသည်။ သူတို့ သိုင်းပညာနှလုံးသားမြို့တော်ကို ရောက်မလာခင်ကတည်းက ဖြစ်ပျက်နိုင်ချေများကို သိရှိထားခဲ့သည်။

ယန်ယဲ့က ပေါ့ပေါ့ပါးပါးလေသံနှင့် ရယ်မောလိုက်ပြီး "မုန့်အာ! ဓားသမားတစ်ယောက်အနေနဲ့ ကောင်းကင်၊ မြေကြီး၊ သိုင်းသူတော်စင်တွေ ဒါမှမဟုတ် ဒီကမ္ဘာရဲ့အင်မော်တယ်တန်ခိုးရှင်တွေကို မကြောက်သင့်ဘူးဆိုတာ သတိရပါ။"

"အပြောကောင်းတယ်!" ဝူရန်ကျုံး နှင့် ရှေးဟောင်းဓားကျောင်းတော်မှ အဖွဲ့ဝင်များသည် ယန်ယွဲ့ ဆီသို့ လျှောက်လာခဲ့ကြသည်။ ဝူရန်ကျုံးက ယန်ယွဲ့ကို စူးစိုက်ကြည့်ရင်း "ကောင်းတယ်၊... မင်း စိတ်ကြိုက်လုပ်ပါ။ မင်းဒီမှာရှိနေတုန်း အဆင့်မြင့်ပညာရှင်တွေထဲက ဘယ်သူမဆို အနိုင်ကျင့်နိုင်မှာမဟုတ်ဘူး။ ငါတို့ ရှေးဟောင်းဓားကျောင်းတော်ကို သက်သေတည်ပြီး အာမခံတယ်!"

ယန်ယဲ့သည် ဝူရန်ကျုံး နှင့် ကျန်လူများကို ခဏတာ စိုက်ကြည့်ပြီးနောက် "ကျေးဇူးတင်ပါတယ်!"

ထို့နောက်မှာတော့ တာအိုအမိန့်တော်၏ အဖွဲ့ဝင်များထံ လျှောက်လာပြီး "တာအိုအမိန့်တော်က ငါယန်ယဲ့ကို အပြီးတိုင်ဖယ်ရှားပစ်ဖို့ ရည်ရွယ်ထားတာမဟုတ်လား။ ကြည့်ရတာ ငါတို့ထဲက တစ်ယောက်ယောက်သေမှ ဒီကိစ္စတွေပြီးဆုံးမယ်ထင်တယ်။"

အဖြူရောင်ဝတ် ကုန်းလျှန်က အေးစက်စက် ပြောလေသည်။ "ဟမ့်၊ နင်အသက်ရှင်နိုင်မယ်လို့ ထင်နေတာလား"

ယန်ယဲ့က အနီအဖြူရောင်ဝတ်မိန်းမပျို နှင့် တာအိုအမိန့်တော်၏အဖွဲ့ဝင်များကို တစ်ချက်ဝေ့ကြည့်ပြီး

"အခု မင်းတို့အားလုံး ငါ့ဆီ အကုန်လုံးတက်လာမှာလား ဒါမှမဟုတ် တစ်ယောက်ပြီးတစ်ယောက် တိုက်ခိုက်မှာလား" ဟု မေးခွန်းတစ်ခုနှင့် ပြန်ဖြေခဲ့သည်။

ဤနေရာရှိလူတိုင်း
အုံ့အားသင့်သွားခဲ့ကြလေသည်။ ထိုအထဲ
ရှေးဟောင်းဓားကျောင်းတော်၏
အဖွဲ့ဝင်များပင်လျှင် ခြွင်းချက်မရှိပေ။

အားလုံးအတူတကွလား?
အတူပေါင်းပြီးတိုက်ခိုက်ရမှာလား?

လူအများအပြားပင် သူတို့များ
နားကြားမှားသွားသလားဟု ထင်နေကြသည်။

နောက်ဆုံးတွင် ၎င်းတို့သည်

တာအိုအမိန့်တော်၏

တပည့်များဖြစ်သလို

အဆင့်ကျော်တိုက်ခိုက်နိုင်သော

ပါရမီရှင်များချည်းသာ။

သို့သော်လည်း ယန်ယဲ့က

၎င်းတို့အားလုံးပေါင်းပြီး သူ့ကို ချက်ချင်း

တိုက်ခိုက်ဖို့ တိုက်ရိုက်စိန်ခေါ်ခဲ့၏။

ထို့အပြင် ထိုလူများထဲ၌

သိုင်းကေရာဇ်အဆင့်ပညာရှင်ဖြစ်သည့်

သေမင်းနတ်ဘုရား ကုန်းလျန်

ပင်ပါဝင်နေခဲ့သည်။

မောက်မာလိုက်တာ....၊

တရားလွန်မောက်မာတယ်။

ထိုအရာက ယန်ယွဲ့နှင့် ပတ်သက်၍ လူတိုင်း၏

ရင်ထဲ ပထမဆုံးပေါ်လာသော

မှတ်ချက်စကားပင်။

"နင် မနောက်ဘူးဆိုတာ သေချာလား"

ကုန်းလျှန်က အေးစက်စက်လေသံဖြင့်

ပြောရင်း ယန်ယွဲ့ကို စိုက်ကြည့်နေသည်။

ထို့အပြင် သူမ၏လက်ထဲရှိ

အနက်ရောင်တံစဉ်က
တဆတ်ဆတ်တုန်ခါလာလေသည်။

အနက်ရောင်တံစဉ်က ထူးခြားသော
စွမ်းအားများ ထွက်ပေါ်နေပြီး ပတ်ဝန်းကျင်ရှိ
လေထုသည်ပင် အနက်ရောင်အခိုးအငွေ့များ
ဖုံးလွှမ်းလာပါသည်။

ယန်ယဲ့က တဟားဟားရယ်လိုက်ပြီး
"မင်းတို့သိလား။ ငါ မင်းတို့အားလုံးကို
တော်တော်လေးဒေါသထွက်နေပြီ။
တစ်ယောက်က ဒီနေ့လာတယ်၊
နောက်တစ်ယောက်က မနက်ဖြန်လာမယ်။

ဒီအတိုင်းဆက်သွားရင်
မင်းအားလုံးမဟုတ်ရင်တောင် ငါတော်တော်ကို ဒေါသထွက်မိလိမ့်မယ်။

ဒီလိုမျိုးဆိုရင်ကော....? မင်းက သန်မာတယ်လို့ မင်းထင်တဲ့သူကို ဘာလို့ ချက်ချင်းမပို့တာလဲ။ ရိုးရိုးသားသားပြောရရင် မင်းတို့အားလုံး ငါ့ဆီကို အရင်းအမြစ်တွေနဲ့ ခွန်အားတွေ မပြတ်ပို့နေလို့ ငါတကယ်ကို ဝမ်းသာရတယ်။ ဘာလို့လဲဆိုတော့ ငါက တကယ်ဆင်းရဲနေလို့လေ။ ဒါပေမဲ့ အခု မင်းရဲ့တာအိုအမိန့်တော်နဲ့ချည်းအချိန်ဖြုန်းမနေ

ချင်တော့ဘူး။ ဒီတော့ မင်းတို့အားလုံး ငါ့ကို ဘာလို့ တပြိုင်တည်း မတိုက်ခိုက်ကြတာလဲ။"

ယန်ယဲ့က ဆက်ပြောလိုက်၏။ " ဒါက ငါနောက်ပြောင်နေတာမဟုတ်ဘူးနော်။ မင်းတို့အားလုံး ငါ့ကို တပြိုင်နက် တိုက်ခိုက်နိုင်တယ်။ လူတိုင်းရဲ့အချိန်ကို မဖြုန်းတီးတော့ဘူး!"

ကုန်းလျန်၏ ပါးစပ်ထောင့်တွင် ရက်စက်ကြမ်းကြုတ်သောအမူအရာတစ်ခု

ထွက်ပေါ်လာသည်။ ရုတ်တရက် သူ့နောက်မှ လူငယ်တစ်ယောက်က
“ဂိုဏ်းတူအစ်မကုန်းလျှန်! ငါ့ကို အရင်ဆုံးခွင့်ပြုပါ။ မင်းသူ့ကိုသတ်ရင် ငါတို့ တာအိုအမိန့်တော်က မျက်နှာပျက်မှာပဲ။ ဒါက သူဒီလိုပြောရဲတဲ့ အကြောင်းပြချက်ပဲ”

သို့သော်လည်း ကုန်းလျှန်က ရှေ့ကို ခြေလှမ်းအနည်းငယ်လှမ်းလာပြီး ယန်ယွဲ့နှင့် မလှမ်းမကမ်း၌ ရပ်လိုက်သည်။ သူမ၏ ပါးစပ်ထောင့်တွင် ပြင်းထန်သောအပြုံးတစ်ခုနှင့် “ဒီနေ့

နင်အသက်ရှင်နေမယ်ဆိုရင် ငါ့ရဲ့ကိုယ်ပိုင်ဆန္ဒနဲ့ တာအိုအမိန့်တော်မှာ အပြစ်ဒဏ်ခံယူမယ်။ တကယ်လို့ ငါသေမယ်ဆိုရင့်တောင် မသေခင် နင့်ကိုပါ သတ်သွားမယ်။"

"မင်းသိလား?" ယန်ယဲ့က “အရင်တုန်းကလည်း လူတော်တော်များများက ငါ့ကို သတ်ချင်ကြတယ်။ အခု သူတို့ဟာ မရဏာလမ်းပေါ်က မြက်ပက်တွေဖြစ်နေပြီ။ ပြောရရင် သင်္ချိုင်းပေါ်က မြက်ပင်တွေကတောင် မင်းထက်တောင် မြင့်နေနိုင်တယ်!”

"ဟုတ်သလား?" ကုန်းလျှန်က ရုတ်တရက် ပြုံးလိုက်ပြီး "နင်မသေဖို့ ငါမျှော်လင့်တယ်။ ဒီလိုမှမဟုတ်ရင် ငါအရမ်းစိတ်ဆင်းရဲပြီး စိတ်ဓာတ်ကျနေလိမ့်မယ်။ ဘာကြောင့်လဲ ဆိုတော့ လူတစ်ယောက်ကို သတ်ဖို့ ဒီလောက် အရေးတကြီး တခါမှ မခံစားဖူးလို့။ အထူးသဖြင့်တော့ နင်….”

"အပိုစကားတွေ တော်သင့်ပြီ " ယန်ယွဲ့က စကားဖြတ်ပြောလိုက်၏ "သေမင်းနတ်ဘုရား

ကုန်းလျှန် နော်။ မင်းက မတိုက်ခိုက်ရင် ထွက်သွားလိုက်ပါ။ ငါ့အချိန်တွေကို လာမဖြုန်းနဲ့။"

ကုန်းလျှန်က ယန်ယွဲ့ကို ခဏကြာ စိုက်ကြည့်ရင်း "နောင်မှာလည်း နင် ဒီလောက်မောက်မာနေနိုင်မယ်လို့ ငါမျှော်လင့်ပါတယ်!" စကားဆုံးပြီးသည်နှင့် သူမနောက်တွင်ရပ်နေသောလူငယ်ကို လှည့်ကြည့်လိုက်သည်။ "လင်းကိုင်၊ ဖြည်းဖြည်းလုပ်။ သူ့ကိုချက်ချင်းမသတ်နဲ့!"

လင်းကိုင် ဟုခေါ်သော လူငယ်က တရိုတသေ ဦးညွှတ်လိုက်ပြီး "စိတ်မပူပါနဲ့။ သူ့ကို ဂိုဏ်းတူအစ်မအတွက် အသက်မျှင်းမျှင်းလေးချန်ထားပေးမယ်။"

ကုန်းလျှန်က အနည်းငယ် ခေါင်းညိတ်ပြီး ဘေးဖက် ရွှေ့ပေးလိုက်သည်။

ထိုအချိန်တွင် ဂူရန်ကျုံးက ယန်ယဲ့ အနားတိုးကပ်လာပြီး "သူ့လက်ဝါးနည်းစနစ်က

အတော်လေးကြောက်စရာကောင်းတယ်။ တစ်ချိန်တုန်းက အဲဒီလက်ဝါးနည်းစနစ်နဲ့ သူတော်စင်တစ်ပိုင်းအဆင့်မင်း သူ့ကို လျှော့မတွက်သင့်ဘူး!"

ယန်ယဲ့က ဝူရန်ကျုံးကို ခေါင်းညိတ်ပြပြီး လင်းကိုင် ဆိုသောလူငယ်ကို ကြည့်လိုက်သည်။

"မင်း ပထမဆုံး တိုက်ခိုက်မှုကို စနိုင်ပြီ!" ရုတ်တရက် လင်းကိုင်က ယန်ယဲ့၏ အတွေးများကို နှောင့်ယှက်လိုက်သည်။

ယန်ယွဲ့က လင်းကိုင် ကို တစ်ချက်ကြည့်လိုက်ပြီး "မင်းမှာ အဆင့်လွန်စွမ်းအင်ကျောက်တုံးဘယ်နှစ်တုံး ပါလဲ။"

လင်းကိုင်က ခေါင်းညိတ်ကာ “၂၀၀,၀၀၀ လောက်တော့ရှိတယ်။ ငါ အဲဒါတွေကို စုဆောင်းနေတာ နှစ်အနည်းငယ်ကြာပြီ။ ဒါပေမဲ့ မင်း အဲဒါတွေကို ငါ့ဆီကနေ ယူဆောင်နိုင်စွမ်းရှိပါ့မလား။”

ယန်ယဲ့သည် စကားမပြောတော့ဘဲ

သူ့လက်ဝါးကိုလှန်လိုက်၏။

ရှေးဟောင်းဓားအိမ်က

သူ့ဘယ်ဖက်လက်ထဲတွင်ပေါ်လာသည်။ သူက

တာအိုအဆင့်ဓားကို ထုတ်ယူကာ

ရှေးဟောင်းဓားအိမ်ထဲ ထည့်သွင်းလိုက်ပြီး

“ငါယန်ယဲ့က အချိန်ဖြုန်းရတာကို မကြိုက်ဘူး။

ဒါကြောင့် သေခြင်း၊ ရှင်ခြင်းကို

တစ်ချက်တည်းနဲ့ ဆုံးဖြတ်ကြရအောင်။”

စကားပြောပြီးသည်နှင့် သူ၏ညာလက်ကို ဆတ်ခနဲ လှုပ်လိုက်ရာ တာအိုအဆင့်ဓားကို ဆွဲထုတ်လိုက်တော့သည်။ တာအိုအဆင့်ဓားက အပိုင်းပိုင်းကွဲထွက်သွားပြီးနောက် စူးရှကျယ်လောင်သော ဓားအူသံနှင့်အတူ ဓားအလင်းတန်းတစ်ခုက ကောင်းကင်ကို ပိုင်းဖြတ်သွားလေသည်။

မှန်သည်။ တာအိုအထွတ်အထိပ်အဆင့်ဓားက တစ်စစီ ကွဲထွက်သွားပြီး ကောင်းကင်တစ်ခုလုံး လင်းထိန်သွားစေနိုင်သော ဓားအလင်းတန်းတစ်ခု လင်းလက်လာသည်။

ထိုအချိန်တွင် လင်းကိုင်၏ခန္ဓာကိုယ်သည်
ချက်ချင်းဆိုသလို နှစ်ပိုင်းကွဲထွက်သွားကာ
သူ၏ကိုယ်တွင်းအင်္ဂါများပါ သွေးများနှင့်
ရောနှော၍ မြေပြင်အနှံ့ ဖြန်းခနဲ
လွင့်စင်သွားသည်။ အမှန်ပင် သွေးသံတရဲရဲနှင့်
ကြောက်မက်ဖွယ်ရာအတိမြင်ကွင်းပါ။

" သူက တစ်ချက်တည်း သတ်လိုက်တာလား..."

"ဓားတစ်ချက်ဆွဲထုတ်ရုံနဲ့တင်....."

ပတ်ဝန်းကျင်က ရုတ်ချည်းပင်တိတ်ဆိတ်သွားသည်။ သုသာန်တစ်စပြေင်ကဲ့သို့ပင်လုံးဝကိုတိတ်ဆိတ်သွားပါတော့သည်။

၁၀၃၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၃၀ - သန်မာသူတွေရောက်လာကြပြီ

ကြည့်နေသော လူတိုင်း ယန်ယဲ့ကို
မယုံကြည်နိုင်စွာ ကြည့်နေကြပြီး
တုန်လှုပ်ချောက်ချားသွားပုံရသည်။

လင်းကိုင်သည် သူ၏
တိုက်ခိုက်မှုတစ်ခုတည်းဖြင့် တန်းပြီး
အသတ်ခံရလိမ့်မည်ဟု မည်သူမျှ
မျှော်လင့်မထားကြပေ။ ထိုအထဲတွင်
ရှေးဟောင်းဓားကျောင်းတော် နှင့် ကုန်းလျန်
ဦးဆောင်သောအဖွဲ့ဝင်များပင် ပါဝင်ခဲ့သည်။

လင်းကိုင်ဟာ တစ်ချိန်က
သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးဗိုလ်ချုပ်ကိုပင် အနိုင်ယူခဲ့သည့်
ချီးမြှောက်ခြင်းနယ်ပယ်အထွတ်အထိပ်
ပါရမီရှင်တစ်ဦး ဖြစ်သည်။ ယခုအချိန်မှာတော့
သူသည် ယန်ယဲ့၏ ဓားတစ်ချက်ပင်
မခုခံနိုင်ခဲ့ပေ ။

ထိုအတွက်ကြောင့် ယန်ယဲ့ဟာ အဆင့်မြင့်
သိုင်းသူတော်စင် လားဟုပင်
လူတိုင်းထင်လိုက်မိကြသည်။

ယန်ယဲ့သည် သူ့လက်ကို ဆန့်ထုတ်ပြီး ငွေ့ယမ်းလိုက်ရာ လင်းကိုင်၏ သိုလှောင်လက်စွပ်က သူ့လက်ထဲ ချက်ချင်း ပျံတက်လာသည်။ သူက အထဲရှိအရာများကို စစ်ဆေးကြည့်ရင်း ကျေနပ်စွာ ခေါင်းညိတ်လိုက်လေသည်။ လင်းကိုင် က မလိမ်ခဲ့ပေ။ သူ့အထဲတွင် အဆင့်လွန် စွမ်းအင်ကျောက်တုံး ၂၀၀,၀၀၀ ရှိနေ၏။

ယန်ယဲ့က လင်းကိုင်၏သိုလှောင်လက်စွပ်ကို သိမ်းလိုက်ပြီး တာအိုအမိန့်တော်

၏အခြားအဖွဲ့ဝင်များကိုကြည့်ကာ
"မင်းတို့အားလုံးနဲ့ကစားရတာက
ကလေးတွေနဲ့ကစားနေတာကျနော်။ လုံးဝ
အဓိပ္ပါယ်မဲ့တယ်။ ဒါပေမဲ့ မင်းတို့အားလုံး
တော်တော်လေးကြွယ်ဝလို့
သိပ်တော့မဆိုးလှပါဘူးလေ။ ဒါပေမဲ့ ငါက
အဆင့်လွန် စွမ်းအင်ကျောက်တုံးတွေ
တော်တော်လိုအပ်နေတယ်။ အခု
ငါသိချင်တာက မင်းတို့အားလုံး ငါ့ကို အတူတူ
တိုက်ခိုက်မလား၊ တစ်ယောက်ပြီး တစ်ယောက်
တိုက်ခိုက်မှာလား။"

မောက်မာခြင်း။... လုံးဝကို ဂရုမစိုက်သော
မောက်မာခြင်းပင်......

ယန်ယဲ့ ပြောလိုက်သည့်စကားဟာ
တရားလွန်မောက်မာသည်ဟု
ထင်ရသော်လည်း လူတိုင်းက သူ့မှာ
ထိုသို့ပြုလုပ်ရန် အရည်အချင်းပြည့်မီသည်
မြင်တွေ့ခဲ့ရသည်။

ကြည့်နေသူများ၏အမြင်အရ ယန်ယဲ့သည်
တာအိုအမိန့်တော်အား ရည်ရွယ်ချက်ရှိရှိ

အရှက်ခွဲနေခြင်းဖြစ်ကြောင်း သိနေပါသည်။
သို့သော်လည်း ယန်ယွဲ့အတွက်က
သူ့အကျင့်စရိုက်မှန်ကို
ထုတ်ဖော်လိုက်ခြင်းမျှသာ။
တာအိုအမိန့်တော်၏ ပါရမီရှင်များသည်
အားနည်းခဲ့ခြင်းမဟုတ်ပဲ၊ ၎င်းတို့ဟာ သူ့ကို
အထင်အမြင်သေးထားသောကြောင့်ပင်။
အတိတ်တစ်ချိန်မှာ သူသည် အဆင့် ၉
သိုင်းကျောင်းဆရာ ဖြစ်ခဲ့၏။ တစ်ချိန်တည်းမှာပင်
သူ၏တိုက်ခိုက်ရေးစွမ်းအားက
အလယ်အလတ်
သူတော်စင်တစ်ပိုင်းအဆင့်များနှင့်

တန်းတူဖြစ်သည်။ တိုက်ကြီး၏ အဆင့်မြင့်
သူတော်စင်တစ်ပိုင်းအဆင့်များကိုပင်
လက်ရည်တူတိုက်ခိုက်နိုင်သည်။

တာအိုအမိန့်တော်က သူ့ကိုသတ်ဖို့
အဆင့်နိမ့်ပညာရှင်များကိုသာ စေလွှတ်ခဲ့၏။

ထိုအခြေအနေက တာအိုအမိန့်တော်ဟာ သူ၏
သေမင်းထောင်ချောက်ထဲသို့
ကျရောက်သွားသည်ဟု ဆိုနိုင်သည်။

"ငါ့မျက်လုံးတွေက ငါ့ကို သစ္စာဖောက်လိုက်သလိုပဲ!" ကုန်းလျန်က လေးလံသော အသံဖြင့် ပြောလိုက်သည်။ ထိုတိုက်ခိုက်မှုတစ်ခုတည်းဖြင့်ပင် ယန်ယဲ့၏ခွန်အားသည် သူမနှင့် အဆင့်တူဖြစ်ကြောင်းခံစားမိလိုက်သည်။ ထို့အပြင် ယန်ယဲ့သည် သူမထက်ပင် အားကောင်းနိုင်ကြောင်း သတိပြုမိစေခဲ့သည်။အကြောင်းအရင်းမှာ သူမကိုယ်တိုင်ပင်လျှင် လင်းကိုင် ကို ချက်ချင်းမသတ်နိုင်ခဲ့ပေ။

ယန်ယွဲ့က တာအိုအမိန့်တော်၏အဖွဲ့ဝင်များကို တစ်ချက်ကြည့်လိုက်ပြီး "ဘယ်သူမှ ရှေ့ကိုထပ်မတိုးလာတော့ဘူးဆိုရင် ငါထွက်သွားတော့မယ်!"

စကားပြောနေရင်း သူသည် ဖန်မုန့်နှင့် ဖန်လီတို့ကို စိုက်ကြည့်နေသည်။ နှစ်ယောက်သား ယန်ယွဲ့၏ရည်ရွယ်ချက်ကို နားလည်ကြပြီး သူ့ဘေးနားသို့ အမြန်လျှောက်သွားကြသည်။ ယန်ယွဲ့သည် ဖန်မုန့်၏လက်ကို ကိုင်လိုက်ပြီး ရှေ့သို့ လျှောက်သွားလိုက်သည်။

တာအိုအမိန့်တော်မှ
အဖြူရောင်ဝတ်ရုံလူငယ်တစ်ယောက်က
ရှေ့ထွက်လာသော်လည်း ကုန်းလျှန်က
တားလိုက်၏ "မသွားနဲ့....၊ နင်က သူ့အတွက်
ပြိုင်ဖက်င် မဟုတ်ဘူး!"

ထိုလူငယ်က “သူ့ကိုထွက်သွားခွင့်ပေးလိုက်ရင်
ငါတို့ တာအိုအမိန့်တော်က
လူရယ်စရာဖြစ်သွားလိမ့်မယ်"ဟု လေးနက်စွာ
ပြောလေသည်။

"ငါတို့ တာအိုအမိန့်တော်က အဲလိုဖြစ်စရာလား။ သူက ဘယ်သူဖြစ်နေလို့လဲ" ရုတ်တရက် နတ်ဆိုးသားရဲဟိန်းဟောက်သံကဲ့သို့ ပြင်းထန်သော အသံထွက်ပေါ်လာသည်။ ထို့နောက်တွင် လေထုသည် စူးရှသောပေါက်ကွဲသံနှင့်အတူ ကောင်းကင်ထက်ကနေ ရွှေရောင်ဓားစွမ်းအင်တစ်ခု ကျဆင်းလာလေသည်။ ရွှေရောင်ဓားစွမ်းအင်၏ ပစ်မှတ်က ယန်ယွဲ့ဆီကိုပါ။

ယန်ယဲ့က မျက်လုံးထဲတွင်
အေးစက်စက်အလင်းတန်းတစ်ခု
တောက်ပလာကာ သူ၏လက်သီးကို ဆန့်ပြီး
ဓားစွမ်းအင် ဆီသို့ ရိုက်ချိုးလိုက်သည်။

အုန်း!

ဓားစွမ်းအင်များ ပြန့်ကျဲသွားကာ ထိုနေရာမှ
ပြင်းထန်သော စွမ်းအင်လှိုင်းလုံးကြီးတစ်ခု
လျင်မြန်စွာ လွင့်စင်လာသွားပြီး ပတ်ဝန်းကျင်ရှိ

မြေပြင်သည် ချက်ချင်း
ကွဲအက်သွားလေသည်။

ဤမြင်ကွင်းကြောင့် လူတိုင်းအားလုံး
အံ့အားသင့်သွား နောက်သို့ ကမန်းကတန်း
ပြန်ဆုတ်သွားကြသည်။

ဖန်လီသည် ဖန်မုန့် နှင့်အတူ
အလျင်အမြန်ပြန်ဆုတ်လိုက်သည်။
အဘယ်ကြောင့်ဆိုသော် ဒီအချိန်မှာ သူတို့

ယန်ယဲ့အနားမှာရှိနေပါက သူ့အတွက်
ဝန်ထုပ်ဝန်ပိုးသာ ဖြစ်ပါလိမ့်မည်။

စွမ်းအင်လှိုင်းလုံးများ ပြန့်ကျဲသွားသည်နှင့်
တစ်ပြိုင်နက် လူတစ်ဦးက ၎င်းတို့
မျက်စိရှေ့တွင် ပေါ်လာသည်။ ထိုလူက
အရပ်ရှည်ရှည်နှင့် ကြံ့ခိုင်သော
အသွင်အပြင်ရှိပြီး သာမန်လူထက် အနည်းဆုံး
၃ ဆ ပိုကြီးသည်။ သူ့လက်တစ်ဖက်တည်းက
အရွယ်ရောက်ပြီးသူ၏ ပေါင်လောက်ထူပြီး
သူ့မျက်လုံးများပ
လက်သီးအရွယ်လောက်ရှိနေလေသည်။

ထို့အပြင် သူ့ပခုံးပေါ်တွင်
တင်ထားသည့်လက်နက်ကလည်း
သူ့ခန္ဓာကိုယ်အရွယ်အစားနှင့် လိုက်ဖက်သော
ဓားကြီးတစ်ချောင်းပါ။

လူတိုင်း ထိုလူကို လူသားတစ်ယောက်လို
မခံစားရသော်လည်း တောတွင်းနက်ကြီးထဲမှ
ရက်စက်ကြမ်းတမ်းသော
သားရဲတစ်ကောင်ဟုပင်ထင်လိုက်မိကြသည်။

"မန်ဘာ! အဲဒါ မန်ဘာ ပဲ!" လူအများအပြားက ထိုလူကို မြင်ပြီး တုန်လှုပ်သွားကြသည်။

မန်ဘာ က ထင်းရှူးစီရင်စုတစ်လျှောက်လုံးတွင် အလွန်ကျော်ကြားသူဟု ယူဆနိုင်ပြီး ၎င်းသည် အလွန်ကြောက်စရာကောင်းသော တည်ရှိမှုလည်းဖြစ်သည်။သူက ရက်စက်ကြမ်းကြုတ်ပြီး ရှုံးသွပ်စွာသတ်ဖြတ်တတ်သောလူစားမျိုးပင်။

သူသည် တာအိုအမိန့်တော်၏ လူငယ်မျိုးဆက်၌ အသန်မာဆုံးမဟုတ်သော်လည်း

ထင်းရှူးစီရင်စုတစ်ခုလုံးတွင်
ကြောက်စရာအကောင်းဆုံး
ပညာရှင်စာရင်းဝင်သည်။

ယန်ယဲ့၏မျက်နှာက ပြုံးစပြုလာပြီး မန်ဘကို
ပြုံးပြရင်း "ငါ ရောင်စဉ်ဖြာဒေသကို
စရောက်ကတည်းက တာအိုအမိန့်တော်ကို
ဖျက်ဆီးပစ်ဖို့ ပထမဆုံး တွေးဖူးတာဘဲ!"

"ငါ့ တာအိုအမိန့်တော်ကို
ဖျက်ဆီးချင်တာလား!" ရုတ်တရက်

ကောင်းကင်အထက်

အာကာသဟင်းလင်းပြင်ထဲကနေ

အေးစက်သော ရယ်မောသံ ထွက်ပေါ်လာသည်

"ယန်ယဲ့! မင်းက တကယ့်ကို

ထူးခြားတဲ့ပါရမီရှင်ဆိုတာ ဝန်ခံရမယ်။ မင်းဟာ

ကောင်းကင်အဆင့် ဓားစိတ်ဆန္ဒကိုတောင်

နားမလည်သေးဘူး။ ငါ့တာအိုအမိန့်တော်ကို

ဖျက်ဆီးဖို့ ပြောကဲတာလား။

မင်းကိုယ်မင်းဘယ်သူထင်လို့လဲ။

ဂျူနီယာမျိုးဆက်တွေကြားက

တိုက်ပွဲသာမဟုတ်ရင်

လက်ဝါးတစ်ချက်တည်းနဲ့ မင်းကို
အဆုံးသတ်ပေးလိုက်တယ်။"

ယန်ယဲ့က မထူးခြားဟန်ဖြင့် "ဒါဆို ငါတို့က
ဘာလို့ စောင့်မကြည့်တာလဲ"

"ဒါဆို ငါတို့လုပ်မယ်!" ကောင်းကင်မှ
ပဲ့တင်ထပ်လာသော အသံက. "ကောင်းပြီ...၊
ယန်ယဲ့! မင်းက ငါ့တာအိုအမိန့်တော်ကို
ဖျက်စီးနိုင်မလား ကြည့်ရအောင်။ မင်း ဒီနေ့
အသက်ရှင်နိုင်ပါ့မလားဆိုတာ ငါ

ပိုသိချင်နေတယ်။ မန်ဘ!

မင်းကိုပြောထားသလိုပဲ ... သူ့ကို ချက်ချင်း မသတ်နဲ့။ ငါ့ရဲ့တာအိုအမိန့်တော်က ငါတို့ကိုဆန့်ကျင်ရင် ဘယ်လိုအကျိုးဆက်တွေ ရင်ဆိုင်ရမယ်ဆိုတာ ကမ္ဘာကိုသိစေချင်တယ်။"

"စိတ်မပူပါနဲ့ အကြီးအကဲ!" မန်ဘ က ပြုံးပြီး "ငါ သူ့ကို ချက်ချင်း မသတ်ဘူး။ ငါ သူ့ကို သင်းကွပ်ပြီး မိန်းမစိုးဖြစ်အောင် လုပ်မယ်။ အဲဒီနောက် မြို့တံခါးရှေ့မှာ ဒူးထောက်ခိုင်းပြီး သူ့မိန်းမတွေ တခြားယောက်ျားတွေအောက်မှာ

နေ့ရောညပါ ညည်းညူတာကို
စောင့်ကြည့်ခိုင်းမယ်။ ဟားဟား!"

ယန်ယဲ့က ဖန်မုန့် နှင့် ဖန်လီကို လှည့်ကြည့်ကာ "မင်းတို့နှစ်ယောက် ကြောက်နေသလား"ဟု မေးလိုက်၏။

ဖန်မုန့်က ချက်ချင်း ခေါင်းခါလိုက်ပြီး "နင်ဒီမှာရှိနေရင် ငါဘာကိုမှမကြောက်ဘူး" ဟု ပြန်ပြောခဲ့သည်။

"ခဏနေရင် မင်းတို့ကြောက်လိမ့်မယ်!" မန်ဘာက ပြင်းပြင်းထန်ထန် ရယ်မောလိုက်ပြီး ကုန်းလျှန်ကို စိုက်ကြည့်ရင်း "ညီမ ကုန်းလျှန်၊ ရှေးဟောင်းဓားကျောင်းတော်ရဲ့ တပည့်အားလုံးကို သတ်ကြရအောင်။ ငါတို့က အားနည်းသူတွေကို အနိုင်ကျင့်မှာ မဟုတ်ဘူး၊ အဆင့်တူနယ်ပယ်ကလူတွေကိုပဲ တိုက်ခိုက်မယ်။ တာအိုအမိန့်တော် ဒါမှမဟုတ် ရှေးဟောင်းဓားကျောင်းတော်က ပိုအားကောင်းလားဆိုတာကို ကမ္ဘာကို ကြည့်ခွင့်ပြုလိုက်!”

ကုန်းလျှန်က “သူက အရမ်းသန်မာတယ်!”

"သူ ဘယ်လောက်ပဲ သန်မာနေပါစေ သူက ငါ့ထက် သန်မာနိုင်ပါ့မလား" မန်ဘ ပြောပြီးသည်နှင့် တပြိုင်နက် သူ့ခန္ဓာကိုယ်ထဲမှ ကြောက်စရာကောင်းသော ဖိအားတစ်ခု ရုတ်တရက် ထွက်ပေါ်လာပြီးနောက် အာကာသဟင်းလင်းပြင်းသည် ပွက်ပွက်ဆူလာပြီး အဆက်မပြတ်တုန်ခါသွားသလိုပင်။

"ကောင်းကင်အဆင့် ၁ သတ်ဖြတ်ခြင်းစိတ်ဆန္ဒ
"

ဤနေရာရှိလူတိုင်း၏ အမူအရာများမှာ ဖျော့တော့သွားသည်။

“ဟားဟား!” မန်ဘ က သူ့ဓားကို မြှောက်လိုက်ပြီး ယန်ယွဲ့ကို ထိုးချိန်ကာ “အကုန်လုံးကို သတ်ပစ်ကြ!”

ကုန်းလျှန်နှင့်အခြားတပည့်များကလည်း မန်ဘာ၏စကားကို ကြားသောအခါ ချက်ခြင်းတိုက်ခိုက်ကြသည်။ သို့သော်လည်း သူတို့က ယန်ယဲ့ကို တိုက်ခိုက်လိုက်ခြင်းမဟုတ်ပေ။ ရှေးဟောင်းဓားကျောင်းတော်၏ အခြားအဖွဲ့ဝင်များ ဆီ ပြေးဝင်သွားကြတော့သည်။

"ယန်ယဲ့ ၊ ငါတို့အတွက် စိတ်မပူပါနဲ့။ မင်းရဲ့တိုက်ပွဲကိုပဲ အာရုံစိုက်ပါ။ မင်းက ရှေးဟောင်းဓားကျောင်းတော်ကို

အသက်ရှင်လျက်ပြန်ရောက်နိုင်သရွေ့
ငါတို့သေရင်တောင် ထိုက်တန်တယ်!"
ဝူရန်ကျုံးက စကားပြောပြီးသည်နှင့်
တပြိုင်နက် သူ့နောက်ကျောရှိ
သက်စောင့်ဓားကနေ အလင်းတန်းတစ်ခု
ချက်ချင်းထွက်လာပြီး ကုန်းလျှန် ဆီသို့
ပစ်လွှတ်လိုက်လေသည်။ တစ်ချိန်တည်းမှာပဲ
သူ့နောက်မှ အခြားတပည့် ၄ ယောက်ကလည်း
သူတို့၏ ဓားများကို ကိုယ်စီဆွဲထုတ်ကာ
တာအိုအမိန့်တော်၏ အခြားတပည့်များနှင့်
ရင်ဆိုင်လိုက်ကြသည်။

"ယန်ယဲ့! မင်းက သန်မာနေရင်တောင် ဘာဖြစ်လဲ။ ငါ မင်းကို အသက်ရှူချိန် ၁၀ ရှိုက်နဲ့ သတ်ပစ်မယ်။" မန်ဘက ယန်ယဲ့ ထံသို့ခုန်ဝင်လာရင်း ဒေါသတကြီးအော်ဟစ်လိုက်သည်။ သူ၏ဓားရှည်ကြီးက ကမ္ဘာပြိုကွဲသွားစေနိုင်သော စွမ်းအားများ ဖြာထွက်လာကာ ယန်ယဲ့အား တိုက်ရိုက် ခုတ်ပိုင်းချလေသည်။

ဓားက သယ်ဆောင်လာသော အဖျက်စွမ်းအားက အလွန်ပင် ကြောက်စရာကောင်းပြီး အနီးအနားရှိ

အာကာသဟင်းလင်းပြင်ကိုပင်
ဟပ်တက်ဟွဲသွားစေသည်။

၁၀၃၁

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၃၁ -

ရက်စက်ကြမ်းကြုတ်စွာသတ်ဖြတ်ခြင်း

"ဒီကိုရောက်လာတဲ့ တာအိုအမိန့်တော်ရဲ့
တပည့်တွေအားလုံး ဒီနေ့ သေရမယ်!"
ယန်ယဲ့သည်
သူ၏ညာဖက်လက်ဖဝါးကိုလှန်လိုက်ပြီး
ဓားတစ်ချောင်းကို ဆုပ်ကိုင်လိုက်သည်။
ထို့နောက်တွင် သူက တုံ့ဆိုင်းမနေဘဲ ဓားကို
လျင်မြန်စွာ လွှဲယမ်းလိုက်သည်။

ချွင်!

ဓားနှစ်လက်က ပြင်းထန်စွာ ခုတ်ပိုင်းချသွား၏။

နှစ်ယောက်စလုံး၏ အနီးပတ်ဝန်းကျင်ရှိ

အာကာသဟင်းလင်းပြင်သည်

ချက်ချင်းကွဲထွက်သွားကာ

ကောင်းကင်တစ်ခုလုံးလည်း ပြင်းထန်စွာ

တုန်ခါလာခဲ့သည်။

"မင်းကို

ဓားတစ်ချက်တည်းနဲ့အသေသတ်မယ်။"

ယန်ယွဲ့သည် သူ့လက်ထဲကဓားကို

ဆွဲမထုတ်ခင် ရှေးဟောင်းဓားအိမ်ထဲသို့

အမြန်ထည့်လိုက်၏။ တစ်ချိန်တည်းမှာပင်

သူ့လက်က ဆတ်ခနဲလှုပ်သွားကာ

စူးရှသောဓားအသွားသံထွက်ပေါ်လာသည်။ ထို့နောက် တာအိုအဆင့်ဓားက ကွဲအက်သွားကာ ကောင်းကင်တစ်ခုလုံး လင်းထိန်သွားစေမည့် အလင်းတန်းတစ်ခု လင်းလက်သွားသည်။

မန်ဘက ချက်ချင်းပင် မျက်နှာပျက်သွားကာ ပေါ့ပေါ့ဆဆပြုမူပုံခြင်းမရှိတော့ပေ။ သူက ချက်ချင်းပင် သူ၏ဓားကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်ပြီး "ကောင်းကင်ဓား.... ခုတ်ပိုင်းစမ်း!"

သူ့အသံ ထွက်ပေါ်လာသည်နှင့် တပြိုင်နက်
ဓားထိပ်ဖျားကနေ
ဓားစွမ်းအင်လှိုင်းလုံးကြီးတစ်ခု
ပေါက်ကွဲထွက်လာပြီး ကောင်းကင်ထက်မှ
ကျဆင်းလာသော အလင်းတန်းနှင့်
တိုက်မိသွားသည်။

သို့သော်လည်း မန်ဘာ၏ဓားစွမ်းအင်က
စက္ကူပါးပါးလေးတစ်ပိုင်းမျှသာဖြစ်သကဲ့သို့
ချက်ချင်းပင် နှစ်ခြမ်းကွဲထွက်သွားရသည်။
ဤသို့သောမြင်ကွင်းကြောင့် ပတ်ဝန်းကျင်မှ
လူတိုင်း အံ့သြတုန်လှုပ်သွားခဲ့ကြသည်။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ!" မန်ဘသည် ထိတ်လန့်တုန်လှုပ်သွားပြီး ရှောင်တိမ်းရန်ပြင်လိုက်၏။

တော့မည်။ ကံမကောင်းစွာပဲ အချိန်က တအားနောက်ကျသွားပါပြီ။ ယန်ယဲ့၏ ဓားစွမ်းအင်က သူ့ရင်ဘတ်ဆီသို့ တိုက်ရိုက်တိုးဝင်လာပါတော့သည်။ မန်ဘက အကြီးအကျယ် ထိတ်လန့်သွားပြီး သူ့ဓားကို ရင်ဘတ်ရှေ့တွင်အလျင်အမြန်ကာထားကာ တိုက်ခိုက်မှုကို တားဆီးလိုက်သည်။

အုန်း!

ဓားက ပြင်းထန်စွာ လှုပ်ခါသော်လည်း
ကွဲထွက်မသွားပေ။ သို့သော် ၎င်းနောက်တွင်
ရပ်နေသော မန်ဘာသည် လွင့်ပျံသွားခဲ့သည်။

မန်ဘာက မသေသေးပါ။ သို့သော်လည်း
ထိုတိုက်ခိုက်မှုက သူ့ခန္ဓာကိုယ်ကို
သွေးအတိဖုံးပြီး
သွေးလူသားတစ်ယောက်အလား
ထင်ရစေသည်။

ထို့အပြင် သူ၏တိုက်ခိုက်မှုသည်
သူတော်စင်တစ်ပိုင်းအဆင့် ပင်လျှင်
လွယ်ကူစွာ ချိုးဖျက်ဖို့မဖြစ်နိုင်သဖြင့် မန်ဘာ၏
မျက်လုံးထဲ၌ မယုံကြည်နိုင်မှုများ
ရှိနေသေးသည်။

ထိုအချိန်မှာပဲ ယန်ယွဲ့က ရုတ်တရက် သူ့ရှေ့
မှာပေါ်လာသည်။

ယန်ယဲ့၏ ခြေထောက်တစ်ဖက်က
မန်ဘာ၏မျက်နှာပေါ် ကျလာပြီး
မြေပြင်နှင့်ကပ်နင်းချလိုက်လေသည်။
တစ်ဆက်ည်း ယန်ယဲ့က
ကောင်းကင်အထက်တစ်နေရာကို
မော့ကြည့်ပြီး " တာအိုအမိန့်တော်၊
တစ်ချက်ကြည့်လိုက်။ မင်းရဲ့တပည့်တွေကို
ခွေးလိုငါသတ်နိုင်တယ်၊ ငါဆန္ဒရှိသလို
သတ်လို့ရတယ်။ မင်းငါ့ကိုမယုံဘူးလား? ငါ
နောက်တစ်ခါက် သရုပ်ပြမယ်!”

စကားပြောပြီးသည်နှင့် ယန်ယဲ့သည်
သူ့လက်ကို ဝှေ့ယမ်းလိုက်ရာ
ဓားတစ်ချောင်းက သူ့လက်ထဲသို့ ရုတ်တရက်
ပျံ့ဝင်လာသည်။ သူက ဓားကို ဓားအိမ်ထဲ
ထည့်လိုက်ပြီး လျှပ်တစ်ပြက်
ဆွဲထုတ်လိုက်၏။

အလင်းတန်းတစ်ခု လင်းလက်သွားပြီးနောက်
ဓားက အပိုင်းပိုင်းကွဲထွက်သွားကာ
တာအိုအမိန့်တော်၏အဖြူရောင်ဝတ်ရုံ
တပည့်တစ်ဦးကို ခါးလယ်ကနေ
နှစ်ပိုင်းဖြတ်တောက်ပစ်လိုက်သည်။

"ဓား! ငါ့ဆီလာစမ်း!" သူပြောပြီးတာနဲ့ နောက်ထပ်ဓားတစ်ချောင်းက သူ့လက်ထဲကို ပြေးဝင်သွားပြန်သည်။

"မင်း ရှင်းရှင်းလင်းလင်း မမြင်မိမှာကို ငါစိုးရိမ်မိတယ်။ အဲဒါကို ငါ ထပ်ပြီး သရုပ်ပြမယ်!" သူပြောပြီးသည်နှင့် သူ၏ဓားကို ဆွဲထုတ်လိုက်ရာ နောက်ထပ် အဖြူရောင်ဝတ်ရုံတပည့်တစ်ဦး ချက်ခြင်း အသတ်ခံခဲ့ရသည်။

"ဓား!" ယန်ယဲ့၏ အသံသည် နောက်တစ်ကြိမ် ထပ်၍ ထွက်ပေါ်လာသည်။

ယန်ယဲ့က ဓားကို ဓားအိမ်ထဲထည့်ပြီး ထပ်မံဆွဲထုတ်လိုက်လေသည်။

ဆူး!

သိုင်းကျောင်းဆောင် ပညာရှင် ဖြစ်သည့် ကုန်းလျန် ကလွဲ၍ တာအိုအမိန့်တော်၏ အခြား

အဖြူရောင်ဝတ်ရုံတပည့်အားလုံးကို
နှစ်ပိုင်းခွဲအသတ်ခံရပါသည်။

ကုန်းလျှန် အပါအဝင် အားလုံး စိတ်များ
လွတ်ထွက်သွားသလိုခံစားလိုက်ရ၏။
ကုန်းလျှန် ၏မျက်လုံးများသည်
မယုံကြည်နိုင်စရာများဖြင့်
ပြည့်နှက်နေပါသည်။

ထိုအချိန်တွင် ရှေးဟောင်းဓားကျောင်းတော်မှ
တပည့်များသည်လည်း

အို့အားသင့်သွားကြသည်။ ယန်ယဲ့သည်
အမှန်တကယ်ပင်
အလွန်ကြောက်စရာကောင်းသည်ဟု
သူတို့လည်း တစ်ခါမှ မထင်ထားခဲ့ပေ။

"သောက်ကျိုးနည်း၊ ... သူတို့အားလုံးက
တာအိုအမိန့်တော်ရဲ့ အဖြူရောင်ဝတ်ရုံ
တပည့်တွေလေ။ ဒါပေမဲ့ ဒီလူက
အသီးအရွက်တွေကို ခုတ်သလိုမျိုး သူတို့ကို
သတ်ပစ်လိုက်တယ်လား "

လူတိုင်း သူတို့၏ မျက်လုံးများကိုပင် မယုံနိုင်ကြပေ။

ပတ်ဝန်းကျင်က လုံးဝတိတ်ဆိတ်သွားသည်။

“ငါတို့ မင်းကို လျှော့တွက်ခဲ့တာ ဝန်ခံပါတယ်။ ငါတို့ မင်းကို လျှော့တွက်ခဲ့တယ်!” ထိုအချိန်တွင် ကောင်းကင်ထက်မှ အေးစက်လှသော အသံတစ်ခု ထွက်ပေါ်လာသော်။ အသံက လူသတ်ချင်စိတ်များ

သယ်ဆောင်လာသော်လည်း အများစုမှာ တုန်လှုပ်ချောက်ချားနေပုံရလေသည်။

ယန်ယဲ့က လှောင်ပြောင်ရယ်မောပြီး သူ့ခြေထောက်အောက်မှ မန်ဘာကို ငုံ့ကြည့်လိုက်သည်။

ထိုအချိန်တွင် မန်ဘာက ရက်စက်သော မျက်လုံးများဖြင့် သူ့ကို စိုက်ကြည့်နေသည်။ သူက မတ်တပ်ထရပ်ချင်နေသော်လည်း လုံးဝကိုမလှုပ်ရှားနိုင်ပေ။

ယန်ယဲ့၏ခြေဖဝါးသည် သူ့ဗိုက်ပေါ်၌ ရှိနေပြီး သူ့အပေါ် ပိကျနေသော တောင်ကြီးတစ်လုံးကဲ့သို့ပင်။

"ငါက စိတ်သဘောထား အရမ်းကျဉ်းမြောင်းတဲ့သူတစ်ယောက်ပါ၊ တစ်စုံတစ်ယောက်က ငါ့ရှေ့မှာရှိနေရတာ မကြိုက်တာကို သည်းမခံနိုင်ဘူး။" ယန်ယဲ့က မန်ဘကို  ငုံ့ကြည့်ပြီး "စောစောက မင်းပြောခဲ့တာတွေက ငါ့ကို တကယ်စိတ်မဝင်စားစေဘူး။ ဒါကြောင့်

မင်းအတွက် သေခြင်းတရားကိုတောင်
အိပ်မက်မက်ဖို့ ငါဆုံးဖြတ်လိုက်ပြီ။"

သူစကားပြောပြီးသည်နှင့် ယန်ယွဲ့ဟာ သူ့ဓားကို
မြှောက်လိုက်ပြီး မန်ဘာ၏ပါးစပ်ထဲသို့
ထိုးလိုက်သည်။ မန်ဘာ၏လျှာသည်
ချက်ချင်းပင် အပိုင်းပိုင်းပြတ်သွားခဲ့သည်။
တစ်ချိန်တည်းမှာပဲ သူ့ခြေဖဝါးကို ဖိချလိုက်ရာ
မန်ဘာ၏ဝမ်းဗိုက်ထဲကနေ ပေါက်ကွဲသံကြီး
ထွက်ပေါ်လာပါသည်။

ယန်ယဲ့က မန်ဘ၏လျှောကိုဖြတ်ပြီး
မူလဒန်တျန်ပါ ဖျက်ဆီးပစ်လိုက်သဖြင့်
မန်ဘက သူ့ကို ကြည့်ပင်မကြည့်ကဲတော့ပေ။

"မင်းဘယ်လိုလုပ်ဝံ့သလဲ!"
ကောင်းကင်အထက်
အာကာသဟင်းလင်းပြင်ထဲကနေ
ဒေါသတကြီးအော်သံသည် ပဲ့တင်ထပ်လာကာ
ရောမလက်ဖဝါးကြီးတစ်ဖက်က ယန်ယဲ့ အပေါ်
ချက်ချင်းရိုက်ချလိုက်သည်။

ရောမလက်ဝါးကြီး သူ့ထံ ကျဆင်းလာသည်ကို ကြည့်နေရင်း ယန်ယဲ့၏ ဓားက အဆက်မပြတ်တုန်ခါလာပြီးခုတ်ပိုင်းရန် ပြင်လိုက်သည်။

"နန်းကုန်းထျန်!" ရက်စက်ကြမ်းကြုတ်သော သတ်ဖြတ်ချင်စိတ်များပြည့်နှက်နေသည့် အသံက ကောင်းကင်ယံတွင် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ချင်းဝူကျို! မျိုးဆက်သစ်လူငယ်တွေရဲ့ တိုက်ပွဲမှာ ဝင်စွက်ဖက်လို့ ကိုယ့်ကိုယ်ကို မရှက်ဘူးလား!" ထိုအသံက လေထဲ၌ ပဲ့တင်ထပ်လာသည့်နောက် အစိမ်းရောင်တစ်ဝက်၊အနီရောင်တစ်ဝက်ဝတ်ရုံရှည်ဝတ်အဘိုးအိုတစ်ယောက် ကောင်းကင်ထက်မှာ ပေါ်လာသည့်။ တစ်ချိန်တည်းမှာပင် သူ့ရှေ့၌ အဘိုးအိုးတစ်ယောက် ပေါ်လာသည်။ အဘိုးအိုက မီးခိုးရောင်ဝတ်ရုံရှည်ကို ဝတ်ဆင်ထားကာ သူ၏ခန္ဓာကိုယ် တစ်ခုလုံးကို

ဝတ်ရုံအောက်တွင် ဖုံးအုပ်ထားသောကြောင့်
သူ၏ အသွင်အပြင်ကို ပိုင်းခြား၍မရပေ။

မီးခိုးရောင်ဝတ်အဘိုးအိုက
အေးစက်စက်လေသံဖြင့် "နန်းကုန်းထျန်၊ မင်းရဲ့
ရှေးဟောင်းဓားကျောင်းတော်က ငါ့
တာအိုအမိန့်တော်ကို ဆန့်ကျင်ဖို့
ရည်ရွယ်ထားပုံပဲ"

"အကုန်လုံးတော့မဟုတ်ဘူး!"
အဘိုးအိုနန်းကုန်းထျန်က ထိုစကားကို

လျစ်လျူရှုရင်း “ဂျူနီယာတွေ အချင်းချင်း ရန်ဖြစ်ကြတာ ပုံမှန်မဟုတ်ဘူးလား။ ဟိုတုန်းက မင်းရဲ့တာအိုအမိန့်တော်က မန်ဘလည်း ငါ့ရှေးဟောင်းဓားကျောင်းတော်ရဲ့ တပည့်တွေအများကြီးကို သတ်ခဲ့တယ်။ ဒါပေမဲ့ ငါ့ရဲ့ရှေးဟောင်းဓားကျောင်းတော်က စကားတစ်ခွန်းမှ မပြောခဲ့ဘူး မဟုတ်လား။ အဆင့်တူနယ်ပယ်မှာ တစ်စုံတစ်ဦးနဲ့ တိုက်ခိုက်ရင်း သေဆုံးတာက သူတို့က အဆင့်နိမ့်လို့ပဲ။ ငါ့ရှေးဟောင်းဓားကျောင်းတော်က တပည့်တစ်ယောက်ယောက်များ သူ့လက်ထဲမှာ

သေသွားရင် အဲဒါက သူတို့

ကောင်းကောင်းမလေ့ကျင့်လို့ပဲ။

အခုအချိန်မှာတော့ မင်းရဲ့တာအိုအမိန့်တော်က

တပည့် တပည့်တစ်ယောက်

ငါ့ရှေးဓားကျောင်းတော်ရဲ့

တပည့်တစ်ယောက်လက်ထဲမှာ

ဒုက္ခတဖြစ်သွားတာလေ။  မင်းလို

စီနီယာအကြီးအကဲတစ်ယောက်က

ဝင်စွက်ဖက်ဖို့ ကြံရွယ်နေတယ်။

ပြောစရာမလိုအောင်၊ ဒါဟာ တကယ့်ကို

အရှက်ရစရာပဲ!”

ထိုစကားပြောနေရင်း အဘိုးအိုနန်းကုန်းထျန်က ယန်ယွဲ့ကို ကို လက်ညှိုးထိုးပြပြီး "ငါပြောစရာရှိတာက မင်းရဲ့တာအိုအမိန့်တော်က တပည့်တစ်ယောက်က သူ့ကို သတ်နိုင်ရင် သူသေမယ်။ ကျန်တာက နှစ်သက်သလို လုပ်နိုင်တယ်။ ငါ့ရဲ့ရှေးဟောင်းဓားကျောင်းတော်က အဲဒါနဲ့ပတ်သက်ပြီး ဘာစကားတစ်ခွန်းမှ ဝင်ပြောမှာမဟုတ်ဘူး။ ဒါပေမဲ့ မင်းရဲ့တာအိုအမိန့်တော်က

ဂျူနီယာတစ်ယောက်ကို
အနိုင်ကျင့်ချင်နေတယ်။
ငါ့ရှေးဟောင်းဓားကျောင်းတော်က အခု သူ့ကို
မကာကွယ်နိုင်ပေမဲ့ နောင်မှာ
မင်းရဲ့တာအိုအမိန့်တော်က
ထွက်လာတဲ့တပည့်တိုင်းကို သတ်ပစ်မယ်လို့
အာမခံတယ်။ ”

ရှေးဟောင်းဓားကျောင်းတော်က ယန်ယဲ့ နှင့်
ရင်းနှီးသောဆက်ဆံရေးရှိသည်ဟု
မပြောနိုင်သော်လည်း သူတို့က ယန်ယဲ့အား

အဆင့်မြင့်ပညာရှင်တစ်ဦး၏

လုပ်ကြံသတ်ဖြတ်ခံရမှာ မလိုလားပေ။

ထိုသို့မဟုတ်လျှင်

ရှေးဟောင်းဓားကျောင်းတော်၏

မရေမတွက်နိုင်သော တပည့်များကို

စိတ်ပျက်စေရုံသာမကဘဲ

ရှေးဟောင်းဓားကျောင်းတော်ဟာ

ဓားတာအိုပါရမီရှင်တစ်ယောက်ကို

ဆုံးရှုံးသွားရာပါလိမ့်မည်။ တစ်ချိန်တည်းမှာပင်

ရှေးဟောင်းဓားကျောင်းတော်က

စီရင်စုတစ်ခုလုံး၏ရယ်မောစရာဖြစ်လာနိုင်သ

ည်။

ယန်ယဲ့၏ ကံကြမ္မာသည် တာအိုအမိန့်တော်၏ ဂုဏ်သိက္ခာနှင့် သက်ဆိုင်သည်ဟု ဆိုနိုင်သလို ရှေးဟောင်းဓားကျောင်းတော် နှင့်လည်း သက်ဆိုင်ပါသည်။

မီးခိုးရောင်ဝတ်အဘိုးအိုက တိတ်ဆိတ်သွားသည်။ ထိုအချိန်တွင် ယန်ယဲ့က စတင်လှုပ်ရှားလိုက်၏။ သူက အဘိုးအိုရှေ့သို့ တလှမ်းပြီးတလှမ်း လျှောက်လာရင်း သေခါနီးဆဲဆဲဖြစ်နေသော မန်ဘာကို ဆွဲယူသွားသည်။

ယန်ယဲ့က ရုတ်တရက် ရပ်လိုက်ပြီး ဝူရန်ကျုံးကို စိုက်ကြည့်ရင်း "ဂိုဏ်းတူအစ်ကိုကြီး၊ တာအိုအမိန့်တော်က တခြားတပည့်တွေရဲ့ အလောင်းတွေကို လိုက်ပို့ပေးပါ!"

ဝူရန်ကျုံးက ခေါင်းမညိတ်ခင် ယန်ယဲ့ကို စိုက်ကြည့်နေသည်။

ထို့နောက်တွင် ဝူရန်ကျုံး နှင့် အခြားတပည့်များသည် အလောင်းတစ်လောင်းစီ ကောက်ကိုင်ကာ ယန်ယဲ့၏နောက်ကနေ လိုက်လာကြသည်။

၁၀၃၂

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၃၂ - အရက်စက်ဆုံးနည်းလမ်း

"မင်းဘယ်လိုတောင်လုပ်ဝံ့သလဲ"
မီးခိုးရောင်ဝတ်အဘိုးအိုက ဤမြင်ကွင်းကို
မြင်လိုက်ရသောအခါ အကြီးအကျယ်
ဒေါသထွက်သွားသည်။သို့သော်လည်း
ဓားစွမ်းအင်က ကောင်းကင်ကို ဖြတ်သွားကာ
သူ့ရှေ့တွင် ပေါ်လာသည်။

“အစ်ကို ချင်း၊ ငါတို့ မဆုံရတာကြာပြီ။ ဒီနေ့
ဆုံပြီဆိုတော့ တစ်ယောက်နဲ့တစ်ယောက်
အနည်းအပါးအကြောလျှော့လိုက်ရအောင်လား
။" အဘိုးအိုနန်းကုန်းထျန်က
စကားပြောပြီးသည်နှင့် သူ့ထံမှ

ကြောက်မက်ဖွယ်ရာဓားစွမ်းအင်များ
ဖြာထွက်လာပြီး ကောင်းကင်ကို
ချက်ချင်းဖုံးလွှမ်းသွားသည်။

အင်အားစုနှစ်ခု၏
အဆင့်မြင့်အာဏာပိုင်နှစ်ဦးက
 ကောင်းကင်ထက်တွင်
တိုက်ခိုက်နေကြသော်လည်း ယန်ယွဲ့ဟာ
လုံးဝမရပ်တန့်ခဲ့ပေ။ သူက မန်ဘာကို
တစ်လှမ်းချင်း
တရွတ်တိုက်ဆွဲလာခဲ့လိုက်သည်။ မန်ဘာသည်
ယန်ယွဲ့ကို မကျေမနပ်ကြည့်ကာ

လှုပ်ရှားချင်သော်လည်း မလှုပ်နိုင်တော့ပေ။
ယန်ယဲ့သည် သူ၏ခြေလက် နှစ်ဖက်လုံးနှင့်
မူလဒန်တျန်ကို ဖျက်ဆီးပြီးနောက် မန်ဘကို
မသတ်သေးပေ။

လမ်းတစ်လျှောက်လုံးတွင်
မရေမတွက်နိုင်သောလူများက ယန်ယဲ့
ဘာလုပ်မည်ကို သိချင်သောကြောင့်
နောက်ကနေ လိုက်ပါလာကြသည်။

မကြာခင်မှာ လူအုပ်ကြီးက ယန်ယဲ့ ဘယ်ကို
ဦးတည်သွားမှန်း တဖြည်းဖြည်း သိလာခဲ့သည်။
သူတို့က မြို့တံခါးဝသို့
ရောက်သောကြောင့်ပင်။

ရုတ်တရက် ကုန်းလျန်က ယန်ယဲ့နှင့်
အခြားသူများရှေ့တွင် ရပ်လိုက်သည်။

ကုန်းလျန်က စကားတစ်ခွန်းမှ
မပြောသော်လည်း သူမ၏ လက်ထဲရှိ
အနက်ရောင်တံစဉ်က

ကြောက်မက်ဖွယ်အရှိန်အဝါများ
ဖြာထွက်လာခဲ့သည်။ တစ်ချိန်တည်းမှာပင်
ပတ်ဝန်းကျင်ရှိ
အာကာသဟင်းလင်းပြင်သည်ပင်
တုန်ခါလာသည်။

ကုန်းလျန်က သူမ၏အနက်ရောင်တံစဉ်ကို
ဖြည်းညှင်းစွာ မြှောက်ကာ ယန်ယွဲ့ကို ညွှန်ပြပြီး
"နင်က အရမ်းသန်မာတယ်။ အခု
နင့်ရဲ့ရဲ့ခွန်အားကိုအပြည့်မသုံးသေးတာ
ငါသတိထားမိတယ်။ ငါနဲ့အဆင့်တူတဲ့
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်က

ဘယ်လောက်တောင် အားကောင်းလဲဆိုတာ ငါ တကယ်ပဲ သိချင်နေတယ်!”

ထိုအချိန်တွင် ဝူရန်ကျုံးက ယန်ယွဲ့ရှေ့သို့ရောက်လာပြီး သံမဏိဓားတစ်ချောင်းကို ဆွဲထုတ်လိုက်ရင်း "သေမင်းနတ်ဘုရားကုန်းလျှန်! မင်းထက်အဆင့်နိမ့်တဲ့ လူတစ်ယောက်ကို အနိုင်ကျင့်တာက ရှက်စရာမဟုတ်ဘူးလား။ ငါ့ရဲ့ပျော့ပျောင်းသောဓားကို မင်းမြင်ချင်နေတာမဟုတ်လား။ ငါ မင်းကို အခုချက်ချင်း တွေ့ခွင့်ပြုလိုက်မယ်!”

စကားပြောပြီးသည်နှင့် ဝူရန်ကျုံးက
ကုန်းလျှန်၏ စကားပြန်ကိုပင် မစောင့်ဘဲ
သူ၏ဓားကို ရိုးရှင်းသောပုံစံဖြင့်
ရှေ့သို့လှမ်းပိုင်းလိုက်သည်။

အလွန်ရိုးရှင်းသောတိုက်ခိုက်မှုဖြစ်ကာ လုံးဝကို
သာမန်ရိုးစင်းပါသည်။
မည်သည့်ထူးခြားမှုတစ်စုံတစ်ရာမျှ
မပါဝင်သလိုသာထင်ရ၏။

သို့သော်လည်း ဓားချက်က ကုန်းလျန်၏
အမူအရာကို သိသိသာသာပင်
ပြောင်းလဲသွားစေသည်။

"မင်းရဲ့ဓားနည်းစနစ်က မဆိုးပါဘူး!" ယန်ယဲ့က
ခေါင်းညိတ်လိုက်ပြီး မန်ဘကို
တရှုတ်တိုက်ဆွဲရင်း ရှေ့ဆက်သွားသည် ။
သူက ခြေလှမ်းအနည်းငယ်လှမ်းပြီး
ရုတက်တရက်ရပ်လိုက်ကာ ဝူရန်ကျုံး နှင့်
တိုက်ခိုက်နေသော ကုန်းလျန်ကို စိုက်ကြည့်ရင်း
"မင်းအသက်ရှင်ရင်
ငါ့ခွန်အားကိုသက်သေပြခွင့်ပြုမယ်!"

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့က
ကုန်းလျှန်ကို ဂရုစိုက်မနေတော့ဘဲ
မြို့တံခါးဆီသို့ ဆက်လျှောက်သွားသည်။

သူ့နောက်မှလိုက်လာသော
ရှေးဟောင်းဓားကျောင်းမှ တပည့်များသည်
ယန်ရီနောက်သို့ မလိုက်မီ
ဝူရန်ကျုံးဆွဲယူလာသော အလောင်းကို
အမြန်ယူသွားကြသည်။

"မင်းဘယ်လိုသတ္တိရှိလဲ! မင်းက ငါ့ရဲ့တာအိုအမိန့်တော်ကို အရှက်ခွဲဝံ့သလား။" ရုတ်တရက် အဝေးကနေ အဖြူရောင်ဝတ်ရုံလူငယ်တစ်ယောက် ပြေးလာခဲ့သည်။ သို့သော်လည်း ဓားစွမ်းအင်ကြိုးတစ်ချောင်းက သူ့ကို နှစ်ခြမ်းခွဲလိုက်သဖြင့် ယန်ယဲ့အနားကိုပင် မရောက်လိုက်ပေ။

"ယန်ယဲ့!" ဖန်မုန့်က ထိတ်လန့်သွားပြီး ယန်ယဲ့ ဆီကို အမြန်ပြေးသွားလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ယန်ယဲ့၏

ပါးစပ်ထောင့်မှ သွေးများ
စိမ့်ထွက်နေသောကြောင့်ပင်။

ယန်ယဲ့က ခေါင်းခါပြီး "စိတ်ပူစရာ မလိုပါဘူး၊
ဒါက အသေးအဖွဲ့ကိစ္စပဲလေ။ မှန်ပါတယ်၊
အဲဒီအလောင်းတွေပေါ်က
သိုလှောင်လက်စွပ်တွေကို ဖယ်ဖို့ သတိရပါ။
ဒါတွေအားလုံးက ရတနာတွေပဲ!”

"နင်...တကယ်အဆင်ပြေရဲ့လား" ဖန်မုန့်က သူမ
ဘယ်လိုပင်ကြည့်ကြည့် ယန်ယဲ့ဟာ

အဆင်မပြေမနေပါဘူး။ သူမက ရင်ထဲ စို့နင့်လာပြီး မျက်နှာပေါ် မျက်ရည်များ စီးကျလာပါတော့သည်။

"စိတ်မပူပါနဲ့ ငါ့အကန့်အသတ်ကို ငါသိပါတယ်!" ယန်ယဲ့က ပြုံးလိုက်ပြီး သူ့နောက်က ရှေးဟောင်းဓားကျောင်းတော်၏ တပည့်တစ်ဦးကို ကြည့်ပြီး "ဂိုဏ်းတူအစ်ကို၊ အဲဒါတွေကို ဆွဲထုတ်ရတာ နည်းနည်းတော့ ဒုက္ခရောက်မှာ မဟုတ်ဘူးလား။ ကြိုးတစ်ချောင်းနဲ့ သူတို့ရဲ့အလောင်းတွေကို

တွဲချည်ရင်ကော ဘယ်လိုလုပ်မလဲ။
မလွယ်ဘူးလား?"

"ငါက လင်းရှောင် ပါ!" ထိုလူငယ်က
ဆက်ပြောလိုက်၏။ “ဂိုဏ်းတူညီယန်ယွဲ့! မင်း
ဒါကို လုပ်ချင်တာ သေချာလား”

ယန်ယွဲ့က ခေါင်းညိတ်လိုက်ပြီး
"ဟုတ်ပါတယ်!"

လင်းရှောင်က ခေါင်းမညိတ်ခင် ယန်ယဲ့ကို အချိန်တော်တော်ကြာသည်ထိ လေးလေးနက်နက်စိုက်ကြည့်နေခဲ့သည်။

အချိန်အနည်းငယ်ကြာပြီးနောက်တွင် မန်ဘကလွဲ၍ တာအိုအမိန့်တော်မှ အခြားတပည့်များ၏အလောင်းများက အသားသီတံကဲ့သို့ တွဲချည်ခံလိုက်ရသည်။

ထိုကဲ့သို့သော မြင်ကွင်းကြောင့် ပတ်ဝန်းကျင်ရှိ လူတိုင်းလည်း အံ့အားသင့်သွားခဲ့ကြသည်။

"သူက တာအိုအမိန့်တော်ကို လုံးလုံးအရှက်ခွဲဖို့ ရည်ရွယ်ထားတာလား။ သေချာတယ်....

ယန်ယဲ့ နဲ့ တာအိုအမိန့်တော်ကြားမှာ ပြန်ပြီးသင့်မြတ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး။"

ထိုအချိန်တွင် ယန်ယဲ့သည် မန်ဘာကို တရွတ်တိုက်ဆွဲပါ မြို့တံခါးဆီသို့ လျှောက်သွားနေပြီး လင်းရှောင်ကတော့

အလောင်းများချည်ထားသော ကြိုးကိုကိုင်ကာ
သူ့နောက်ကနေ လိုက်လာခဲ့သည်။

ယန်ယဲ့သည် ယခင်ကဲ့သို့ပင်
တည်ငြိမ်အေးဆေးသည့်
အသွင်အပြင်သာရှိနေတော့သည်။
သို့သော်လည်း လင်းရှောင်နှင့် အခြားသူများ၏
နှလုံးသားထဲတွင် လှိုင်းထန်သော လှိုင်းလုံးများ
ထွက်ပေါ်လာသည်။

ရှေးဓားကျောင်းတော်နှင့်
တာအိုအမိန့်တော်သည် အကြိမ်ပေါင်း
မရေမတွက်နိုင်သော တိုက်ပွဲများ
ဖြစ်ပွားခဲ့ကြသည်။ တိုက်ပွဲများ ဖြစ်လိုက်တိုင်း
နှစ်ဖက်စလုံးမှ တပည့်များသည် တစ်ဖက်ကို
တစ်ဖက် အစုလိုက်အပြုံလိုက် သတ်ဖြတ်ကာ
အရှုံးပေးခဲ့လေ့ရှိကြသည်။ သို့သော်လည်း
တာအိုအမိန့်တော်က ဤကဲ့သို့
အရှုံးကြွခြင်းခံရသည်မှာ
ပထမဆုံးအကြိမ်ဖြစ်သည်။

ဤအခိုက်အတန့်တွင် သူတို့၏စိတ်ထဲတွင် စိုးရိမ်ပူပန်မှုသည် သူတို့ခံစားခဲ့ရသည့် ပျော်ရွှင်မှုနှင့် စိတ်လှုပ်ရှားမှုထက် များစွာကြီးမားခဲ့သည်။အဘယ်ကြောင့်ဆိုသော် အနည်းငယ်သောအများသည် ရှေးဟောင်းဓားကျောင်းတော်နှင့် တာအိုအမိန့်တော်ကြား၌ မဟာစစ်ပွဲကြီး ဖြစ်စေနိုင်သောကြောင့်ပင်။

အကယ်၍ ပလက်တီနမ်အဆင့် မဟာဂိုဏ်းကြီး ၂ ခုသာ စစ်ဖြစ်ပါက စီရင်စုတစ်ခုလုံးအပေါ် ကြီးမားသော သက်ရောက်မှုရှိမည်ဖြစ်သည်။

"ရှေးဟောင်းဓားကျောင်းတော်။ မင်းတို့က သေလမ်းရှာနေတာ။" ရုတ်တရက် အဝေးမှလူအုပ်ဆီက နောက်ထပ်အသံတစ်ခု ထွက်ပေါ်လာပြီးနောက် ပုံရိပ်တစ်ခုဟာ ယန်ယွဲ့၏အဖွဲ့ဆီသို့ ခုန်ဝင်လာခဲ့သည်။

"ဓား!" ယန်ယွဲ့က သူ့လက်ကို ဝှေ့ယမ်းလိုက်ရာ လူအုပ်ထဲမှ ဓားတစ်ချောင်းပျံတက်လာပြီး သူ့လက်ထဲရောက်လာသည်။ ထို့နောက် စူးရှသောဓားအလင်းတန်းတစ်ခု လင်းလက်သွားသည်။

ဓားက အပိုင်းပိုင်းကွဲကြေသွားပြီး
အလင်းတန်းများ တောက်ပလာကာ
သေခြင်း၏အငွေ့အသက်များပင်
ဖြာထွက်လာခဲ့သည်။

ခဏအကြာတွင်တော့ အလောင်းတစ်လောင်း
မြေပြင်ပေါ် ပြုတ်ကျလာကာ ကြိုးဖြင့်
ထပ်မံတွဲချည်ထားလိုက်သည်။

တာအိုအမိန့်တော်၏ တပည့်အများအပြား
ဆက်တိုက် ထွက်လာကြသော်လည်း အားလုံး
အလောင်းများချည်းသာ ဖြစ်သွားရသည်။

အဖြူရောင်ဝတ်ရုံ၊ အနက်ရောင်ဝတ်ရုံ၊
အနီရောင်ဝတ်ရုံတပည့်များစွာရှိနေခဲ့သည်။
အဆုံးသတ်တွင် ၎င်းတို့အားလုံးဟာ ကြိုးဖြင့်
တွဲချည်ထားခံရသည့်အလောင်းများသာ။

ဤအခိုက်တွက် ကြိုးနှင့်ချည်ထားသည့်
အလောင်း ၄၀ ကျော်လောက်ရှိနေပါပြီ။

အားလုံးက တာအိုအမိန့်တော်၏
တပည့်များပင်။

...

အချိန်တော်တော်ကြာပြီးနောက်တွင် ယန်ယဲ့ ဦးဆောင်သော ရှေးဟောင်းဓားကျောင်းတော်၏ တပည့်များက မြို့တံခါး သို့ ရောက်လာကြသည်။

ယန်ယဲ့သည် လင်းရှောင်ကို လှည့်မကြည့်ခင်
မန်ဘကို မြေပြင်ပေါ် ချထားလိုက်ပြီး
"ဂိုဏ်းတူအစ်ကိုလင်း၊ ငါ့ကို ရမက်ဆန္ဒသားရဲ
တစ်ဒါဇင်ကျော်ရအောင် ကူညီပေးပါ!"

လင်းရှောင်၏ အမူအရာသည် အနည်းငယ်
ပြောင်းလဲသွားသည်။ သူက မန်ဘကို
တစ်ချက်ကြည့်လိုက်ပြီးနောက် ပြန်မပြောခင်
လေးလေးနက်နက် တွေးတောကာ
"ဓားတစ်ချက် လွှဲလိုက်ရုံပဲလေ။ အဲဒါအတွက်
တကယ်ကို မလိုအပ်ဘူး!"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး “ဒါက သူ့ကို လွယ်လွယ်နဲ့ လွှတ်လိုက်တာ။ ငါသူ့ကို သတ်ပစ်ချင်လွန်းလို့ပဲ… သူ ငါ့ကို စော်ကားနိုင်တယ်။ ဒါပေမဲ့ သူက ငါ့မိတ်ဆွေတွေကို စော်ကားတဲ့အတွက် သူ့ကို သေဖို့တောင် ခက်ခဲအောင် ငါလုပ်မယ်။ သူက ငါ့မိတ်ဆွေတွေကို အရှက်ခွဲမယ်လို့ ပြောခဲ့တာမဟုတ်လား? အခု ငါက သူ့ခံစားချက်ကို ကိုယ်တိုင်ကိုယ်ကျ ခံစားခိုင်းလိုက်မယ်။”

ဤစကားကိုကြားလိုက်သောအခါ
နောက်ဆုံးတွင် မန်ဘ၏မျက်လုံးထဲ၌
ကြောက်လန့်မှုများပေါ်လာသည်။

လင်းရှောင်က ယန်ယွဲ့ကို ခဏလောက်
စိုက်ကြည့်ပြီးနောက် ခေါင်းညိတ်ကာ
ထွက်သွားသည်။

ယန်ယွဲ့သည် ကြိုးအဆုံးဆီသို့
လျှောက်သွားပြီးနောက် ဖမ်းကိုင်လိုက်ကာ
မြို့ရိုးပေါ်သို့ ခုန်တက်လိုက်သည်။ ထို့နောက်

ကြိုးတစ်ဖက်စကို ကိုင်၍ မြို့ရိုးနှင့်
ကပ်ချည်လိုက်၏။

ထိုကဲ့သို့ပင် သူက
သိုင်းပညာနှလုံးသားမြို့တော်၏ မြို့ရိုးပေါ်တွင်
အလောင်းတစ်လောင်းစီကို ချိတ်ဆွဲထားသည်။

ထိုအချိန်တွင် လင်းရှောင်က ပြန်ရောက်လာပြီး
ရမက်ဆန္ဒသားရဲ တစ်ဒါဇင်ကျော်ကို
သူနှင့်အတူ ယူဆောင်လာခဲ့သည်။

ယန်ယဲ့က မြေပေါ်မှာ လဲကျနေသည့် မန်ဘကို ညွှန်ပြလိုက်၏။ ရမက်ဆန္ဒသားရဲများက ကျယ်လောင်စွာဟိန်းဟောက်ကြပြီး မန်ဘဆီကို ပြေးဝင်သွားသည်။

ဒီအချိန်မှာ ယန်ယဲ့က ခေါင်းမော့ပြီး ကောင်းကင်ကို မျှော်ကြည့်ရင်း "မင်းရဲ့ တာအိုအမိန့်တော်က စိတ်လှုပ်ရှားစရာကောင်းတဲ့ ကစားပွဲမျိုး မကစားချင်ဘူးလား။ လာ.... ကစားရအောင်!"

"ကောင်းပြီ ငါတို့ မင်းနဲ့ ကစားမယ်!" ကောင်းကင်ထက်မှ အသံတစ်သံ ထွက်ပေါ်လာသည်။

သိုင်းသူတော်စင်တစ်ယောက်၏ အေးစက်စက်သတ်ဖြတ်ချင်စိတ်အပြည့် အသံပါ။

အသံသည် လေထဲတွင် ပဲ့တင်ထပ်လာသည့်နောက် မန်ဘာ နှင့် ရမက်ဆန္ဒသားရဲတစ်ဒါဇင်ကျော်က

အသံတစ်သံမျှပင် မထွက်ဘဲ ချက်ချင်း
ပျောက်ကွယ်သွားသည်။

အားလုံး အသတ်ခံလိုက်ရခြင်းပင်။

ထူးဆန်းသော စွမ်းအင်ပုံစံဖြင့် ၎င်းတို့ကို
သတ်ဖြတ်လိုက်ခြင်း ဖြစ်သသည်။
သူတို့သေသွားရုံတင်မကဘဲ
သူတို့၏စိတ်ဝိညာဉ်များပင် လုံးလုံးလျားလျား
ဖျက်ဆီးခံလိုက်ရသည်။

“ရှေးဟောင်းဓားကျောင်းတော်က တကယ်ပဲ
ထူးချွန်ထက်မြက်တဲ့
တပည့်ကောင်းတစ်ယောက် ရခဲ့တယ်။
ဒါပေမယ့် ကစားပွဲက အခုမှ တရားဝင်စတာ။”
အသံသည် ကောင်းကင်မှ ဖြည်းညှင်းစွာ
ထွက်ပေါ်လာသည်။

###Book.59